www.burmeseclassic.com



BURMESE CLASSIC .com

နွေမိုးဆောင်းစာပေ

# နေမင်းရောင်ခြည်

မရဏာလိုက်ခေါင်း

graphic designed by YuWa

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၅၈၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၂၀၅၀၉

**ပုံနှိပ်ခြင်း**

ထုတ်ဝေသည့်လ - ၂၀၀၉ ခုနှစ်၊ ဇွန်လ
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
တန်ဖိုး - ၈၀၀ ကျပ်
အုပ်ရေ - ၅၀၀
မျက်နှာဖုံး - အောင်နိုင်

**ထုတ်ဝေသူ**

ဦးကျင်ဝမ်(၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ၊ အမှတ်(၆၅)၊
ဗွာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးအတွင်းပုံနှိပ်သူ**

ဒေါ်ခင်နွဲ့(မြ-၀၆၅၆၇)၊ နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ်(၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃

နေမင်းရောင်ခြည်
မရဏလိုက်ခေါင်း/နေမင်းရောင်ခြည်၊-ရန်ကုန်၊
နွေမိုးဆောင်းစာပေ၊ ၂၀၀၉၊
၂၀၀-စာ၊ ၁၂ x ၁၈ စင်တီ၊
(၁) မရဏလိုက်ခေါင်း

BURMESE CLASSIC .com



## ပါဝင်သောအခန်းများ

- ချောက်ချားမှုဓါးနိဒါန်း
- လူပျောက်ကြော်ငြာ
- လက်ကောက်တစ်ကွင်းကောက်ရခြင်း
- လိုက်ခေါင်းစောင့်တစ်ဦး
- ဒုတိယအကြိမ် လူပျောက်မှု
- လက်ကောက်ပြန်တောင်းသူ
- အယောင်ဆောင်သရဲ
- ထူးဆန်းသောလူသေမှု
- မဖိတ်ခေါ်ဘဲ ရောက်လာသောဧည့်သည်
- ရထားပေါ်မှအဖြစ်အပျက်တစ်ခု
- ရှိန်းဆိုသောည
- မရဏလိုက်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



# ချောက်ချားမှု၏နိဒါန်း

"ထိုနေ့သည်
ဂျာသီဥတုအလွန်ဆိုးဝါးနေသော
နေ့တစ်နေ့ဖြစ်ပြီး
စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သော
နေ့တစ်နေ့လည်းဖြစ်ပါသည်"

နွေမိုးဆောင်း တပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ရာသီဥတုဆိုးဝါးသောနေ့တစ်နေ့ဖြစ်သည်။ မိုးနှင်းများသည် ဖွဲဖွဲကျနေ၏။ အချိန်မှာ နေ့လည်သုံးနာရီခန့်သာရှိသေးသော် ည်း လောကတစ်ခွင်သည် အုံ့ဆိုင်းလျက် နေဝင်ဆည်းဆာအချိန် ယ်အလင်းရောင်နည်းလျက်ရှိသည်။ တောင်ကုန်းတောင်တန်း များသောအရပ်မို့ သာမန်အချိန်များမှာပင်လျှင် ညနေလေးနာ ခန့်တွင် နေရောင်သည် တောင်တန်းများနောက်သို့ ဝင်ရောက် ကွယ်သွားစမြဲဖြစ်ရာ ယနေ့လို မိုးကြီးအုံ့၍ မဲမှောင်နေသော ရှိုးတွင် ပတ်ဝန်းကျင်သည်ပို၍ အလင်းရောင်နည်းပါးကာ မြတိတ်ဆိတ်လျက်ရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နောင်ပိန်ဘူတာလေးသည် လေး–လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသော ဘူတာငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်သည်။ ကျောက်မဲ၊ သီပေါစသော ဘူတာကြီးများနှင့် နှိုင်းစာလျှင် အတော်ပင်လူခြေနည်း၍ ခေါင်လှသော တောဘူတာရုံကလေးတစ်ခုသာဖြစ်သည်။ နောင်ပိန်ဘူတာကလေးသည် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးရှိရာ ဂုတ်ထိပ်ဘူတာနှင့် စခမ်းသာဘူတာကြားတွင်တည်ရှိသည်။ မန္တလေးဘက်မှလာလျှင် ပေပေါင်း (၁၁၀၀)နက်သော ဂုတ်ထိပ်ချောက်ကမ္ဘာကြီးကို ဖြတ်သန်းတည်ဆောက်ထားသည့် ဂုတ်ထိပ်တံတားကြီးကို ကျော်လွန်ခုတ်မောင်းလာပါက တောင်ကွေ့တောင်ပတ်လမ်းများအတိုင်း နာရီဝက်ခန့်ရထားစီးမိလျှင် နောင်ပိန်ဘူတာကို ရောက်ပါမည်။ ဂုတ်ထိပ်တံတားနှင့် နောင်ပိန်ဘူတာကြားတွင်တော့ တောတောင်လျှိုမြောင်များရှိပြီး ထိုအထဲတွင် ကျောက်တောင်ကြီးများကို ထွင်းဖောက်ထားသော လိုဏ်ခေါင်းကြီးနှစ်ခုကိုလဲ အံ့သြဘနန်းတွေ့ရမည်ဖြစ်သည်။ လိုဏ်ခေါင်းကြီးများမှာ မဲမှောင်ရှည်လျားလှပြီး လှိုဏ်ခေါင်းထဲသို့ ရထားဝင်ရောက်သွားသည်နှင့် ရထားတွဲအတွင်း ပြင်ပအလင်းရောင်ပျောက်ကာ မှောင်မဲသွားပြီး တစ်မိနစ်သာသာကြာမှ လှိုဏ်ခေါင်းတစ်ဖက်သို့ရောက်ပြီး ပြင်ပအလင်းရောင်ကိုမြင်ရ၏။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အလင်းရောင်အင်မတန်မှေးမှိန်၍ ရာသီဥတုဆိုးဝါးနေသောနေ့တစ်နေ့တွင် တောင်ကြားလမ်းတစ်နေရာ၌ မီးရထားလမ်းအတိုင်း လူနှစ်ဦးလမ်းလျှောက်လာ၏။ နှစ်ဦးစလုံးမှာ ချမ်းအေးလှသဖြင့် စကားမပြောနိုင်ကြဘဲ ခြေ





လှမ်းများကိုသာ ခပ်သွက်သွက်လှမ်း၍ ဇလီဖားတုံးခင်းထားသောလမ်းအတိုင်း လျှောက်လာကြသည်။ သူတို့နှစ်ဦးကို အနီးကပ်သေသေချာချာကြည့်မှ အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ဦးနှင့် အသက်ကိုးနှစ်ခန့်ကောင်လေးတစ်ယောက်ဖြစ်ကြောင်း တွေ့နိုင်သည်။ သူတို့သည် ရထားလမ်းတစ်ဖက် မြေနိမ့်လွင်ပြင်ထဲရှိ နမ့်လင်းခေါင်ရွာကလေးမှ ဖြစ်သည်။ မြို့တက်၍ ဈေးရောင်းပြီး ရွာသို့ခြေလျင်ပြန်လာကြခြင်းဖြစ်သည်။ အခြားရွာသားများ သူတို့အရင်ပြန်သွားကြပြီဖြစ်သော်လည်း ပါလာသော ခြံထွက်ဟင်းသီးဟင်းရွက်များကို ကုန်အောင်စောင့်ရောင်းနေသဖြင့် အပြန်နောက်ကျနေခြင်းဖြစ်သည်။ ကလေးဖြစ်သူသည် ဘောလုံးတစ်လုံးကို လက်ဖြင့်ပုတ်၍ ဆော့ကစားရင်း လမ်းလျှောက်လာ၏။ မိခင်ဖြစ်သူက လမ်းလျှောက်လာရင်း ကျွတ်ထွက်တော့မလိုဖြစ်သော လက်ကောက်ကလေးကို လက်ဖြင့်ပြန်ဆွဲတင်လိုက်သည်။ နောက်တစ်ခေါက်မြို့သို့သွားမှ ပန်းထိမ်တွင် လက်ကောက်ကိုပြန်၍ ကျဉ်းရဦးမည်။ ရွှေးနဲ့စာဖြင့် စုဆောင်းထားသောတစ်ခုတည်းသော ရွှေတိုငွေစကလေးဖြစ်သည်။

လူသူဟူ၍မမြင်ရသည့် တောလမ်းခရီးမို့ စိတ်ထဲဝယ်အနည်းငယ်စိုးထိတ်မိသော်လည်း သွားနေကျလမ်းဖြစ်၍ မစိုးရွံ့ဘဲ သွက်သွက်သာခရီးနှင်မိသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေပြီး သူတို့သားအမိလမ်းလျှောက်လာသော ခြေသံများကိုသာ တဖျပ်ဖျပ်ပြန့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၍ ကြားယောင်မိသည်။ ခြေသံတဖျပ်ဖျပ်က တစ္ဆေတစ်ကောင် နောက်မှလိုက်လာသလိုလို ဘာလိုလို ထင်ယောင်မှားစေသည်။ ကျောထဲမှ စိမ့်ခနဲဖြစ်သွားသဖြင့် အားတင်းကာ ဆက်လျှောက်လာခဲ့သည်။ အဖော်တွေနှင့်ခွဲ၍ပြန်လာတာ မှားများမှားပြီလားဟု ပထမဆုံးအကြိမ် နောင်တတွေးတွေးမိပြန်သည်။

အတွေးနှင့်လျှောက်လာရင်း ကျောက်တောင်လိုဏ်ခေါင်းကြီးနားသို့ရောက်လာ၏။ သူ့သားလေးက သူ့ထက်ပို၍ ခြေလှမ်းမြန်သည်။ သူ့ရှေ့ဝါးသုံးရိုက်ခန့်အကွာကိုပင် ရောက်နေချေပြီ။ မိုးရထားသံလမ်းသည် ဒုတ်ခနဲတစ်ချက်လှုပ်သွားသလိုရှိသည်။ သားလေးကို လှမ်းကြည့်လိုက်သည်။ သားကလိုဏ်ခေါင်းရှိရာသို့ ရှေးရှု၍ ဖလီဖားတုံးများအတိုင်း လျှောက်သွားနေဆဲပင်ဖြစ်သည်။ သားလေးမှားနေပြီ။ သူတို့ရွာသို့ သွားသောလမ်းမှာ လိုဏ်ဂူထဲသို့ဝင်စရာမလို ... လိုဏ်ဂူအဝသို့မရောက်မီ ဝါးတစ်ရိုက်ခန့်တွင် ရထားလမ်းမှ ညာဖက်သို့ခွဲဆင်းသွားသော ခြေသွားလမ်းကလေးရှိသည်။ ကလေးက ဒီနေ့မှ ဘယ်လိုဖြစ်ပြီး ရှေ့တည့်တည့်သို့ဆက်သွားနေသည်မသိ။

"သားရေ လူလေး ... ပြန်လာခဲ့ ... ဒီဘက်ကသွားရမှာ"

သူ့အော်သံကို ကလေးကမကြား။ ရထားဥသြသံလိုအရာတစ်ခုက ဖုံးလွှမ်းသွားသည်။ သံလမ်းများသည်ပို၍ တုန်ခါလာ၏။

"သားရေ ... ပြန်လာခဲ့ ... ရပ်လိုက် ... ရပ်လိုက် ... မသွားနဲ့"





အော်ရင်းဟစ်ရင်း ကလေးရှိရာသို့ သူပြေးသွားသည်။ ကလေးသည် သူ့အမေကိုလှည့်ကြည့်လိုက်ပြီး ပြေးလာသောမိခင်ကိုသူကိုကြည့်ကာ မည်သို့သဘောပေါက်နားလည်သည်မသိ မည်းမှောင်နေသော လိုဏ်ခေါင်းထဲသို့ တရှိန်ထိုးပြေးဝင်သွားတော့သည်။

ရထားခုတ်မောင်းလာသံကို ကြားရသည်။

အန္တရာယ်၏ ရနံ့ကို ကြိုတင်ရိပ်စားမိသော မိန်းမသည် သူ့သားဝင်သွားသော လိုဏ်ခေါင်းထဲသို့ အားကုန်ပြေးဝင်ကာလိုက်၏။

ရထားသံက ပိုပိုကျယ်လောင်လာသည်။

"သား မပြေးနဲ့ ပြန်လာခဲ့"

"အား"

"အမလေး"

ကလေးတစ်ယောက်၏ အထိတ်တလန့် အော်ဟစ်သံ၊ မိန်းမတစ်ယောက်၏ သွေးရူးသွေးတန်းဟစ်ကြွေးသံတို့ကို တဂျုံးဂျုံးခုတ်မောင်းလာသော ရထားသံက ဖုံးလွှမ်းသွား၏။

ထိုနေ့သည် ရာသီဥတုအလွန်ဆိုးဝါးနေသော နေ့တစ်နေ့ဖြစ်ပြီး စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သောနေ့တစ်နေ့လည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ခြောက်လခန့်ကြာ သော နေ့တစ်နေ့တွင်ဖြစ်သည်။ နောင်ပိန်ဘူတာကလေးသည် ယခင်အခါများလိုပင် အေးချမ်းတိတ်ဆိတ်လျက်ရှိပါသည်။ သို့သော် ရထားဝင်ကာနီးပြီဖြစ်သဖြင့် ခရီးသည်တို့သည် လက်မှတ်အရောင်း ကောင်တာတွင် လက်မှတ်ဝယ်သူကဝယ် ဘူတာတွင် လက်ဖက်ရည် ဆိုင်ကလေးတွင် ရေနွေးကြမ်းနှင့်တို့ဟူးနွေးကိုမြည်းရင်း ရထား စောင့်သူကစောင့်၊ ဘူတာဝင်းထဲတွင် လမ်းလျှောက်ရင်း ရထားလာ မည့် ဘက်သို့မျှော်သူမျှော်၊ ခုံတန်းလျားတွင်ထိုင်၍ ရပ်စောင့်သူက စောင့်ဖြင့် လှုပ်လှုပ်ရှရှဖြစ်လျက်ရှိသည်။

ဆရာမလေးသက်ထားခင်နှင့် သူ၏ညီမဖြစ်သူ သဲစုကျော် တို့သည်လည်း အခြားခရီးသည်များလိုပင် ဘူတာဝင်းထဲတွင်ရပ်၍





ာင့်နေကြသည်။ မန္တလေးဘက်မှ လာသောအမှတ်–၁၃၁ (အဆန်)ရထား မကြာမီ နောင်ပိန်ဘူတာသို့ ဝင်တော့မည်။ ဤ ထားဖြင့် သူတို့ညီအစ်မနှစ်ဦး ကျောက်မဲဘူတာသို့ လိုက်ပါကြ ည်ဖြစ်သည်။ သူတို့ညီအစ်မနှစ်ဦးနေသည်မှာ နောင်ပိန်ရွာကလေး ၌ဖြစ်သည်။ အစ်မဖြစ်သူ သက်ထားခင်သည် ကျေးရွာမူလတန်း ကျောင်းကလေးတွင် ဆရာမတစ်ဦးဖြစ်သော်လည်း အသက် (၂၀) န့်သာရှိသေးသည်။ အဝေးသင်တက္ကသိုလ်မှဘွဲ့ရပြီးပြီးချင်း ဆရာမ အလုပ်ကို သူနေထိုင်ရာဇာတိဒေသတွင်ပဲ ဝင်၍လုပ်ကိုင်ခဲ့ခြင်းဖြစ် သည်။ သက်ထားခင်သည် အသားဖြူဖြူ အရပ်မနိမ့်မမြင့် ကိုယ်လုံး ပြည့်ဖြိုး၍ အစဉ်သဖြင့် ပြုံးချိုသော မျက်နှာရှိ၏။ ဆံပင်မှာ အလွန် မင်းရှည်လျားခြင်းမရှိ ပုခုံးပေါ်ဝဲကျနေရုံသာရှိသည်။ အလွန် မင်းလှသည်ဟုမဆိုနိုင်သော်လည်း အသားအရေလှပ၍ ရိုးသား စင်သော မျက်နှာပြုံးပြုံးကလေးမှာ မြင်ရသူအပေါင်း၏ ဘဝင်ကို အေးချမ်းသွားစေတတ်သော ဆွဲဆောင်မှုရှိသည့် ရုပ်ရည်မျိုးဖြစ် သည်။

သူ၏ညီမကလေး သဲစုကျော်မှာ အသက်ကိုးနှစ်သာရှိသေး ပြီး စတုတ္ထတန်းတွင် ပညာသင်ကြားနေသူဖြစ်သည်။ အစ်မဖြစ်သူ သက်ထားမင်၏ကျောင်းမှာပင် ပညာသင်ရသော်လည်း သက်ထား ခင်က သူငယ်တန်းမှ နှစ်တန်းအထိကို တာဝန်ယူသင်ပြရပြီး အခြား ဆရာမတစ်ယောက်က ကိုးတန်းနှင့်လေးတန်းကိုသင်ပြရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ညီအစ်မနှစ်ဦးကျောင်းသို့အတူသွားအတူပြန်ကြသော်လည်း ဆရာတပည့်တော့ မဖြစ်ခဲ့ကြပေ။ ယနေ့လည်း ကျောင်းမှစောစော ဆင်းလာကြကာ ဘူတာရုံ၌ ရထားလာစောင့်နေကြသည်မှာ ကျောက်မဲပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတင်ထားရသော နာတာရှည် ရောဂါသည် မိခင်ကြီးကို သွားရောက်ကြည့်ရှုရန်အတွက်ဖြစ်သည်။

သူ့အမေ ဒေါ်ဖွားခင်မှာ ရင်ကြပ်ပန်းနာရောဂါအခံရှိသဖြင့် မကြာခဏဆေးခန်းပြ၍ ကုသမှုခံရလေ့ရှိရာ ဤတစ်ခါတွင်တော့ ဆရာဝန်က ဆေးရုံတက်၍ ကုသမှ စိတ်ချရမည်ဆိုသဖြင့် ဆေးရုံ တင်ထားရခြင်းဖြစ်သည်။ သူတို့ညီအစ်မနှစ်ဦးမှာ ကျောင်းကိစ္စနှင့် မအားလပ်သောကြောင့် ဆေးရုံတွင်အမြဲတမ်းလူနာစောင့်မလုပ်နိုင် ဘဲ ဆွေမျိုးနီးစပ်တော်သော အဒေါ်ကြီးတစ်ယောက်ကို အကူအညီ တောင်းကာ လူနာစောင့်ခိုင်းရလေသည်။ သူတို့ကမူ စနေ၊ တနင်္ဂနွေ နေ့များတွင် နောင်ပိန်မှ ကျောက်မဲသို့ သွားရောက်၍ မိခင်ကြီးကို ကြည့်ရှုစောင့်ရှောက်လေ့ရှိကြသည်။ သူတို့ဖခင်မှာမူကား သူတို့ ငယ်ရွယ်စဉ်ကပင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ပြီ။

ဘူတာ၌ သူတို့ညီအစ်မနှစ်ဦးရပ်နေကြစဉ် သူ့ညီမလေး သဲစုကျော်နှင့် သက်တူရွယ်တူလောက်ရှိသော အသက်ကိုးနှစ်ခန့် ကောင်လေးတစ်ယောက်သည် ဘောလုံးလေးကို ကိုင်ကာ လျှောက် လာ၏။

"ဟဲ့ ထွန်းထွန်း ... နင်ဘယ်သွားမလို့လဲ"





သဲစုကျော်က ထွန်းထွန်းဆိုသော ကောင်လေးကို နှုတ်ဆက် သည်။ သူ့အစ်မသက်ထားခင်ဘက်သို့လည်း လှည့်၍

"မမ ဒါ ညီမလေးတို့ အတန်းထဲက ထွန်းထွန်းလေ" ဟု မိတ်ဆက်ပေးလိုက်ပြန်သည်။ ထွန်းထွန်းဟုခေါ်ခံရသော ကောင် လေးက

"ငါဟာ ခုနက ဟိုဘက်ခြုံပုတ်နောက်နားက ဒီဘောလုံးလေး ကောက်တွေ့လို့ ဆော့နေတာ ... အရူးမလိုလို သရဲလိုလို မိန်းမ တစ်ယောက် ဖြုန်းခနဲပေါ်လာပြီး ... နင့်ကို ငါခေါ်ရတော့မယ်လို့ ပြောပြီး လိုဏ်ခေါင်းထဲကို ပြေးဝင်ပြီးပျောက်သွားတယ် ... အန်တီ ဆရာမ ... သားတကယ် သေရတော့မှာလားဟင်"

"ပေါက်ပေါက်ရှာရှာကလေးရယ် ... အကောင်းကြီးက ဘာ ကြောင့် သေရမှာလဲ ... သွားသွား ... အိမ်ပြန်ချေ ..."

"သူတို့က ရွာအပြင်ကုန်းပေါ်မှာနေတာ ..." ဟု သဲစုကျော် ကဝင်ဖြေသည်။

"အေးအေး ... လျှောက်မသွားနဲ့ ကိုယ့်အိမ်ကို ကိုယ်ပြန်ချေ" ဟု ဆရာမ သက်ထားခင်က ဆုံးမစကားပြောလိုက်သည်။

ထွန်းထွန်းဆိုသောကောင်လေးသည် ဘောလုံးကိုမြေကြီး ပေါ်သို့ချကာ ကန်လည်းကန် ပြေးလည်းပြေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



တောလမ်းကလေးအတိုင်း ထွန်းထွန်းပြေးသွားသည်ကို အဝေးမှကြည့်နေသူတစ်ဦးရှိ၏။ ထိုသူမှာ မှောင်ရိပ်ကျနေသော သစ်ပင်များနောက်မှကြည့်နေခြင်းဖြစ်ရာ ရုပ်ရည်ကိုသဲ့ကွဲစွာ မမြင်ရသော်လည်း ကလေးတစ်ဦးဖြစ်ကြောင်း ထင်ရှား၏။ အဝေးမှကြည့်နေသော ကလေးသည်လည်း ယောကျ်ားလေးတစ်ဦးဖြစ်သည်။ ရပ်ကြည့်နေသော ကလေးက

"ငါ့ဘောလုံး ပြန်ပေး" ဟု ခပ်တိုးတိုးရေရွတ်လိုက်သည်။ ထူးဆန်းသည်မှာ ထိုမှောင်ရိပ်ထဲမှ ကလေးက ခပ်တိုးတိုးတစ်ကိုယ်ရေပြောဆိုလိုက်သံသည် ဟိုအဝေးမှာရှိနေသော ထွန်းထွန်းနားထဲတွင် အနားမှာကပ်၍ပြောလိုက်သံ ကြားလိုက်ရလေသည်။

"ငါ့ ဘောလုံး ပြန် ပေး"





ထွန်းထွန်းလေးသည် လူမမြင်ရဘဲ အသံသာကြားနေရသဖြင့် ထူးဆန်းသည်ဟုဆိုကာ ဟိုဟိုသည်သည်ကြည့်လိုက်သည်။ ထိုအခါ ဟိုဝေးဝေးခပ်လှမ်းလှမ်းရှိ မီးရထားသွားရန်ဖောက်ထားသော ဥမင်လိုဏ်ခေါင်းအဝင်ဝတွင် မတ်တပ်ရပ်၍ သူ့ကိုကြည့်နေသော ကလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။ ထိုကလေးသည် စကားမပြောဘဲ မလှုပ်မယှက် သူ့ကိုစိုက်ကြည့်နေသော်လည်း ထွန်းထွန်း၏နားထဲတွင်

"လာခဲ့ လာခဲ့ ငါ့ကို ဘောလုံးလာပေးလှဲ့" ဟုပြောနေသယောင် ထင်မှတ်နေမိသည်။ ကလေးဖြစ်၍ ကြောက်ရလန့်ရမှန်းလဲ မသိပေ။

ထို့ကြောင့် ကောင်လေးရှိနေသော လိုဏ်ခေါင်းဘက်သို့ လျှောက်လာမိခဲ့လေသည်။ သူ့အနားသို့ရောက်သောအခါ လိုဏ်ခေါင်းဝ၌ စောစောကတွေ့ခဲ့သောကောင်လေးကို မတွေ့ရတော့ပေ။

သို့သော် လိုဏ်ခေါင်းအတွင်းတစ်နေရာ၌ ငိုသံရှိုက်လိုစကားပြောသံလိုလို ... လမ်းလျှောက်သံလိုလို အသံများကိုကြားရ၏။

ဘောလုံးကလေးကိုပိုက်ကာ သူလိုဏ်ခေါင်းအတွင်းထဲသို့ ဝင်လာခဲ့၏။ အထဲမှာ မှောင်မည်းတိတ်ဆိတ်နေပြီး သူ့ခြေသံကို သူ့အကျယ်ကြီးပြန်ကြားရသည်။ တဖြည်းဖြည်းနှင့် ထွန်းထွန်းလေးသည် ထိတ်လန့်တုန်လှုပ်လာ၏။

တရွေ့ရွေ့နှင့် ဆက်လျှောက်လာခဲ့သောအခါ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုးတဝါးဝယ် မီးရထားလမ်းပေါ်၌ သူ့ကိုကျောပေးကာ မတ်တပ်ရပ်နေသော ကောင်လေးတစ်ယောက်ကိုတွေ့ရသည်။ စောစောက ဂူအပြင်၌ သူတွေ့ခဲ့သော ကောင်လေးဖြစ်သည်။ ကောင်လေးက သူ့ကိုလှည့်မကြည့်ဘဲ ရှိုက်ကာ ရှိုက်ကာ ငိုနေ၏။ အနားသို့ မဝံ့မရဲ သူတိုးကပ်သွားသည်။

ဖြူနီးခနဲ

ရုတ်တရက်

ကောင်လေးက သူ့ကိုလှည့်ကြည့်လိုက်သည်။ ထိတ်လန့်စရာကောင်းသော ကောင်လေး၏မျက်နှာကိုမြင်ရသဖြင့် လာရာလမ်းအတိုင်း လိုဏ်ဂူအပေါက်ဆီသို့ သူပြန်ပြေးသည်။

သို့သော် လိုဏ်ဂူအပေါက်ဝမရောက်မီလမ်း၌ လူတစ်ယောက်သည် သူ၏ထွက်လမ်းကို ပိတ်ကာ မတ်တပ်ရပ်နေ၏။ အလင်းရောင်ပြောင်းပြန်ထိုးနေသဖြင့် ရုပ်ကိုသိပ်ပြီး သဲသဲကွဲကွဲ မမြင်ရ။

အမျိုးသမီးကြီးတစ်ယောက်ဟူ၍ကား သိနိုင်လေသည်။ အမျိုးသမီးက သူ့ထံသို့ တရွေ့ရွေ့လျှောက်လာ၏။

သူ့ဒူးများ တဆတ်ဆတ်တုန်လာပြီး ညွတ်ခွေပျော့ကျသွားသည်။

မှောင်ထဲမှာ လက်တစ်ဖက်က သူ့ကိုဆွဲကိုင်လိုက်သည်။





# လူပျောက်ကြော်ငြာ

"မိန်းမကြီးတစ်ယောက်က
သူ့နောက်ကိုလိုက်နေသလိုပဲတဲ့
နွားကျောင်းတဲ့ သူကလဲ သူ့နွားပျောက်လို့
လိုက်ရှာတာ ... လိုဏ်ဂူနားကလျှိုထဲမှာ
သရဲချောက်ခံရသတဲ့"



www.burmeseclassic.com

www.burmeseclassic.com









ဆေးရုံသို့ သူတို့ညီအစ်မရောက်တော့ အမေက အားရဝမ်းသာကြိုဆိုသည်။

"သမီးကြီးနဲ့ သမီးငယ် လာကြ"

"မေမေ သက်သာလား"

"ဒီလိုပါပဲအေ ... " ဟုမေမေက သူ့ထုံးစံအတိုင်း ပြုံးပြီးစကားပြန်သည်။ လူနာစောင့်လုပ်ပေးနေသော အဒေါ်ဝမ်းကွဲတော်စပ်သူ ဒေါ်လှမြိုင်က

"ရာသီဥတုအေးရင်တော့ နဲနဲအသက်ရှူကြပ်ချင်တယ် ညကတောင် ရင်တွေကြပ်ပြီး အသက်ရှူရတာမဝလို့ အောက်ဆီဂျင်ပေးရသေးတယ်"

အမေက အားတုံ့အားနာမျက်နှာမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"မလှမြိုင်ရယ် ... ကလေးတွေ စိတ်ပူအောင် ဘာလို့လျှောက်ပြောရတာလဲ ဒီလောက်လဲ မဟုတ်ပါဘူး ... အမေသက်သာပါတယ် သမီးတို့ရယ် အင်း ... ငါ့သမီးတွေလဲ တစ်ဒုက္ခ အလုပ်ကတစ်ဖက် ... ကျောင်းကတစ်ဖက် ဒီကြားထဲ နောင်ပိန်နဲ့ ကျောက်မဲကိုသွားချည်ပြန်ချည်နဲ့ ဒုက္ခများလှပါတယ် ... ရထားစီးရတာရောအဆင်ပြေရဲ့လား ..."

"ပြေပါတယ်အမေ ... ရထားက အစုန်နှစ်စီး အဆန်နှစ်စီး တစ်နေ့ကို လေးစီးပုံမှန်လာပါတယ်"

ရထားအကြောင်း စကားစပ်မိရာမှ သဲစုကျော်က သူ့အစ်မသက်ထားခင်မျက်နှာကို ကွက်ကြည့်ကွက်ကြည့်လုပ်ကာ

"အစ်မ ... သမီး ဟိုအကြောင်း ပြောလိုက်ရမလား" ဟုမေးလိုက်၏။

"နင်ကလဲဟယ် အမေ့ကို တောက်တီးတောက်တဲ့တွေ ပြောတော့မယ်"

သူတို့စကားကြောင့် မိခင်ဖြစ်သူက စိတ်ဝင်စားသွားပြီး

"ဘာအကြောင်းလဲဟဲ့ ... အမေ့ကိုပြောပါစေ"

သဲစုကျော်ဆိုသောကောင်မလေးက ခွင့်ပြုမိန့်ရသွားသဖြင့် စိတ်အားထက်သန်စွာနှင့်

"အမေသိလား ... ဘူတာနားက တောထဲမှာလေ လိုဏ်ခေါင်းကြီးက သရဲချောက်တယ် အမေရဲ့ ဟိုတလောက ရထားတိုက်





တဲ့ သူတွေက မကျွတ်ဘူးတဲ့"

"ပေါက်ပေါက်ရှာရှာ သမီးရယ် ... အဲဒီလိုဏ်ခေါင်းကြီးက အမေတို့ ငယ်ငယ်ထဲက ဖြတ်သွားဖြတ်လာဆော့ကစားလာတဲ့နေရာပါ ... ဘာသရဲမှ မရှိပါဘူး"

"အမေကလဲ အရင်က သရဲမရှိပေမယ့် အခုရှိတယ် သမီးနယ်ချင်းထွန်းထွန်းတောင် အခြောက်ခံရတယ် မိန်းမကြီးတစ်ယောက်က သူ့နောက်ကိုလိုက်နေသလိုပဲတဲ့ နွားကျောင်းတဲ့ ပုဖူးကတဲ့ သူ့နွားပျောက်လို့ လိုက်ရှာတာ လိုဏ်ဂူနားက လျှိုထဲမှာ သရဲချောက်ခံရသတဲ့"

"သူတို့ဟာတွေက ကလေးအချင်းချင်းကြောက်ကြောက်နဲ့ပြောတဲ့ ယုံတမ်းစကားတွေပါ အမေ ... ဘာမှလဲ မယ်မယ်ရရ သက်သေသက်ကာယရှိတာတွေ မဟုတ်ပါဘူး"

"မမပြောလိုက်ရင် ဒီလိုချည်းပဲ မယုံသက်ာနဲ့ ဒါကြောင့် မမကိုမပြောချင်တာ" ဟု သဲစုကျော်က နှုတ်ခမ်းကိုစူ၍ ပြော၏။ အမေက သူ့သမီးစိတ်ကောက်နေပုံကို သဘောကျစွာ ခေါင်းကိုပွတ်၍ ...

"အေးပါ ... ငါ့သမီးပြောတာကို အမေယုံပါတယ် ... သမီးရော ... အဲဒီလိုဏ်ခေါင်းကြီးဘက်ကို မသွားနဲ့နော် ..."

"သမီးမသွားပါဘူး မေမေရဲ့ ကြောက်ပါတယ် ဒါပေမဲ့ သမီးတို့အတန်းထဲက ဇင်မာမျိုးကပြောတယ် သရဲနဲ့တွေ့ရင် ဂါထာရွတ်လိုက်ရင် သရဲပျောက်သွားမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား သမီးရဲ့ ဂါထာက ဘယ်လိုတဲ့လဲ"

"လွယ်လွယ်လေးပါ အမေရဲ့"

"ဉ ဟဲ့ သရဲ

ငါ့အီးစား သွား" လို့အသက်အောင့်ပြီး သုံးခါအော်ရမတဲ့

သဲစုကျော်စကားကြောင့် သက်ထားခင်ရော ဒေါ်ဖွားခင်ရေ

လူနာစောင့် ဒေါ်လှမြိုင်ရော အားရပါးရပြုံးတူရယ်မောမိကြသည်

"သမီး ဂါထာက တော်တော်ကောင်းတာပဲ အစွမ်းထက်မှ

ကျိန်းသေတယ်" ဟု ဒေါ်ဖွားခင်က သူ့သမီးအကြိုက်ကိုလိုက်

ပြောလိုက်၏။

"မနက်ဖြန်ကျ သမီးတို့ပြန်ရင် အမေ့အဝတ်တွေလျှော်စရာ

တွေ ပေးလိုက်နော် ... သမီးအမေစားဖို့ ငါးပိကြော်လဲယူလာတယ်"

"ငါ့သမီးလဲ ပင်ပန်းလှပါပြီ"

"ရပါတယ် အမေရယ် ဒီလောက်လဲ မဟုတ်ပါဘူး သမီးလုပ်

နိုင်ပါတယ်"

"သာဓု ... သာဓု ... သာဓု ငါ့သမီးကြီးရော သမီးလေးရော

ကျန်းမာချမ်းသာကြပါစေ ... အန္တရာယ်ခပ်သိမ်းမှ ကင်းဝေးပါစေ"





နောက်တစ်နေ့နေလည်ရထားဖြင့် နောင်ပိန်သို့ပြန်ရောက်

သောအခါ ဘူတာရုံ၌ ထူးဆန်းသော ကြော်ငြာတစ်ခုကို သူတို့ညီအစ်

မနှစ်ဦး တွေ့ရ၏။

ကြော်ငြာမှာ လူပျောက်ကြော်ငြာတစ်ခုဖြစ်ပြီး ဘူတာရှေ့

ဓာတ်တိုင်တွင်စာရွက်ဖြင့် ကပ်ထားရာ လူအများဝိုင်းအုံကြည့်ရှုနေ

ကြသည်။ သက်ထားခင်နှင့်သဲစုကျော် ညီအစ်မနှစ်ဦးလည်း လူအုပ်

နှင့်ရောနှောကာ ကြော်ငြာစာရွက်ကို ဖတ်ကြည့်လိုက်သည်။

"လူပျောက်ကြော်ငြာ"

"စတုတ္ထတန်းကျောင်းသား မောင်ထွန်းထွန်း ဤနေ့ရာတစ်

ာက်တွင် ပျောက်ဆုံးသွားသည်။ တွေ့ရှိက အကြောင်းကြားပေး

သွားဆောင်ဖျားယောင်းသူကို ဥပဒေအရ အရေးယူခံရမည်"



www.burmeseclassic.com

www.burmeseclassic.com



ဟုရေးသားထားသည်။

သဲစုကျော်က ကြော်ငြာကိုဖတ်ကြည့်ပြီး

"ဟာ့င် အဲဒါ မနေ့က ဘူတာမှာတွေ့ခဲ့တဲ့ သမီးသူငယ်ချင်း ပဲ"

ဟု တအံ့တသြ ပြောသည်။

"ဟုတ်တယ် မမ မှတ်မိတယ် ဘောလုံးလေးကိုင်ထားတဲ့ ကောင်လေး မဟုတ်လား"

"ဟုတ်တယ် မမ ... သူကဘာဖြစ်လို့ ပျောက်သွားတာလဲ ဟာ့င် သူ့ကို ဘယ်သူကခေါ်သွားတာလဲ ... သမီးသိပြီ မနေ့ကတင် သူပြောတယ်လေ ... သရဲလိုလို မိန်းမကြီးက နင့်ကိုငါခေါ်ရတော့ မယ်လို့ပြောတယ်ဆို ... သူ့ကို သရဲကဖွတ်ထားလိုက်ပြီ ထင်တယ် မမ ..."

"မဖြစ်နိုင်ပါဘူး ညီမလေးရယ် ... သရဲက လူကို ကိုယ်ထိ လက်ရောက်လုပ်လို့ မရပါဘူးဟယ် ... သူ့ဘာသာ ခြေဦးတည့်ရာ လျှောက်သွားပြီး အိမ်ပြန်မလာသေးတာနေမှာပါ ... မနက်ဖြန် လောက်ကျ ပြန်ရောက်လာမှာပေါ့"

"မမ တကယ်ပြောတာလား သူတကယ်ပြန်လာမှာလား ဟင်"

"တကယ်ပေါ့ ညီမလေးရယ် သူပြန်လာမှာပါ"

"ပြန်မလာရင်ကောဟင်"



ထိုစကားကိုတော့ သက်ထားခင်မဖြေတတ်ပါ ... သက်ပြင်း တိုသာဟူးခနဲ မှုတ်ထုတ်မိသည်။ အဖြေကိုမူကား မပေးမိ။ ပေး လည်းမပေးနိုင်။

ထွန်းထွန်းလေးကိစ္စမှာ သူပြောသလောက်မလွယ်ကူမှန်း သူ့ စိတ်ထဲကသိနေသည်။ သို့သော် ညီမလေးကြောက်မှာစိုးသဖြင့် နှုတ် ကတော့ ဘာမှဖွင့်မပြောမိချေ။



www.burmeseclassic.com

www.burmeseclassic.com



# လက်ကောက်တစ်ကွင်းကောက်ခြင်း

"တစ်ခါတစ်ရံ သူတို့နောက်မှ လူတစ်ယောက်က
ချောင်းမြောင်း ကြည့်ရှုနေသလို
တစ်ခါတစ်ရံ သူတို့နောက်သို့
တစ်စုံတစ်ရာက ထပ်ချပ်မကွာ လိုက်နေသလို
ခံစားရသည်"

နွေမိုးဆောင်း တလေ

www.burmeseclassic.com

www.burmeseclassic.com









အောင်ကျော်သူနှင့် ခိုင်တိုးဇော်သည် အသက်နှစ်ဆယ်ခန့် လူငယ်များဖြစ်သည်။ သူတို့နေထိုင်သည်က မီးရထားသံလမ်း၏ အနိမ့်ပိုင်းတွင်တည်ရှိသော နန်းသဲရွာ။ သို့သော် သူတို့နှစ်ယောက် လုံး၏ချစ်သူရည်းစားများကား နောင်ပိန်ရွာမှဖြစ်သည်။ ထို့ကြောင့် လူငယ်တို့သဘာဝချစ်သူရည်းစားတို့၏ မျက်နှာကိုမြင်ရရန် သုံးမိုင် ခန့်ဝေးကွာသောခရီးကို တောအုပ်အားဖြတ်၍ နေ့စဉ်လာခဲ့ကြသည် သာဖြစ်သည်။

ယနေ့လည်း စကားတစ်ပြောပြောနှင့်လျှောက်လာကြရာ ခြက်ပင်ရှည်များပေါက်ရောက်နေသော ကိုင်းတောစပ်သို့ရောက် လာ၏။ ဤကိုင်းတောကိုလွန်လျှင် သရဲချောက်သည်ဟု နာမည် ကြီးသော မရဏလိုဏ်ခေါင်းသို့ရောက်တော့မည်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မရဏလိုဏ်ခေါင်းဆိုသည့်အမည်မှာ အမည်ရင်းမဟုတ်၊ ငိုကြော ရှည်သောကလေးများကို အငိုတိတ်စေရန် ချောက်လှန့်ပြောရာမှ အများသူငါက ထိုက်ခေါ်ကြသော နာမည်ပြောင်ဖြစ်သည်။ သူတို့ ရွာကလေး၌ မည်မျှအငိုသန်သောကလေးဖြစ်စေ–

"အငိုမတိတ်သေးဘူးလား မရဏလိုဏ်ခေါင်းထဲက သရဲကို သွားခေါ်လိုက်ရမလား" ဟုပြောလိုက်သည်နှင့် ကလေးများအား လုံး တိခနဲနေအောင်အငိုတိတ်ခဲ့ကြသည်ချည်းဖြစ်သည်။ ဟုတ်သည် မဟုတ်သည်အပထား လူကြီးများ၏ ချောက်လုံးလှန့်လုံးအိပ်ယာဝင် ပုံပြင်များကြောင့် ဘယ်သူမှ ဤလမ်းကိုတစ်ယောက်တည်းမဖြတ် သန်းဝံ့တာတော့ အမှန်ဖြစ်သည်။

သူတို့နှစ်ယောက်လည်း ကြောက်ကြောက်နှင့် မကြောက်ချင် ယောင်ဆောင်ကာ ကုပ်ချောင်းချောင်းနှင့်လျှောက်လာခဲ့ကြသည်။ တစ်ခါတရံ သူတို့နောက်မှ လူတစ်ယောက်က ချောင်းမြောင်းကြည့် ရှုနေသလို တစ်ခါတရံ သူတို့နောက်သို့ နာနာဘာဝလော၊ လူပင်လေ လောမသိရသည့် တစ်စုံတစ်ရာက ထပ်ချပ်မကွာလိုက်နေသလို ခံစားရသည်။ အောင်ကျော်သူသည် သွားနေရာမှ ရုတ်တရက်ခြေ လှမ်းကိုရပ်၍ နားစွင့်၏။

"ဘာလဲကွ ... ဘာလဲဟေ့ကောင်"

ဟုကြောက်တတ်သော ခိုင်တိုးဇော်က အသံတုန်တုန်ဖြင့် မေး ၏။





"ဘာမှမဟုတ်ပါဘူးကွာ ... နောက်ကလိုက်လာတဲ့ ခြေသံ ...ြားသလားလို့ပါ"

"ဘာမှ မကြားပါဘူးကွ ... မင်းထင်လို့ပါ"

"အေးကွာ ... ဒါဆိုလည်း ပြီးတာပဲ ကဲ သွားကြစို့"

ဤနေရာတွင် ခြေသွားလမ်းမှာ နှစ်လမ်းခွဲသွား၏။ ...စ်လမ်းက မီးရထားလမ်းရှိရာ ဥမင်လိုဏ်ခေါင်းထဲမှ ဖြတ်သွား ...သာလမ်းဖြစ်သည်။ ဤလမ်းက ခရီးတိုသည်။ တောင်ကို ခွဲဖောက် ...ှင်းထားသဖြင့် ဖြတ်လမ်းသဖွယ်ဖြစ်သည်။ သို့သော် ဤလိုဏ် ...ခေါင်းလမ်းကို ဟိုယခင်ခြောက်လခန့်က ရထားမတော်တဆမှု၌ လူ ...သဆုံးပြီးကတည်းက လူအတော်များများက ဖြတ်သွားဖြတ်လာ ...လုပ်တော့ ... မီးရထားလမ်းပေါ်၌ ဖြတ်သွား၍ ရထားတိုက်ခံရ ...င် မီးရထားဥပဒေအရ အတိုက်ခံရသူကိုပြန်၍ တရားစွဲ၊ အရေး ...ခံရနိုင်သည်။ ဘေးကင်းရန် ကင်းတောင်ခါးပန်းကိုပတ်၍သာ ...ားကြတော့သည်။ ထိုသို့သွားလျှင် ဆယ်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခန့် ...၍အချိန်ကြာသည်။ ဒါပေမဲ့ ရွာသားများက ထိုလမ်းသစ်မှပဲသွား ...ည်။ နောက်တစ်ကြောင်းကတော့ ဤနေရာတစ်ဝိုက် အထူးသဖြင့် ...ဏ်ခေါင်းထဲ၌ သရဲချောက်သည်ဟု ထင်မြင်ကြ၍ဖြစ်သည်။

အောင်ကျော်သူနှင့် ခိုင်တိုးဇော်သည် သရဲကြောက်သူများ ...သော်လည်း လူငယ်တို့ဘာဝ ကြောက်သည်ဟု ဝန်မခံလိုသူများ ...သည့်အပြင် မိနစ်နှစ်ဆယ်ခန့်စော၍ ရည်းစားကိုတွေ့လိုခြင်းဟူ



www.burmeseclassic.com

www.burmeseclassic.com



သော သမီးရည်းစားအရေး၌ ရဲတတ်သူများဖြစ်သဖြင့် နှစ်ဦးသား မတိုင်ပင်ရဘဲ လိုဏ်ခေါင်းထဲသို့ဝင်ခဲ့ကြလေသည်။

လိုဏ်ခေါင်းထဲသို့ အတော်ခင်ခဲ့မိလျှင် ပထမဆုံးကြားရသော အသံမှာ ရထားတစ်စီး ခုတ်မောင်းလာသောအသံဖြစ်သည်။ ရထား လာပြီဟုထင်၍ သူတို့နှစ်ဦး ကပျာကယာလိုဏ်ခေါင်းနံရံကို ကျော နှင့်တသားတည်းကျအောင် ကပ်ထားလိုက်တော့သည်။ သို့သော် မည်သည့်ရထားမှ ရောက်မလာပါ။ အသံများသာကြားရပြီး ထူးဆန်းစွာပင် ရထားသံမှာ ပျောက်ကွယ်သွားတော့သည်။

လိုဏ်ခေါင်းထဲသို့ ဆက်လျှောက်လာမိကြသည်။ ဒုတိယ ကြားရသောအသံမှာ ကလေးတစ်ယောက်၏ငိုသံဖြစ်သည်။ ရှိုက်၍ ရှိုက်၍ ငိုလိုက်သော ကလေးတစ်ယောက်၏ငိုသံက ဝမ်းနည်းထိတ် လန့်ဖွယ်ကောင်းလှသည်။ ဤတစ်ကြိမ်တွင်တော့ သူတို့ခြေလှမ်း များကိုမရပ်ဘဲ ခပ်သုတ်သုတ်ဆက်လျှောက်လာခဲ့ကြသည်။ ဤ အခါတွင်တော့ သူတို့နှစ်ဦးစလုံး၏ စိတ်၌ မတိုင်ပင်ရဘဲ တူညီစွာ ဆုံးဖြတ်မိသောအရာမှာ အပြန်လမ်းတွင် ဤလိုဏ်ဂူထဲမှ မပြန် တော့ဘဲ တောင်ပေါ်လမ်းမှပဲ သွားတော့မည်ဟူသောအချက်ဖြစ် သည်။

ခပ်သုတ်သုတ်လျှောက်မိလျှင် စက်ဝိုင်းပုံထွန်းလင်းနေသော လိုဏ်ခေါင်းဝသို့ရောက်၏။ ရောက်ခါနီးမှ စိတ်ကလောသောကြောင့် အပြေးတစ်ပိုင်းထွက်ခဲ့ရာ အောင်ကျော်သူသည် မှောင်ထဲ၌ မမြင် [ရသော ကျောက်တုံး]မ်းနှင့် ခလုပ်တိုက်မိကာ ရှေ့သို့လေးငါးလှမ်း ယိုင်ထိုးယိုင်ထိုး ဖြစ်သွားပြီး ဂူပေါက်ဝ၌ ဝမ်းလျားမှောက်ပစ်လဲသွား၏။

ကံဆိုးခြင်းလော၊ ကံကောင်းခြင်းလောမသိ သူလဲကျသွားရာ နေရာမှ မျက်နှာနှင့် တည့်တည့်မြေကြီးခဲအောက်မှ အဝါရောင်အရာ ဝတ္ထုတစ်ခု၏ အစိတ်အပိုင်းကိုတွေ့ရှိသဖြင့် မြေကြီးခဲကိုဖယ်ပြီး ရွှေရောင်တောက်နေသော အရာလေးကို သူကြည့်လိုက်သည်။

"ဟာ လက်ကောက်လေးတစ်ကွင်းဟ ... ရွှေလက်ကောက် လေးဖြစ်ရမယ် ... မှန်းစမ်း သေသေချာချာပွတ်ကြည့်လိုက်မယ် ... ဟုတ်တယ်ဟေ့ ... ပိုင်တာပဲ ... ငါ့ကောင်မလေး မိုးမြတ်မြတ်မိုးကို လက်ဆောင်ပေးရမယ် ဟီးဟီး ..."

ဟုအောင်ကျော်သူက ဝမ်းသာအားရဆိုသည်။ ခိုင်တိုးဇော် သည်း အောင်ကျော်သူ့အနားသို့လာ၍ လက်ကောက်ကိုကြည့်ရှု၏။

"ဘယ်သူ့ပစ္စည်းလဲတော့ မသိဘူး ဒါပေမဲ့ မင်းနဲ့ထိုက်လို့ရ တာ မင်းယူလိုက်ပေါ့"

သူတို့နှစ်ယောက် ထိုသို့ပြောနေစဉ် လိုဏ်ဂူထဲမှ ခြေသံတ ဖျပ်ဖျပ်ကြားလာရသည်။

ဇလီဖတ်တုံးပေါ်တွင် တစ်စုံတစ်ယောက်ကလျှောက်လာ သံမျိုးဖြစ်သည်။ မှောင်ထဲမှာမို့ လူကိုတော့မမြင်ရ ခြေသံက သူတို့ရှိ ရာဆီသို့ ဦးတည်၍ လာနေသံမျိုးဖြစ်သည်။

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ရုတ်ခနဲ အားကုန်သုတ်၍ ဂူထဲမှ ပြေးထွက်လာ
မိကြလေတော့သည်။





"လက်ကောက်လေးကလှသားပဲ ဘယ်ဆိုင်ကဝယ်လာတာလဲ"

မိုးမြတ်မြတ်မိုးက သူ၏ချစ်သူအောင်ကျော်သူပေးသော လက်ကောက်လေးကိုလှည့်ပတ်ကြည့်ရှုရင်း ခပ်ရွှဲရွှဲအမူအယာဖြင့် မေးလိုက်သည်။

"မိန်းမတစ်ယောက်လာရောင်းတာနဲ့ ဝယ်လိုက်တာလေ ... မိုးကိုလက်ဆောင်ပေးချင်တာနဲ့ အလုပ်လုပ်ပြီး စုထားတဲ့ပိုက်ဆံနဲ့ ဝယ်လိုက်တာပါ"

"တော်တော်ပေးရမှာပဲနော် ... တစ်မတ်သားလောက်တော့ ရှိမယ်"

"ဒီလက်ကောက်ကတန်ဖိုးမသေးပေမယ့် ကိုယ်ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကိုတော့ မမီပါဘူး မိုးရယ်"

"အမယ် ရှင်က ဒါမျိုးလဲပြောတတ်သားပဲ"

"ပြောတတ်ရုံတင်မဟုတ်ဘူး ... လက်တွေ့လဲရတယ် ကဲ ရှုတ် ..."

"ဟယ် ... လူလည်ကြီးဖယ်ပါ ... ဟိုမှာ ညိုညိုလွင်နဲ့ နိုင်တိုးဇော် မြင်သွားဦးမယ်"

"မြင်မြင်ပေါ့ သူတို့လဲ သူတို့ကိစ္စနဲ့ သူတို့ ရှုပ်နေကြမှာပါ"

"ဟွန်း လူဆိုး"





# လိုဏ်ခေါင်းစောင့်တစ်ဦး

"ရထားမလာမီ နာရီဝက်လောက်ကြိုတင်၍ လိုဏ်ခေါင်းအတွင်း ဓာတ်မီးနှင့်ဝင်ကြည့်ရာ အမျိုးသမီးတစ်ယောက် သူ့ကိုကျောပေး၍ ရပ်နေတာ တွေ့လိုက်ရသည်"



www.burmeseclassic.com

www.burmeseclassic.com







တကယ်တော့ တောသူတောင်သားများမှာ အကြောက်လွန်နေတာကတစ်ကြောင်း၊ ဗဟုသုတနည်းတာကတစ်ကြောင်းမို့ သတိထားမိသော်လည်း အမှန်စင်စစ် ဤဥမင်လိုဏ်ခေါင်းဝ၌ ရထားအဝင်အထွက်လမ်းရှင်းမရှင်းကို စောင့်ကြပ်အချက်ပြရန် မြန်မာ့မီးရထားမှ ဝန်ထမ်းတစ်ဦးကို တာဝန်ချထားပါသည်။ သူက ဂုတ်ထိပ်ဘူတာဘက်မှလာလျှင် အရင်တွေ့ရသော လိုဏ်ခေါင်းအဝင်ဝအနီးကိုက်ငါးဆယ်ခန့်တွင် ကင်းရုံလေးတစ်ခုဖြင့် နေ့နေပါသည်။ သူ၏ကင်းရုံကလေးအနီးတွင် မီးရထားအလံတိုင်ရှိပြီး ရထားတစ်စီးလာနေလျှင် အလံချိုးအချက်ပြ၍ လမ်းကြောင်းရှင်းကြောင်းအချက်ပြပေးပြီး အခြားလိုဏ်ခေါင်းတစ်ဖက်မှ အလံကိုတော့ ရထားလာနေကြောင်းအချက်ပြသည့်အနေဖြင့် မချိုးဘဲ ဒီအတိုင်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရထားနှစ်စင်းသည် လိုဏ်ခေါင်းထဲ၌ မဆုံတွေ့နိုင်တော့ပေ။ တကယ်တော့ ဤလိုဏ်ခေါင်း၏ တစ်ဖက်တစ်ချက်တွင်ရှိသော ဘူတာရုံနှစ်ခုမှ သူ့ကင်းရုံကလေးထဲသို့ (ကြေးနန်း)ဖြင့် ရထား အဝင်၊ အထွက်ကို အမြဲသတင်းပေးနေသဖြင့် တစ်ဖက်ဘူတာမှ လိုဏ်ခေါင်းရှိရာသို့ ရထားတစ်စီးထွက်လာသည်နှင့် ဆန့်ကျင်ဖက် ဘူတာရုံမှ ရုံပိုင်ကြီးက သူ့ဘူတာမှပင် အခြားတစ်ဖက်မှ ရထားကို တားထားရုံပဲဖြစ်သည်။ တကယ်တော့ မတော်တဆမှု မဖြစ်စေရန် ဤသို့စနစ်တကျ လုပ်ဆောင်ရခြင်းဖြစ်သော်လည်း ဤလိုဏ်ခေါင်း၌ ရထားနှစ်စီးဆုံရန် အခွင့်အရေးနည်းပါးလှပါသည်။ ရထားများသည် ဂုတ်ထိပ်၊ နောင်ချို၊ ကျောက်မဲ၊ စသောဘူတာကြီးများတွင်သာ ရပ်တန့်၍ အစုန်ရထားနှင့်အဆန်ရထားရှောင်လေ့ရှိကြသည်။

သူ၏တာဝန်နောက်တစ်ခုမှာ ဥမင်လိုဏ်ခေါင်းထဲသို့ ရထားဖြတ်သွားသည့်အချိန်တွင် လိုဏ်ခေါင်းထဲ၌ လူနှင့်တိရစ္ဆာန်များရှိမနေရန် စောင့်ကြပ်ကြည့်ရှုဖို့ဖြစ်သည်။ ဤလမ်း၌ဖြတ်သွားသော ပြင်ဦးလွင် – လားရှိုး အစုန်၊ အဆန်ရထားနှစ်စီး၊ မန္တလေး – လားရှိုး အစုန်၊ အဆန် ရထားနှစ်စီး စုစုပေါင်းလေးစီးမှာ နေ့ခင်းဘက်အချိန်များတွင်သာ ဖြတ်သန်းသွားလေ့ရှိရာ သူ့တာဝန်မှာ ဤရထားလေးစီးကုန်လျှင် ညဘက်တာဝန်မရှိတော့သောကြောင့် နောင်ပိန်ဘူတာဝင်းထဲရှိ လူပျိုဆောင်သို့ပြန်၍ နေရန်သာရှိတော့သည်။ တကယ်တော့ သူ့အလုပ်သည် အနည်းငယ်ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော





အလုပ်တစ်ခုဖြစ်ပါသည်။ သို့သော် ဖွဲမြင့်မိုရ်သည် ဤအလုပ်ကို စိတ်ပါ၍လုပ်နေခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက မီးရထားများကို သူသဘောကျနေသည်။ လူတွေ အန္တရာယ်ကင်းကင်း၊ ဘေးရှင်းရှင်းသွားချင်သောနေရာသို့ ပို့ဆောင်ပေးရသောအလုပ်ကို သူနှစ်သက်ခဲ့သည်။ တကယ်တော့ သူသည် သူတစ်ပါးကို ကူညီတတ်သောစိတ်ရင်းကောင်းသည့် လူငယ်တစ်ဦးသာဖြစ်သည်။

ကင်းရုံလေးထဲတွင်ထိုင်ရင်း ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်ရှုလိုက်သည်။ လေသည် တသုန်သုန်တိုက်ခတ်လျက်ရှိသည်။ တောင်ကုန်းတောင်တန်းထူထပ်သောအရပ်မို့ ကြည့်လေရာရာ မြင်လေရာရာမှာ တောင်ကုန်းများ၊ ချိုင့်ဝှမ်းများ၊ တောင်ပူစာများ၊ လျှိုကြီးများ၊ ချောက်ကြီးများ၊ ကျောက်ကမ္ဘားကြီးများဖြင့်သာ ပြည့်နှက်လျက်ရှိတော့သည်။ မြို့ပြနှင့်ဝေးကွာသောအရပ်မို့ လူသံ၊ ကားသံ၊ အသံချဲ့စက်သံ စသည်တို့ကိုမကြားရ။ ကျေးငှက်ကလေးတို့ အော်မြည်သံ၊ လေညင်းကြောင့် သစ်ကိုင်းသစ်ခက်အချင်းချင်းဖြည်းညင်းစွာ ရိုက်ခတ်သံ ခပ်ဝေးဝေးမှ ပျံ့လွင့်လာသော ချွေးဟောင်းသံသံ့သံ့ စသော သဘာဝအသံများကိုသာ ကြားရသည်။ တောင်ယာမီးရှို့ရာမှထွက်လာသော မီးခိုးတလူလူကို ခပ်လှမ်းလှမ်းတွင်တွေ့မြင်ရသည်။

သူသည်ယခင်က ဒီဘူတာမှမဟုတ်။ သီပေါဘူတာမှ သူ့အား လာရေးဘက်ဆိုင်ရာ ဝန်ထမ်းဖြစ်သည်။ လွန်ခဲ့သော ခြောက်လပခန့်



www.burmeseclassic.com

www.burmeseclassic.com



က ဤဥမင်လိုဏ်ခေါင်းထဲဝယ် မိန်းမတစ်ယောက်နှင့်ကလေးတစ်ယောက် မတော်တဆရထားတိုက်ခံရဖြစ်ပွားပြီးနောက် အလုပ်နှင့်မသက်ဆိုင်သူများ ရထားလာချိန်၌ ဥမင်လိုဏ်ခေါင်းအတွင်း ရှိမနေစေရန် သူ့ကိုပြောင်းရွှေ့တာဝန်ချထားခြင်းဖြစ်သည်။ ထိုစဉ်က ရထားတိုက်ခံရသော ကလေးမှာပွဲချင်းပြီး သေဆုံးသွားပြီး မိခင်ဖြစ်သူမှာ ဒဏ်ရာပြင်းထန်သဖြင့် ကျောက်မဲပြည်သူ့ဆေးရုံကြီးသို့ တင်ပို့လိုက်ရသည်ဟု ကြား၏။ ဒေသခံမဟုတ်သဖြင့် သူလဲအဖြစ်အပျက်ကိုတိတိကျကျ မသိချေ။ ဤဒေသမှ လူများမှာလည်း ထိုအကြောင်းကိုမေးလျှင် ဂဃနဏမဖြေချင်ကြ။ ကျက်သရေမရှိသလို နိုက်တတ်သလို၊ မပြောဝံ့၊ မဆိုဝံ့သလို ပုံစံမျိုးဖြင့် အမျိုးမျိုးလှီးလွှဲပြောတတ်ကြသည်။ ထိုမိန်းမသည် ဆေးရုံမှာပဲ သေသလိုလို ... အိမ်ပြန်ရောက်မှပဲ ဆုံးသလိုလို အမျိုးမျိုးပြောနေတတ်ကြသည်။ အချို့ကလဲ ထိုမိန်းမသည် ဆေးရုံပေါ်မှ ထူးဆန်းစွာပျောက်ဆုံးသွားသည်ဟုဆိုကြသေးသည်။ ကြာတော့ ဘယ်သူ့စကားကိုယုံရမလဲ မသိတော့ပေ။

ဤလိုဏ်ခေါင်းဝတွင် အလုပ်တာဝန်ကျမှ ထူးဆန်းတာလေးတွေကိုတွေ့လာရ၏။ ပထမဆုံးအလုပ်ဆင်းသောနေ့က ရထားမလာမီ နာရီဝက်ခန့်လောက်ကြိုတင်၍ လိုဏ်ခေါင်းအတွင်း ဓာတ်မီးဖြင့် ဝင်ကြည့်ရာ အမျိုးသမီးတစ်ယောက် သူ့ကိုကျောပေး၍ရပ်နေတာတွေ့လိုက်ရသည်။



"ဟေ့ ရပ် ဘယ်သူလဲ"

ဟုမေးကာ သူရှေ့သို့ တိုးသွားလိုက်၏။ သို့သော် ထိုအမျိုးသမီးရှိရာနေရာသို့မရောက်မီမှာပင် သူ့နောက်ဖက်ဆီမှ ကလေးငိုသံသဲ့သဲ့ကို ကြားရ၏။ ကလေးမှာ ရင်ခွင်ပိုက်ကလေးငိုသံမျိုးမဟုတ် ရှစ်နှစ်ကိုးနှစ်ခန့် ကလေးတစ်ယောက်ငိုသံမျိုးဖြစ်သည်။ သူ့နောက်နားမှ ကပ်ငိုလိုက်သလို ပီပီသသကြီးကြားလိုက်ရသလိုမျိုးဖြစ်သည်။ ငိုသံကြောင့် ရုတ်တရက် အာရုံပြောင်းသွားပြီး ဓာတ်မီးဖြင့် နောက်ဖက်သို့လှည့်ကာ ထိုးကြည့်သည်။ ဂူအမိုးပါမကျန်ဇွေဇွေစပ်ကြည့်သည်။ သို့သော် ဘယ်သူမှမရှိချေ။ သေချာအောင်နောက်ဖက်သို့လေးငါးဆယ်လှမ်းပြန်သွားကြည့်လိုက်သေးသည်။ ဘာမှမတွေ့ရ။

ထိုအခါ သူ့ရှေ့ဖက်ဆီမှ မိန်းမကို သတိရကာ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ထူးထူးဆန်းဆန်းပင် လွန်ခဲ့သောမိနစ်ပိုင်းက ထိုနေရာမှာရပ်နေခဲ့သော မိန်းမလည်း မရှိတော့ချေ။ လိုဏ်ခေါင်းတစ်ဖက်ထိပ်အထိ လမ်းလျှောက်သွားကာ စစ်ဆေးကြည့်ရှုသော်လည်း သက်ရှိလူသားဟူ၍ ဟိုးခပ်လှမ်းလှမ်းတွင် တောင်ယာလုပ်ကိုင်နေသောအဖိုးကြီးသားအဖမှတစ်ပါး ဘယ်သူ့ကိုမှ မတွေ့ရချေ။

အလုပ်စဝင်သောနေ့က ကြုံတွေ့ခဲ့ရသမျှကို အစီရင်ခံစာရေး၍ ရုံးပိုင်ကြီးနှင့်သွားလာရေးလက်ထောက်တိုင်းမန်နေဂျာ (ATM) ကြီးဆီသို့ တင်ပြလိုက်သည်။ သူ့ကိုကား ဤကိစ္စနှင့်ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မှတ်ချက်မပေးပေ။

"ဗိဘာဝန်ကို မပေါ့မလျော့ဂရုစိုက်၍ သေချာစွာ ဆက်လ
ထမ်းဆောင်ပါ" ဟူသော ညွှန်ကြားချက်ကိုသာ လက်ခံရရှိခဲ့သည်

ဒုတိယအကြိမ် ကြုံရသည်မှာ အလာပ်ဝင်ပြီးတစ်လပြည့်
တွင်ဖြစ်သည်။ လားရှိုး–မန္တလေး အမှတ် (၁၃၂)အစုန်ရထားမလ
မီ လိုဏ်ခေါင်းကို သူသေသေချာချာစစ်ဆေးသည်။ လိုဏ်ဂူထဲမှ
ဘာမှမရှိအားလုံးရှင်းလင်းသည်။ ထို့ကြောင့် လိုဏ်ခေါင်းအဝင်ဝတွ
လမ်းရှင်းကြောင်း အလံတိုင်ကိုချိုးထားလိုက်ပြီး အလံတိုင်အစိမ်း
လက်ထဲတွင် အသင့်ကိုင်ထားလိုက်သည်။

ရထားသည် ခပ်မှန်မှန်ခုတ်မောင်းလာပြီး လိုဏ်ဂူအဝ
ချဉ်းကပ်လာနေသည်။ ထိုအခိုက်ဝယ် လိုဏ်ဂူအဝင်ဝမှ အတွင်း
ဝါးသုံးရိုက်လောက်အကွာ အလင်းရောင်မှိုးတဝါးဖြစ်နေသောနေရ
၌ သံလမ်းပေါ်တွင် ကလေးတစ်ယောက်မတ်တပ်ရပ်နေတာ တွေ့
သည်။ သူကလိုဏ်ခေါင်းအပြင်ဘက် ခပ်လှမ်းလှမ်းတွင်ရှိနေသဖြ
ကလေးနှင့်သူမှာ အနည်းငယ်အလှမ်းဝေးသည်။

"ဟဲ့ ကလေး ဟဲ့ကလေး ဘေးကိုဖယ် ဘေးကိုဖယ် ရထာ
လာနေပြီ"

ဟုအော်လိုက်သံကို စူးရှကျယ်လောင်သောရထားဥသြသံ
ဖုံးလွှမ်းသွားသည်။ ဒီအချိန်မှ ကလေးကိုပြေးဆွဲလျှင်လည်
ကြောက်ကြောက်နှင့် လိုဏ်ခေါင်းအတွင်းပိုင်းသို့ ဝင်ပြေးလျှင် မော





မှောင်ထဲ၌ နှစ်ယောက်လုံး ရထားကြိတ်ခံရနိုင်သည်။ သူ့အော်သံ
ကိုလည်း ကလေးကကြားဟန်မတူ၊ ဘယ်ကဘယ်လို လိုဏ်ခေါင်း
ထဲရောက်နေမှန်းမသိသော ကလေးသည် နေရာတွင်တုပ်တုပ်မှ
လှုပ်ဘဲ ရထားကို ကြောင်တောင်တောင်နှင့်ငေးရာ ကျောက်ရုပ်
တစ်ရုပ်လို ငြိမ်နေသည်။

ဆုံးဖြတ်ချက်တစ်ခုကို သူအမြန်ချလိုက်၏။ လက်ထဲတွင်
ကိုင်ထားသော အစိမ်းရောင်အလံကို လွှတ်ချလိုက်ပြီး ခါးကြားတွင်
ထိုးပ်၍ထိုးထားသော အလံနီကို လေထဲမှာ ဘယ်ညာဝှေ့ယမ်းပြီး
ပြလိုက်သည်။ မီးရထားမောင်းသမားသည် အလံနီ ရုတ်တရက်ပြနေ
တာကိုမြင်လိုက်သဖြင့် အရေးပေါ်အကြောင်းအရာတစ်ခုဖြစ်မှန်း
သိကာ ရထားဘရိတ်ဖမ်းသောလက်ကိုင်ဘီးကို တအားလှည့်ချ
လိုက်၏။

ရထားသည် ကားနှင့်မတူသောအချက်မှာ ကားလိုတမုဟုတ်
ချင်းတုံ့ခနဲနေအောင် ရပ်တန့်၍မရချေ။ ရထားတွဲအားလုံးတွင်
ဘရိတ်ပါသည်မဟုတ်၊ ဘရိတ်တွဲဟုခေါ်သော တွဲတစ်တွဲတွင်သာ
ဘရိတ်ပါသဖြင့် ရထားတစ်စီးသွားနေစဉ် ရပ်တန့်ဖို့အချိန်ယူရသည်။
အရှိန်ကိုလျှော့ချပြီး၊ ဘရိတ်တွဲမှ ရထားတစ်စီးလုံး နှေးသွားရာမှ
ရပ်သွားအောင် ထိန်းချုပ်လိုက်နိုင်ချိန်တွင် ရထားသည် ကောင်လေး
မတ်တတ်ရပ်နေသောနေရာကိုပင် ဆယ်ပေခန့်ကျော်လွန်၍ သွား
ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲဗျ"

ရထားမောင်းသမားက ရထားပေါ်မှ ကပျာကယာဆင်းထ ကာ သူ့ကိုမေးသည်။

"ကလေးတစ်ယောက်ကိုတိုက်မိသွားပြီထင်တယ် ... လေးတင် ဒီသံလမ်းပေါ်မှာရပ်နေတာ"

ရထားရှေ့မီးသီးကြီးထွန်းထားသောကြောင့် လိုဏ်ဂူထဲ လင်းထိန်နေသည်။ ရထားဘီးများကြားသို့ လက်နှိပ်ဓာတ်မီး နှင့် ချောင်ကိုချောင်ကြားမကျန်ထိုးကြည့်ရာ ဘာတစ်ခုမှ မဟု မဟုတ်မတွေ့ရချေ။ ရထားသည် ခွေးတစ်ကောင်ကြောင်တစ် မှမကြိတ်ဘဲ ပုံမှန်အတိုင်းရှိနေသည်။

"ကလေးကို မတိုက်မိဘူးဗျ တော်ပါသေးရဲ့"

"ကျုပ်တို့တော့ ဘာကလေးမှမမြင်ဘူး ... ဘယ်မှာ ခင်ဗျားပြောတဲ့ကောင်လေး ... လိုဏ်ခေါင်းထဲမှာလဲ မရှိပါလား

"ခုနကပဲ ကျွန်တော် သေသေချာချာတွေ့လိုက်လို့ အ ပြုလိုက်တာပါဗျာ ... တကယ်မြင်လိုက်တာပါ"

"ကဲကဲ ဘာမှမဟုတ်ရင်လဲ ခရီးဆက်ကြမယ်" ဟုသွား ရေးဘက်မှ မီးရထားအရာရှိတစ်ဦးက ဝင်ပြောသည်။

ရထားထွက်သွားသောအခါ သူတစ်ယောက်ထဲ တန့် ကျန်ရစ်သည်။ ဤကလေးသည် ဘယ်ကကလေးနည်း။ ဘာကြော ဘယ်လို ဤလိုဏ်ခေါင်းထဲသို့ ရောက်နေရသနည်း။ ယခုကော ဘ





ရောက်သွားသနည်း။ သူ့အတွေးတို့ ချာချာလည်၍ ကျန်ရစ်သည်။

တတိယအကြိမ်သည် အဆိုးဝါးဆုံးဖြစ်၏။ ယမန်နေ့ကမှ ပျက်ခဲ့ခြင်းဖြစ်သည်။ ရထားလာနေချိန်တွင် လိုဏ်ဂူထဲဝယ် မိန်းမ တစ်ယောက်သည် ကန့်လန့်လှဲကာအိပ်နေ၏။ ထုံးစံအတိုင်း ရထား ရပ်ရသည်။ လိုဏ်ခေါင်းထဲမှာ ရှာကြည့်သည်။ သို့သော် ဘယ်သူ ရှိ။ သူသာအရူးဖြစ်ရပြန်သည်။ ယနေ့မနက်တွင်တော့ သူ့ဆီသို့ ပိုင်ကြီးမှတဆင့် အကြောင်းကြားစာရောက်လာ၏။

သွားလာရေးမန်နေဂျာနှင့် ရုံပိုင်ကြီးကို ဘူတာရုံးခန်းတွင် တွေ့ပါဟူ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းထဲသို့ဝင်လိုက်သည်နှင့် မီးရထားအရာရှိတော်တော်
များများကို စုံစုံညီညီတွေ့လိုက်ရသည်။

"ထိုင်ပါ မောင်ဖွဲ့မြင့်မိုရ်"

ဟု ရုံပိုင်ကြီးက ခုံလွတ်တစ်ခုတွင်ဝင်ထိုင်နိုင်း၏။ သွားလာ
ရေးနှင့် စက်မှုဘက်မှအရာရှိများက သူ့ကိုအကဲခတ်သလို ကြည့်နေ
ကြသည်။ သူတို့အမြင်၌ မီးရထားယူနီဖောင်းအပြာရောင်ကို စမတ်
ကျကျဝတ်ဆင်ထားသော ဖွဲ့မြင့်မိုရ်ဆိုသောကောင်လေးမှာ အသက်
အစိတ်ခန့်၊ အသားလတ်လတ်အရပ်မြင့်မြင့်၊ ခပ်ပိန်ပိန်၊ နှာတံပေါ်
ပေါ် မျက်လုံးမျက်ခုံးကောင်းကောင်း ကျန်းမာပုံရသော သာမန်လူ
ငယ်တစ်ယောက်သာဖြစ်သည်။





"မောင်ဖွဲ့မြင့်မိုရ်ရေးလိုက်တဲ့ အစီရင်ခံစာတွေရယ် ... မီးရ
စက်ခေါင်းမောင်းရဲ့ အစီရင်ခံစာတွေရယ်ကို ... ကျုပ်တို့ဖတ်
ပြီ"

ဟု အရာရှိကြီးတစ်ယောက်က စပြောသည်။

"မောင်ရင် ... နေတော့ကောင်းပါတယ်နော်"

"ဟုတ်ကဲ့ ... ကောင်းပါတယ်ခင်ဗျ"

"ညဖက်ရော ... မှန်မှန်အိပ်ပျော်ရဲ့လား"

"ဟုတ်ကဲ့ အိပ်ပျော်ပါတယ်"

"အေးကွ ဒီလိုမေးရတာ အခြားကြောင့်တော့ မဟုတ်ဘူး
ထိပ်ဘူတာအထွက်က ဒုတိယလိုင်းခေါင်းထိပ်မှာ ရထားကို
ပေါ် ရပ်နိုင်းတာနှစ်ခါရှိသွားပြီ ... ဒါပေမဲ့ ဘာမှလည်း မယ်
ရရအကြောင်းမရှိဘူးလို့ စက်ခေါင်းမောင်းဆရာတွေက
တယ် အဲဒီလို မင်း ဘာကြောင့်လုပ်ရတာလဲ"

ဖွဲ့မြင့်မိုရ်က သူကြုံရသမျှကို ပြည့်ပြည့်စုံစုံရှင်းပြလိုက်သည်။
ကားဆုံးတော့ လူကြီးများက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"လူတွေရဲ့အသက်ကိုကယ်ဖို့ ရထားရပ်နိုင်းတဲ့ မင်းရဲ့စည်
ချက်ကလေး ကောင်းပါတယ် ... ဒါပေမဲ့ ဘာမှမဟုတ်ဘဲ ရထား
ခဏခဏရပ်နိုင်းတာမကောင်းဘူးကွ ... ဘေးလူတွေအမြင်မှာ
သည်တွေအမြင်မှာ ယုံမှားသံသယဖြစ်မယ် ကောလဟလတွေ
ရင် ရှင်းရခက်တယ် ... မင်းမြင်တယ်ဆိုတဲ့ဟာတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



တကယ်မဟုတ်ဘူး၊ ကိုယ့်ဘာသာစိတ်ကူးယဉ်ပြီး ပုံပြင်ဟောင်း... ကို အသက်သွင်းနေတာကွ ... နောက် အဲဒီလိုမဖြစ်စေနဲ့ ... မင်း ခွင့်သုံးရက်ယူပြီး အိမ်မှာအနားယူလိုက် ... ဒါဆို မင်းစိတ်ထဲ... တောက်တီးတောက်တဲ့တွေ ပျောက်သွားမှာပါ”

ရုံးခန်းထဲမှထွက်လာတော့ သူ့စိတ်တို့အနည်းငယ်ပေါ့ပါးသွ... သည်။ သူ့ကိုသတိပေးရုံပဲပေးသည့်အပြင် ခွင့်သုံးရက်ပေးလိုက်... ကျေးဇူးတင်လှသည်။ တကယ်လည်း သူ့စိတ်တို့ မွန်းကြပ်... လှောင်နေသည်။ အဖြေထုတ်မရသော ပုစ္ဆာများဖြင့် သူ့ဦးနှောက်... ပြည့်သိပ်ကြပ်ခဲနေသည်။

ဘူတာရုံဘေးမှ လမ်းကလေးအတိုင်းလျှောက်လာစဉ် လ... မှတ်ရောင်းစာရေးကိုလှချိုက လက်ဖက်ရည်ဆိုင်ထဲမှ သူ့ကို... ခေါ်သည်။

“လာ လက်ဖက်ရည်သောက်ဦး ဖွဲ့မြင့်မိုရ် ... ဘယ်လိုလဲ... မင်းကိစ္စ ... ”

“အဆင်ပြေပါတယ် ထွေထွေထူးထူးအပြစ်မယူဘူး သုံး... နားခွင့်ပေးလိုက်တယ်”

“တယ်ဟုတ်ပါလားဟ ... ငါလဲ ခွင့်သုံးရက်ရအော... လက်မှတ်ရုံထဲမှာ သရဲချောက်တယ်လို့ သတင်းလွှင့်လိုက်ဦးမ...

“ခင်ဗျားကလဲဗျာ ... ကျွန်တော်က တကယ်ကြုံရတာ...

“ဒါဆို မင်းက သရဲတစ္ဆေတွေဘာတွေ ယုံတယ်ပေါ့”





“အရင်ကတော့ ယုံတယ်လည်းမဟုတ်ဘူး မယုံဘူးလဲ ...ဟုတ်ဘူး အခုမှ ကိုယ်တိုင်ကြုံတော့ မယုံလို့မရတော့ဗျို့ မယုံရင် ...များတစ်ညလောက် ကျုပ်ကင်းတဲမှာလာပြီး ညအိပ်ပါလား ... ...ဂူသရဲနဲ့တွေ့ရအောင်လေ”

“အမလေး ... ဟော့ကောင် ... ငါ့ဘာသာ အေးအေးဆေး ...ဆေး လက်မှတ်ပဲရောင်းနေပါရစေကွာ ... မင်းနေရာမလာချင်ပါ ...ဘူး”

“ဒီလောက်လဲမဆိုးပါဘူးဗျာ” ဟု ဖွဲ့မြင့်မိုရ်က လက်ဖက်ရည် ...ခွက်ကိုဇွန်းနှင့်မွှေရင်း ပြောလိုက်သည်။ သူတို့နှစ်ယောက်စကား ...ပြောနေခိုက်ဝယ် ... ချောမောလှပသော မိန်းမပျိုတစ်ဦးနှင့် ကလေး ...လေးတစ်ဦးနှစ်ယောက်တွဲ၍ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွား ...ကြသည်။

“ဆရာမထင်တယ် ... တော်တော်ချစ်ဖို့ကောင်းတယ်နော်”

“ဩော် မင်းကလူသစ်မို့ မသိတာ ... အဲဒါ သိပ်သဘော ...ကောင်းတဲ့ဆရာမလေး ... သက်ထားခင်တဲ့ ရည်းစားမရှိသေးဘူး ...လွတ်ကိုယ့်လူ ... စိတ်ဝင်စားရင် လျှောက်လွှာတင်လို့ရတယ် ... ...မိတ်ဆက်ပေးမယ် ... သူ့ဘေးက ကလေးမလေးက သူ့ညီမလေး ...သူတို့မအေကြီးက ကျောက်မဲဆေးရုံမှာတက်နေတယ်”

ဖွဲ့မြင့်မိုရ်က ဘာမှပြန်မပြောဘဲ ဆရာမလေး သက်ထားခင် ...ကိုသာ မျက်စိတစ်ဆုံး လိုက်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာတော့ မဖြစ်စဘူး ရင်ခုန်သံတွေ တဒိတ်ဒိတ်မြ

လျက်။





## ဒုတိယအကြိမ်လူပျောက်မှု

“မှောင်ထဲ၌ သူ့လက်ကို တစ်စုံတစ်ယောက်က ဆွဲယူလိုက်တာကိုသာ သိလိုက်ရပြီး သူ သတိလစ်မေ့မျောသွားတော့၏”



www.burmeseclassic.com

www.burmeseclassic.com





"အစ်မ ကျောင်းသွားတော့မလို့လား"

"ဟုတ်တယ်ညီမလေး ဘာဖြစ်လို့လဲ"

ကြိမ်ဆွဲခြင်းလေးကိုကိုင်၍ ထွက်လာသော သက်ထားခင် နောက်မှ ညီမဖြစ်သူ သဲစုကျော်လမ်းလျှောက်လာရင်း စကားစ လိုက်သည်။ ယနေ့မှ ဘယ်လိုဖြစ်မှန်းမသိ သဲစုကျော်စိတ်ထဲတွင် ကျောင်းသွားချင်စိတ်မရှိဘဲ သူ့အမေရှိရာ ကျောက်မဲဆေးရုံသို့သာ သွားချင်စိတ်အလွန်ပြင်းထန်နေခဲ့သည်။

"ဘာမှ မဟုတ်ပါဘူး မမရယ် ညီမလေး အမေ့ဆီသွားချင် လို့ပါ ... မမလိုက်ပို့ပါလား ... "

သက်ထားခင်က သူ့ညီမလေးပါးကို လက်နှစ်ဖက်ဖြင့် ခပ်ဖွ ဖွပွတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့သွားလို့မရသေးဘူး ညီမလေးရဲ့ ကျောင်းတက်ရဦးမယ် ― စနေနေ့မှ သွားမယ်လေ ..."

"ဟင့်အင်း ဒီနေ့ပဲ သွားချင်တယ်"

"တယ်လဲပြောရခက်ပါလား သဲစုကျော် နင်ကကျောင်းသားငါကဆရာမ ငါတို့နှစ်ယောက်လုံး ကျောင်းတက်ရဦးမယ် ကျောင်းမတက်ဘဲ သွားချင်ရာသွားလို့မရဘူး လာသွားမယ်"

သက်ထားခင်က စိတ်တိုလာသဖြင့် သူ့ညီမသဲစုကျော်ကိုငေါက်ကာ အိမ်မှထွက်လာခဲ့၏။ ညီမလေးက နှုတ်ခမ်းကိုချွန်နေအောင်စူပြီး ဆောင့်ဆောင့်ဆောင့်ဆောင့်ဖြင့် နောက်မှလိုက်လာ၏။

တကယ်တော့ မိခင်ရှိရာသို့ သူလည်းသွားချင်လှပါသည်။ နေ့စဉ် ထမင်းလာပို့မည့်သူမရှိသဖြင့် ဖြစ်သလိုဝယ်စားရရှာသော အမေဖြစ်သူနှင့်အဒေါ်ဝမ်းကွဲကို ဖွယ်ဖွယ်ရာရာများ ချက်ပြုတ်၍ နေ့စဉ်ပို့ပေးချင်ပါသည်။ အဆုတ်ရောဂါ၏တိုက်ခိုက်မှုဒဏ်ကို အလူးအလဲခံနေရရှာသော မိခင်ဖြစ်သူ၏ ဝေယျာဝစ္စကိုနေ့စဉ် ဆောင်ရွက်ပေးလိုပါသည်။ သို့သော် သူတို့မှာ ဆွေမရှိမျိုးမရှိမို့ လူခွဲမရှိ။ ဆေးရုံနှင့်ရွာမှာနီးသောခရီးမဟုတ်သဖြင့် စိတ်ကရောက်သော်လည်း လူကနေ့တိုင်းမရောက်နိုင်။ ကြာတော့ ဒီအဖြစ်အပျက်တွေကို လူကြီးဖြစ်သော သူကိုယ်တိုင်က နားလည်လက်ခံနိုင်သော်လည်း ကလေးအရွယ်သာရှိသေးသော ညီမလေးက လက်မခံနိုင် အမေ့ဆီသွားမယ် ... ဟူ၍သာ အမြဲလို ပူဆာနေတော့သည်။





အမေရောဂါသက်သာလာ၍ ဆေးရုံမှဆင်းလာနိုင်လျှင်လဲ[ကောင်း]မည်။ ဒီလိုမဟုတ်ဘဲ နာတာရှည်ဆက်ဖြစ်နေမည်ဆိုပါက အမေ့ကျန်းမာရေးအတွက် ပိုသင့်လျော်သော ကျောက်မဲမြို့သို့လာ[မည့်]ကျောင်းဖွင့်ချိန်အမီ ပြောင်းရွှေ့နိုင်ရန် သူကြိုးစားရတော့မည်။ [အိ]မ်ထောင်တစ်ခုလုံး၏တာဝန်သည် သမီးကြီးဖြစ်သော သူ့ဦးခေါင်း[ပေါ်]ကသို့သာ လုံးလုံးလျားလျား ပိကျလာလေသည်။

ထိုနေ့က တစ်နေကုန် စာသင်နေရသော်လည်း စိတ်ပါဝင်စား[မှု]ရှိပ်မရှိ။ သူ့စိတ်က အမေ့ဆီရောက်လိုက်၊ ညီမလေးဆီရောက်[လို]က်၊ ဆေးရုံသို့ရောက်လိုက်၊ စာသင်ကျောင်းသို့ရောက်လိုက်၊ အိမ်[သို့]ရောက်လိုက်၊ အနာဂတ်ဆီရောက်လိုက်၊ ပစ္စုပ္ပန်မှာကျင်[လ]ည်လိုက်၊ အတိတ်ဖြစ်ရပ်များဆီ သွားလိုက်နှင့် ချာချာလည်နေ[သ]ည်။

ရထားဥသြသံသဲ့သဲ့ကို ကြားရသည်။ ဘူတာထဲသို့ ရထားဝင်[လာ]သံ ... ပြန်ထွက်သွားသံတို့ကိုလည်း သူ့စာသင်ခန်းထဲမှ ကြားရ[သ]ည်။ ကျောင်းဆင်းခေါင်းလောင်းထိုးသောအခါ စာအုပ်များနှင့်[ထ]မင်းချိုင့်ကို ခြင်းထဲသို့ထည့်၍ ညီမလေးသဲစုကျော်ရှိရာ ... စတုတ္ထ[...]တန်းစာသင်ဆောင်ရှိရာသို့ ထွက်လာခဲ့သည်။

သို့သော် ထူးထူးဆန်းဆန်းပင်၊ အမြဲတမ်းကျောင်းရှေ့တွင် သူ့ကိုစောင့်နေတတ်သော ညီမလေးမှာ ကျောင်းသားများ စာသင်[ခ]န်းထဲမှာ တစ်ယောက်မှမကျန်သည်အထိ ရောက်မလာခဲ့ပေ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ညီမလေးတစ်ယောက် နောက်မကျစဖူးနောက်ကျနေ
သဖြင့် အတန်းပိုင်ဆရာမ ဒေါ်ခင်ဆွေဝင်းအား သွားရောက်မေးမြန်း
ရ၏။

"မခင်ဆွေဝင်းရေ ... ညီမလေး ဘဲ့စုကျော် ကျောင်းဆင်းသွား
ပြီလားဟင်"

"ဩော် ... သက်ထားခင် ရှင့်ညီမလေး ... မုန့်စားကျောင်း
ဆင်းချိန်လောက်မှာ ခေါင်းအရမ်းကိုက်လို့ အိမ်ပြန်ပါရစေလို့ ပြော
တာနဲ့ ကျွန်မလဲ ပြန်ခွင့်ပေးလိုက်တယ် ... ခေါင်းကိုက်တယ်သာ
ပြောတယ် ... အိမ်ပြန်ခွင့်လဲပေးလိုက်ရော ပြေးလိုက်တာမှ တန်း
နေတာပဲ ..."

"ဟင် ဟုတ်လား ... ကျွန်မကိုတော့ ဘာမှမပြောပါဘူး"

"သတိထားနော် ကိုယ့်ညီမကိုယ်လဲ ဂရုစိုက်ဦး"

"ဟုတ်ကဲ့ ဒါနဲ့ ဟိုနေ့ကပျောက်သွားတယ်ဆိုတဲ့ ကလေး
အကြောင်းရော ဘာကြားလဲ"

"ဩော် ... ထွန်းထွန်းကိုပြောတာလား ... ဘာမှမထူးသေး
ဘူး ရဲစခန်းမှာ လူပျောက်တိုင်ချက်ဖွင့်ပြီး စုံစမ်းနေတုန်းပဲ"

"ကောင်းပါပြီ မခင်ဆွေဝင်း ကျွန်မအိမ်ပြန်ပြီးကြည့်လိုက်ပါ
ဦးမယ်"

သက်ထားခင်သည် အိမ်သို့သွက်လက်စွာပြန်လာခဲ့၏။
ဘူတာထဲမှဖြတ်လျှောက်လာသောအခါ ရထားလက်မှတ်ရောင်း





စာရေးကြီးကခေါ်ယူနှုတ်ဆက်နေသဖြင့် ရပ်စကားပြောနေရသေး
သည်။

"ဆရာမ မသက်ထားကို မိတ်ဆက်ပေးရဦးမယ်"

"ဟောဒါ ကျွန်တော်တို့ ဘူတာကို အသစ်ပြောင်းလာတဲ့
ရထားဝန်ထမ်း ဇွဲမြင့်မိုရ်တဲ့ ... ဇွဲ့ရေ ဒါက ဒီရွာက ဆရာမလေး
သက်ထားခင်တဲ့ကွ"

ဇွဲမြင့်မိုရ်ဆိုသော အရပ်မြင့်မြင့်အသားဖြူဖြူ ကောင်လေး
က သူ့ကိုဖော်ရွေစွာ ပြုံးပြသည်။

"ရထားနဲ့ပတ်သက်ပြီး အကူအညီလိုရင်ပြောပါ ကျွန်တော်
က ဘူတာရဲ့တောင်ဘက်တောထဲက ဥမင်လိုဏ်ခေါင်းကိုစောင့်ရတဲ့
တာဝန်ယူထားပါတယ်"

"ကျေးဇူးတင်ပါတယ် ... ဩော် ဒါနဲ့ စာရေးကြီးရေ ... ကျွန်မ
ညီမလေးဘူတာမှာ ဒီနေ့တွေ့မိသေးလား"

"တွေ့မိတယ်ဗျ ဘူတာပလက်ဖောင်းမှာရပ်နေတာမြင်လိုက်
တယ် နောက်တော့ ရထားဝင်လာတာနဲ့ ကျွန်တော်လဲ လက်မှတ်
လာဝယ်တဲ့ လူတွေကိုရောင်းနေလို့ မျက်ခြေပြတ်သွားတယ် ..."

"ဩော် ... ဟုတ်ကဲ့ ကျေးဇူးပါပဲ သွားခွင့်ပြုပါဦး"

ထင်သည့်အတိုင်းပင် အိမ်ပြန်ရောက်တော့ ညီမဖြစ်သူ သဲစု
ကျော်၏အရိပ်အယောင်ကိုမျှ အိမ်တွင်မမြင်ရ။ မနက်က အိမ်မှ
သူတို့ညီအစ်မနှစ်ယောက် အတူတူထွက်လာကတည်းက အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးပြန်မရောက်တာထင်ရှားသည်။ အိမ်မှာလဲ မရှိ၊ ကျောင်းမှာလဲ မရှိ။ သို့သော် ဘူတာရုံ၌ တွေ့ခဲ့သည်ဟူသောစကားကိုထောက်ခြင်းကြောင့်လည်းကောင်း၊ အမေ့ဆီသွားချင်သည်ဟုမနက်ကပြောခဲ့ခြင်းကိုထောက်၍လည်းကောင်း၊ သူတစ်ယောက်တည်း ရထားစီးကာ ကျောက်မဲကိုလိုက်သွားသလားဟု တွက်ဆမိသည်။ ဒါမှမဟုတ် အိမ်မပြန်သေးဘဲ သူငယ်ချင်းတစ်ယောက်ယောက်၏ အိမ်သို့သွားလည်နေခြင်းပေလော။

ဘာလုပ်ရမှန်းမသိသဖြင့် ဘူတာဘက်သို့ပြန်လာမိခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင်ထိုင်နေသော စာရေးကြီးကိုလှချို့နှင့် ဖွဲ့မြင့်မိုရ်ကိုပြန်တွေ့လိုက်သည်။ သူတို့ရှိရာစားပွဲသို့ တန်းတန်းမတ်မတ်လျှောက်လာသော သက်ထားခင်ကိုကြည့်၍ ကိုလှချို့မှာ အံ့သြသွားသည်။ သူသိခဲ့ဖူးသလောက် ဆရာမလေးသက်ထားခင်သည် တစ်ခါမှ လက်ဖက်ရည်ဆိုင်သို့ လာမထိုင်ဘူးချေ။

"လာထိုင် ဆရာမ ... ကိစ္စရှိလို့လား"

"ဟုတ်တယ် ဦးလှချို ... ကျွန်မညီမလေးပျောက်နေလို့"

သက်ထားခင်က ယနေ့ကြုံခဲ့ရသမျှ အဖြစ်အပျက်ကို အကျဉ်းရုံးပြောပြလိုက်သည်။ ကိုလှချို့နှင့် ဖွဲ့မြင့်မိုရ်က သက်ထားခင်ပြောပြသမျှကို သေသေချာချာနားထောင်ပြီး

"စိတ်ထဲမှာရှင်းသွားအောင် ကျောက်မဲကိုချက်ခြင်းလိုက်ရင်ကောင်းမယ် ... ဒီလိုလုပ်ပါလား ... မသက်ထားခင်က သေချာ





အောင် သူ့သူငယ်ချင်းတွေကို လိုက်မေးကြည့် ကျွန်တော်တို့က ကားစီစဉ်ထားလိုက်မယ် ... ပြီးရင် ကျောက်မဲဆေးရုံကို လိုက်သွားကြတာပေါ့"

ဟု ဖွဲ့မြင့်မိုရ်က အကြံပေးသည်။

"ဒါဆို ကျွန်မလိုက်စုံစမ်းကြည့်ဦးမယ် ပြီးရင် ဘူတာကိုပဲပြန်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားကတရိပ်ရိပ်မောင်းနေသည် ကားပေါ်၌ သက်ထားခ
ကိုလှချို့နှင့် ဖွဲ့မြင့်မိုရ်တို့ လိုက်ပါလာကြသည်။ ၎င်းတို့အပြင် ကာ
ဆရာတစ်ယောက်လည်းပါလာသည်။ ကားလေးက တောင်တ
တောင်ဆင်းလမ်းတစ်လျှောက် လျင်မြန်စွာပြေးသွားလျက်ရှိသည်
ကားပေါ်မှာပါလာသူအားလုံးက အတွေးကိုယ်စီဖြင့် တိတ်ဆိတ်
လိုက်ပါလာ၏။ သက်ထားခင်က ကျောက်မဲဆေးရုံသို့ အမြန်ဆုံး
ရောက်ချင်သည်။ သို့သော် ညီမလေးရောက်မလာခဲ့လျှင်ဟူသော
အတွေးကြောင့် ဆေးရုံသို့ရောက်မှာလဲကြောက်သည်။ ဒီအဖြ
အပျက်တွေကို အမေသိသွားမှာလည်း စိုးရိမ်သည်။

"ငါ့နှယ်နော် ... မနက်က ညီမလေးက အမေ့ဆီသွားရ
တယ်ဆိုတုန်းက လိုက်မပို့မိတာ မှားတာပဲ" ဟုသာ အထပ်ထ

တွေးနေမိသည်။

ဖွဲ့မြင့်မိုရ်စိတ်ထဲတွင်တော့ "ဆရာမလေးက သနားပါတယ်
ျက်နှာလှလှလေး ညှိုးနွမ်းနေပုံက သူ့ရင်ထဲကသောကဟာ တော်
တော်ကြီးတယ်ဆိုတာပြနေတာပဲ ... သူ့ညီမလေးဟာ ဘာဖြစ်လို့
များ တစ်ယောက်ထဲလျှောက်သွားရတာပါလိမ့် ... ဘာပဲဖြစ်ဖြစ်
ဆရာမလေး သက်ထားခင်ရဲ့ အခက်အခဲတွေကို ဒီနေ့ကစပြီး ငါ
ဘတ်နိုင်သလောက်ကူညီမယ် ... ရေရှည်မှာ မိတ်ဆွေကောင်းတွေ
ဖြစ်လက်တွဲသွားနိုင်ရမည်။ မိသားစုအတွက် တစ်ယောက်တည်း
န်းကန်နေရတာ သနားပါတယ်" ဟု တွေးနေမိသည်။

မကြာမီပင် သူတို့ကားလေးကျောက်မဲမြို့သို့ ရောက်လာပြီး
ည့်သူ့ဆေးရုံဝင်းကြီးအတွင်းသို့ မောင်းဝင်လာခဲ့၏။

သူမ၏မိခင်သည် ညနေမှောင်ရီသရောတွင် သူ့သမီးကို
တွေ့လိုက်ရတော့ များစွာအံ့သြသွားလေသည်။

"ဘာများ အကြောင်းထူးလို့လဲ သမီး"

သက်ထားခင်သည် ဆေးရုံလူနာခန်းအတွင်း သဲစုကျော်ကို
တွေ့ရနိုးနှင့် မသိမသာအကဲခတ်ကြည့်ရှုပြီး

"ဘာကိစ္စမှ အထူးအထွေမရှိပါဘူး အမေ ... ဒါက နောင်ပိန်
ူတာက သမီးမိတ်ဆွေတွေပါ ... သူတို့က အလုပ်ကိစ္စအတွက်
ကျောက်မဲကိုလာစရာရှိတယ်ဆိုတာနဲ့ အမေ့ကိုတွေ့ရအောင် အား
ကြုံလိုက်လာခဲ့တာပါ"




www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူ့မိခင်သည် စိတ်သက်သာရသွားဟန်နှင့် ပြုံးရ
ကာ ...

"ဒါများသမီးရယ် အပင်ပန်းခံလို့ ညကြီးမင်းကြီးလိုက်ယ
တယ် ... နောက်နေ့မှ အေးအေးဆေးဆေးရထားနဲ့လာလဲရပါတယ
ဒါနဲ့ သမီးညီမလေးရော ... မပါဘူးလား ... အိမ်မှာကျန်ခဲ့လား"

အမေ့စကားက သက်ထားခင်အရှိကကို ဒူးနှင့်တိုက်လို
သလိုရှိသည်။ သက်ထားခင်၊ ကိုလှချို့နှင့် ဖွဲ့မြင့်မိုရ်တို့သုံးဦး တ
ယောက်ကိုတစ်ယောက်အဓိပ္ပါယ်ပါပါကြည့်လိုက်ကြသည်။ ကိုလှ
က မသိမသာခေါင်းခါပြသည်။ အမေ့ကို မသိပါစေနဲ့ဦးဆိုသည်
သဘော။

"ညီမလေး ... ညီမလေး အိမ်မှာကျန်ခဲ့တယ် အမေ
သူ့ဆရာမကို အပ်ပစ်ခဲ့တယ်"

သက်ထားခင်အသံများတုန်လာသည်ကို အမေမရိပ်မိ
တော်ရှော့သည်။ ဣန္ဒြေမပျက် ခေတ္တစကားစမြည်ပြောပြီး နှုတ်
ဆက်ကာ သူတို့ပြန်လာခဲ့ကြ၏။

သဲစုကျော့ဆိုသော ကလေးမလေးမှာ ထူးဆန်းစွာပျောက်
ဆုံးနေချေပြီ။

တကယ်တော့ သဲစုကျော့သည် ထိုနေ့က ဘူတာရုံသို့ရောက်
သာသည်အထိ ဘယ်ကိုသွားမည်ဟု ရေရေရာရာဆုံးဖြတ်ချက်မချ
ရသေးချေ။ အတန်ငယ် ချိတုံချတုံစဉ်းစားပြီးမှ ယခုဆိုက်မည့်ရထား
နှင့် ကျောက်မဲသို့လိုက်လျှင်ကောင်းမည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။

ထိုသို့ ဘူတာရုံပလက်ဖောင်း၌ ရထားစောင့်နေစဉ် ထူးဆန်း
သောမြင်ကွင်းတစ်ခုကိုမြင်ရ၏။ သူရပ်နေသော ရထားဘူတာရုံ
ပလက်ဖောင်း၏တစ်ဖက်စကြံန်၌ သူနှင့်ရွယ်တူ ကလေးတစ်
ယောက်သည် ဘယ်သူ့ကိုမှ မကြည့်ဘဲ ခေါင်းငိုက်စိုက်နှင့် လမ်း
လျှောက်လာ၏။ ထိုကောင်လေးကိုမြင်သောအခါ

"ဟယ် ထွန်းထွန်းရယ်"

ဟု ဝမ်းသာအားရ သူထခုန်မိသည်။ ထွန်းထွန်းက သူ့ကိုမြင်





www.burmeseclassic.com

www.burmeseclassic.com



ဟန်မတူ ခေါင်းကြီးငုံ၍ ခပ်ဖြည်းဖြည်းလမ်းလျှောက်သွား၏။ ... ပျောက်ကြော်ငြာထုတ်ကာ အားလုံးက သူ့ကိုလိုက်ရှာနေတာ ... ဘူးလား။ ဘယ်များလျှောက်သွားနေပါလိမ့်ဟုတွေးကာ အားမ... အားမရဖြင့်

"ထွန်းထွန်း ... ဟေ့ ထွန်းထွန်း" ဟုအော်ခေါ်လိုက်သည် သို့သော် ထိုအခိုက်တွင် လားရှိုးဘက်မှလာသော အမြန်ရထားတ... စီးဘူတာထဲသို့ဝင်လာသဖြင့် ရထားဥသြသံကြောင့် သူ့ခေါ်သံ... ထွန်းထွန်းက မကြားသည့်အပြင် ရထားကြီးဝင်လာပြီးရပ်လိုက်သော ကြောင့် မြင်ကွင်းပိတ်သွားကာ ရထားသံလမ်းတစ်ဖက်တွင်ရှိသော ထွန်းထွန်းကိုမမြင်ရတော့ပေ။

ထို့ကြောင့် သဲစုကျော်သည် ရပ်ထားသော ရထားတွဲများကို ကွေ့လျှောက်သွားပြီး တစ်ဖက်ပလက်ဖောင်းပေါ်ရှိ ထွန်းထွန်း နောက်သို့ ပြေးလိုက်လေသည်။ ရထားကိုကွေ့ပတ်ပြီး တစ်ဖက် ပလက်ဖောင်းပေါ်သို့ရောက်သောအခါ ထွန်းထွန်းသည် အတော် ဝေးဝေးခပ်လှမ်းလှမ်းသို့ရောက်နေချေပြီ။ ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို မှီအောင်လိုက်၍ ဘာတွေဖြစ်နေသလဲဆိုတာ ရှင်းအောင်မေးမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

ထွန်းထွန်းကား နောက်သို့လုံးဝလှည့်မကြည့်ဘဲ စိုက်စိုက် စိုက်စိုက်ဖြင့် ရှေ့သို့သာလျှောက်သွားနေတော့သည်။ ထူးခြားသော အခြင်းအရာတစ်ခုမှာ သူဘယ်လောက်မြန်မြန် ပြေး၍လိုက်သည်

...စေ ခပ်မှန်မှန်လျှောက်နေသော ထွန်းထွန်းကို မမှီနိုင်ခြင်းဖြစ် ...သည်။

ထွန်းထွန်းဆိုသော ကောင်လေးလျှောက်သွားနေသောနေရာ ...ာ လူပြတ်သောဘူတာအပြင်ဖက် တောအုပ်ထဲသို့ဖြစ်သည်။ သဲစု ...ကျော်လည်း မဖြစ်မနေစိတ်ထားဖြင့် နောက်မှတကောက်ကောက် ...လိုက်သွားလေတော့၏။ ပါးစပ်မှလည်း

"ထွန်းထွန်းရေ"

"ထွန်းထွန်းရေ ..."

ဟုအော်ခေါ်ရာ၏။ သို့သော် ထွန်းထွန်းမှာကား နားမကြား သောသူတစ်ယောက်ပမာ၊ အိပ်မက်ထဲမှာ လမ်းလျှောက်နေသူ တစ်ယောက်ပမာ၊ ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ ရှေ့သို့သာလျှောက် သွားနေတော့သည်။ ထွန်းထွန်း၏ အဝတ်အစားများမှာ သူပျောက် သွားသောနေ့က အဝတ်အစားများအတိုင်း အဖြူအစိမ်းဝတ်စုံလေး နှင့်ဖြစ်သော်လည်း အကျီင်္ဘောင်းဘီများမှာ ညစ်ပေနေကြလေပြီ။ ခေါင်းမှာလည်း ဆံပင်စုတ်ဖွားဖြစ်နေသည်။

ဤသို့လျှောက်ကြ၊ လိုက်ကြရင်း တဖြည်းဖြည်းနှင့် ဥမင် လိုဏ်ခေါင်းရှည်ကြီးနားသို့ရောက်လာ၏။ လိုဏ်ခေါင်းအဝင်ဝသို့ ထွန်းထွန်းရောက်သွားသောအခါ သဲစုကျော်မှာ ထွန်းထွန်းနှင့် အတော်နီးကပ်သောနေရာသို့ ရောက်နေပေပြီ ... တစ်ယောက်နှင့် တစ်ယောက်ဝါးနှစ်ရိုက်ခန့်သာကွာတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ထွန်းထွန်း နင်ဘယ်တွေလျှောက်သွားနေတာလဲ နင့်အမေနဲ့ ဆရာမက စိတ်ပူနေကြတယ်"

ထွန်းထွန်းက ဘာမှပြန်မဖြေဘဲ ကျောပေး၍ရပ်နေသည်။ ထို့နောက် လိုဏ်ဂူထဲသို့ဝင်ရန် ခြေလှမ်းလှမ်းလိုက်သည်။

"နင် ဘယ်သွားမလို့လဲ ... လိုဏ်ခေါင်းထဲကို မဝင်ပါနဲ့ဟယ် ငါကြောက်တယ်"

သို့သော် ထွန်းထွန်းဆိုသော ချာတိတ်လေးက သဲစုကျော် ပြောတာကိုလက်မခံ၊ မကြားယောင်ပြု၍ လိုဏ်ဂူထဲသို့တစ်လှမ်းချင်း ဝင်ရောက်သွားတော့သည်။

သဲစုကျော်သည် ဆက်မလိုက်ရဲသဖြင့် ရပ်ကျန်ခဲ့၏။ ထွန်းထွန်း၏ အရိပ်မှာတဖြည်းဖြည်းလိုဏ်ခေါင်းထဲသို့ ဝင်သွား၏။

"ထွန်းထွန်းရေ... ထွန်းထွန်း ... မသွားနဲ့လာ အိမ်ပြန်လိုက်ခဲ့ ဟင်"

ထွန်းထွန်းက ရှေ့ဆက်မသွားတော့ဘဲ လိုဏ်ဂူအတွင်းဘက် ပေနှစ်ဆယ်ခန့်တွင် ရပ်တန့်၍ ကိုယ်ကိုလှည့်ကာ သဲစုကျော်ရှိရာဘက်သို့ မျက်နှာမူလိုက်သည်။

မြင်လိုက်ရသောမြင်ကွင်းကြောင့် သဲစုကျော်မှာ အံ့သြပြီး ပါးစပ်ဟောင်းလောင်းဟပြီး ငေးကြည့်နေမိသည်။ မိမိမျက်စိဖြင့် သေချာပေါက်မြင်ခဲ့သောထွန်းထွန်းသည် ယခုအခါ ထွန်းထွန်းမဟုတ်တော့။ အခြားကလေးတစ်ယောက်ဖြစ်နေသည်။ အသက်ခြင်း





တိမ်း၊ မယိမ်းဖြစ်သော ကိုးနှစ်ခန့်ကလေးတစ်ယောက်က သူ့ကို စိုက်ကြည့်နေသည်။ ထွန်းထွန်းမှ ဘယ်လိုလုပ်၍ ဤကလေးဖြစ် သွားသနည်းဆိုတာ စဉ်းစား၍မရဘဲ ဦးနှောက်တို့ပူထူကြောက်လန့် ကာ ဒူးတဆတ်ဆတ်တုန်လာသည်။

ထွန်းထွန်းယောင်ဆောင်ထားသော ကလေးသည် လူသာမန် တစ်ယောက်၏မျက်နှာမျိုး မဟုတ်ဘဲ သူ၏မျက်နှာမှာ သွေးဆုတ် ဖြူလျော်နေ၏။ ပါးပြင်တွင် ကန့်လန့်ဖြတ်အမာရွတ်တစ်ခုရှိသည်။ သူ၏ကြောင်တောင်တောင်မျက်လုံးကလေးများဖြင့် သဲစုကျော်ကို စိုက်ကြည့်နေပုံမှာ ကျောချမ်းစရာကောင်းလှသည်။ စကားတော့ တစ်ခွန်းမှ မပြောချေ။

သဲစုကျော်သည် ထိတ်ထိတ်လန့်လန့်ဖြင့် နောက်သို့ခြေတစ် လှမ်းပြီးတစ်လှမ်းဆုတ်သည်။ ကြောက်ကြောက်ဖြင့် နောက်ပြန် လှမ်းလျှောက်ပြီး ဆုတ်လာခဲ့ရာ လူတစ်ယောက်ကိုဝင်တိုက်မိသွား မှ ကိုယ်ကိုချာခနဲလှည့်၍ မိမိနောက်တွင် ရောက်နေသူကိုကြည့် လိုက်သည်။

မြင်ရသော မြင်ကွင်းမှာပို၍ အားတက်စရာမရှိဘဲ ပို၍သာ ချောက်ခြားဖွယ်ကောင်း၏။

ဆံပင်များဖွာလံကျဲ၍၊ မျက်စေ့နီနီနှင့် မိန်းမတစ်ယောက်က သူ့ကိုမျက်နှာမူကာ ဂူဝတွင် ပိတ်ရပ်နေ၏။ ထိတ်လန့်စိတ်ကြောင့် အသံမထွက်တော့ဘဲ နောက်ပြန်ဆုတ်လာခဲ့သည်။ တစ်ဖန်ထိပ်



www.burmeseclassic.com

www.burmeseclassic.com



တွင်တော့ မူလကတွေ့ခဲ့သော ကလေးတစ်ယောက်ကနေရာ မရွှေ့ဘဲ ရှိနေဆဲပင်ဖြစ်သည်။

ယခုအခါ သဲစုကျော်သည်ကလေးနှင့် မိန်းမကြီးနှစ်ယောက် ကြားတွင် ညပ်နေလေပြီ။ သူတို့သည် လူတွေလား၊ သရဲတွေလား ဤလိုဏ်ခေါင်းအတွင်းဝယ် ခြောက်လှန့်နေကြသော နာနာဘာ တွေလော။

ကြောက်စိတ်ဖြင့် အသံကုန်ဟစ်အော်လိုက်၏။ သူ့အသံက လိုဏ်ဂူအတွင်း ပဲ့တင်ထပ်ကာ တဖြည်းဖြည်း တိုးတိတ်ပျောက် ကွယ်သွားတော့၏။

လိုဏ်ဂူထဲသို့ သူဝင်ပြေးသည်။

နောက်မှလိုက်လာသောခြေသံလိုလို ကြားရ၏။

မှောင်နေသဖြင့် သူလဲကျသွားသည်။

မှောင်ထဲ၌ သူ့လက်ကို တစ်စုံတစ်ယောက်က ဆွဲယူလိုက်တာ ကိုသာ သိလိုက်ရပြီး သူသတိလစ်မေ့မျောသွားတော့၏။





# လက်ကောက်ပြန်တောင်းသော တစ္ဆေ

"မိုးက ဒီလက်ကောက်လေးကို
အရမ်းမြတ်နိုးတော့ သူများကိုပေးရမှာစိုးပြီး
စိတ်စွဲတာနဲ့ အိပ်မက်လိုလို ဘာလိုလို မက်တာနေမှာပါ
ဒါတွေဟာ တကယ်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com









ခုတစ်လော သူ့နောက်သို့လူတစ်ယောက်က လိုက်လံချောင်းချောင်းကြည့်ရှုနေသည်ဟု မိုးမြတ်မြတ်မိုးထင်နေမိသည်။ လူတစ်ယောက်မဟုတ်လျှင် ဝိညာဉ်တစ်ခုက လိုက်နေသလားဟုပင် တွေးတောမိသည်။ နေရင်းထိုင်ရင်း ကျောမလုံသလိုခံစားရသည်၊ တစ်ခါတစ်ရံ သူ့အလိုလိုကြက်သီးတဖျန်းဖျန်းထတတ်ချေသေးသည်။

ယမန်နေ့ညကလည်း မီးဖိုထဲတွင် အိုးခွက်များလှုန်လျှောနေသံကို ကြားရသည်။ အိပ်နေသော မိခင်ကို မနှိုးချင်သဖြင့် သူတစ်ယောက်တည်း မီးဖိုခန်းထဲသို့ဝင်ကြည့်သောအခါ အဖုံးပွင့်နေသော ထမင်းအိုးကိုသာတွေ့ရပြီး ဘယ်သူ့ကိုမှ မတွေ့ရချေ။ ထို့ကြောင့် ထမင်းအိုးကို အဖုံးပြန်ပိတ်၍ ကြောင်အိမ်ထဲသို့ ထည့်ထားလိုက်သည်။ နံနက်လင်းတော့ ထိုအကြောင်းကိုပြောပြတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းနဲ့ ထမင်းနဲ့ကို ကြောင်တွေဘာတွေ အိုးကိုလာမှ... တာပဲဖြစ်မှာပါ သမီးရယ်" ဟု သူ့အဖေက မှတ်ချက်ပေးသည်... အခြားစဉ်းစားစရာလဲ မရသဖြင့် သူ့အဖေ ပြောတာကိုပဲ ဟုတ်မှ... ပါဟု ယူဆလိုက်ရသည်။ စိတ်ထဲမှ သိပ်တော့ မကျေနပ်ချင်။

တစ်ခါတစ်ရံ သူ့အိမ်နားမှာ လူရိပ်လိုလိုမြင်လိုက်ရသည်... သေသေချာချာစောင့်ကြည့်ပြန်တော့လဲ မတွေ့ပြန်တော့။ မှတ်မှ... ရရ ထိုအဖြစ်အပျက်များသည် သူ့ရည်းစားအောင်ကျော်သူက သူ့... ရွှေလက်ကောက်လေးတစ်ရံလက်ဆောင်ပေးသောနေ့မှ စတင်တ... သတိထားမိသည်။

ဤလက်ကောက်ကလေးကပဲ နိုက်တတ်နေသလားဟု တ... ခါတစ်ရံ တွေးမိသည်။ သို့သော် ချစ်သူက ချွေးနဲ့စာဖြင့် အမှတ်တ... ဝယ်ပေးထားသောပစ္စည်းဖြစ်၍ မိန်းမပီပီ ကြည်နူးမိသည်။ ဒါလေး... ကို မစွန့်ပစ်ရက်။ တကယ်တန်းကျ မိုးမြတ်မြတ်မိုးတို့က ရွာထဲတွင်... ကုန်စုံဆိုင်ကြီးတစ်ဆိုင်ဖွင့်ထားသည်။ ရွှေတွဲလဲ ငွေတွဲလဲဖြင့် စီးပွား... ရေးနိုင်မာတောင့်တင်းသူများဖြစ်ကြသည်။ ဒါပေမဲ့ ငယ်ရွယ်သူများ... ပီပီ မိဘကဆင်ပေးထားသော လက်ဝတ်လက်စားများထက် သူ့... ရည်းစားကပေးထားသော ရွှေတိုငွေစလေးကိုပို၍ တပ်မက်မိသည်။

အောင်ကျော်သူပေးသော လက်ကောက်ကလေးကိုရကာ... စနေ့က အသေအချာကြည့်တော့ အတော်ပင် အရောင်မှိန်ကာ... အချို့နေရာများ၌ ရေညှိပင်တက်ချင်သလိုဖြစ်နေသည်။ လပေါင်း...

...ဘွာ ပစ္စလက္ခတ်ထားခဲ့ပုံရသည်။ အပေါင်ဆုံးပစ္စည်းကိုဝယ်လာ... ...ည်ဆိုသဖြင့် မူလပိုင်ရှင်လက်ထက်မှာပဲ ထိုကဲ့သို့ ပြီးစလွယ်ထား... ...သလား၊ ဒါမှမဟုတ် အပေါင်ဆိုင်သို့ရောက်မှပဲ လက်လွှတ်စပယ်... ...ထားခဲ့သလား တစ်ခုခုဖြစ်နိုင်သည်။

နောက်တစ်နေ့ နံနက်တွင် မြို့သို့တက်၍ ဈေးဝယ်တော့ဈေး... ...ရှိ ပန်းထိမ်ဆိုင်သို့သွားပြီး လက်ကောက်ကလေးကိုအရောင်တင်... ...ချွတ်ခိုင်းလိုက်သည်။ ပန်းထိမ်ဆိုင်မှပြန်ရလာတော့ လက်ကောက်... ...လေးမှာ အသစ်စက်စက်လိုဝင်းပတောက်ပြောင်လျှက် ရွှေရောင်... ...ဝင်းဝင်းနှင့် ချစ်စရာလက်ဝတ်ရတနာလေးဖြစ်သွားပါသည်။ ရွှေ... ...ညီကောင်းသည်ဟုလည်း ပန်းထိမ်ဆိုင်မှ ပြောလိုက်သေးသည်။

ထိုနေ့မှစကာ လက်ကောက်လေးကို သူ့မချွတ်တော့။ ချစ်သူ... ...၏ ကိုယ်ပွားအဖြစ် ထာဝရဝတ်ဆင်ထားတော့သည်။ သို့သော် သူ့... ...စိတ်ကို အနှောင်အယှက်ဖြစ်စေသောကိစ္စများ ထိုနေ့မှစကာဖြစ်ပေါ်... ...သာ၏။

"ငါ့လက်ကောက်ပြန်ပေး" ဟူသော အသံကို တစ်ခါတစ်ရံ... အိပ်နေစဉ် ကြားရတတ်သည်။

တစ်ခါတစ်ရံ ကလေးသံဖြင့်

"ငါ့အ ~ မ လက်ကောက်ပြန်ပေး"

ဟု နား နားတွင်ကပ်၍ အော်လိုက်သလိုကြားရပြန်သည်... ...ထိုအခါမျိုးတွင် အိပ်ယာမှထ၍ကြည့်တော့ အခန်းထဲဝယ် ...ာမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရချေ။ စိတ်စွဲ၍ဖြစ်နေခြင်းဖြစ်ပါသည်ဟုတော့ သူချစ်... အောင်ကျော်သူကဆို၏။

"မိုးက ဒီလက်ကောက်လေးကို
အရမ်းမြတ်နိုးတော့ သူများကိုပေးရမှာစိုးပြီး
စိတ်စွဲတာနဲ့ အိပ်မက်လိုလိုဘာလိုလိုမက်တာနေမှာပါ
ဒါတွေဟာ တကယ်မဟုတ်ပါဘူး"

ထိုသို့ နှစ်သိမ့်လိုက်ရသော်လည်း အောင်ကျော်သူကိုယ်တို... စိတ်ထဲမှာလန့်နေ၏။ ထိုလက်ကောက်ကို မရဏလိုက်ခေါင်းထဲ... ကောက်ရလာကြောင်းပြောလိုက်ရင်ကောင်းမလားဟု အကြိမ်ကြိ... စဉ်းစားမိသော်လည်း သူလုပ်အားခဖြင့် စုဆောင်းကာဝယ်ပေး... သည်ဟူသော နဂိုမူလပြောစကားကို ဖျက်ရမှာရှက်သဖြင့် ဆက်ပြီး လိမ်ညာပြီးဖြန်းနေရခြင်းဖြစ်ပေသည်။

သူရည်းစားမိုးမြတ်မြတ်မိုး ကြုံတွေ့ရသည့် ဖြစ်ရပ်မျိုးနှင့် ခပ်ဆင်ဆင် သူကိုလာချောက်တာလည်း ခံရဖူးသည်။ နန်းသဲရွာ... သူ့အိမ်နှင့် မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ယောက်ကို တွေ့ရ... သည်။ တစ်ခါတစ်ရံအမျိုးသမီးတစ်ယောက်တည်း မကြာခဏရပ်၍ သူ့အိမ်ဘက်သို့ကြည့်နေတာကို နှစ်ခါတွေ့ရပြီ။ တတိယအကြိမ်တွင် အမျိုးသမီးဘေးမှ ကိုးနှစ်ဆယ်နှစ်အရွယ် ကလေးတစ်ယောက် လည်းပါသေးသည်။ နေဝင် ဖျိုးဖျအချိန်တွင် တွေ့မြင်ရခြင်းဖြစ်... သည်။

တစ်ခါတစ်ရံ ဤလက်ကောက်ကိုပြန်တောင်း၍ ရောင်းပစ်... ပြီး အသစ်တစ်ကွင်းပြန်ဝယ်လျှင် ကောင်းမည်လားဟု စဉ်းစား... သည်။ သို့သော် ဘာကိုအကြောင်းပြ၍ သူရည်းစားထံမှ ပြန်... ောင်းမည်နည်း။ ဆုပ်လဲစူး စားလဲရူးသလို ဖြစ်နေတော့သည်။

ထိုညတွင် မိုးမြတ်မြတ်မိုးသည် အိပ်မက်တစ်ခုကို မြင်မက်... အိပ်မက်ထဲတွင် မိန်းမတစ်ယောက်နှင့် ကလေးတစ်ယောက်... ည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို သူ့အိမ်ထဲသို့ဝင်လာကြ၏။ မိန်း... ာ ရှေ့မှဝင်လာပြီး ကလေးကနောက်မှ လိုက်ပါလာခြင်းဖြစ်သည်။ ...ကိုနှစ်ယောက်သည် အတူတူပဲလာသလား၊ သို့မဟုတ် မိန်းမကြီး ...ားလေရာသို့ ကလေးက တကောက်ကောက်လိုက်နေသလား ...ာမသဲကွဲပေ။ အိပ်မက်ထဲတွင် သူသည် အိပ်ယာပေါ်တွင်ထိုင်... ...လဲလျောင်းနေ၏။ အိပ်ပျော်တော့မပျော်သေးချေ။ ထိုမိန်းမသည် မိုး... ...တ်မြတ်မိုးအား အလွန်မုန်းတီးစက်ဆုတ်သော အကြည့်မျိုးဖြင့် ...ကြည့်ကာ

"သူများပစ္စည်းအချောင်လိုချင်တဲ့ ကောင်မ
ငါ့လက်ကောက်ပြန်ပေးစမ်း"

ဟု ပြောလိုက်၏။ သူလည်း အံ့ဩဒေါသဖြစ်ကာ

"နင့်ပစ္စည်း ငါဘာယူလို့လဲ ခုချက်ခြင်း ငါ့အိမ်ထဲက ...ထွက်သွားစမ်း"

ဟု အော်ဟစ်လိုက်သည်။ ထိုမိန်းမနှင့် အတူပါလာသော





www.burmeseclassic.com

www.burmeseclassic.com



ကလေးက

"ပြောနေကြာတယ် အမေရယ် ... အတင်းချွတ်ယူရအော

ဟုဆိုကာ ကလေးနှင့် မိခင်ဖြစ်ဟန်တူသူသည် မိုးမြတ်မြ

မိုးရှိရာသို့လာပြီး လက်ကိုဆွဲကာ လက်ကောက်ကိုအတင်းချွတ်

ကြတော့သည်။

"ဟော့ ဒါဘာလုပ်တာလဲ သွားကြစမ်း"

ဟုဆိုကာ မိုးမြတ်မြတ်မိုးလည်း အားရှိသလောက် ပြန်လ

ရုန်းကန်၏။ သို့သော် နှစ်ယောက်နှင့် တစ်ယောက်ဖြစ်သဖြင့် သူ

ဘက်မှ အားသာသွားကာ ခုတင်ပေါ်မှ အောက်သို့မိုးမြတ်မြတ်

တစ်ယောက်ပြုတ်ကျသွား၏။

"ဘုန်း ... အား"

ထိုအခိုက်မှာပဲ သူ့အိပ်မက်က လန့်နိုးသွားသည်။ တိုက်တို

ဆိုင်ဆိုင်ပင် အပြင်၌လည်း ကုတင်ပေါ်မှ ပြုတ်ကျကာ ကြမ်းခင်

ပေါ်သို့ရောက်နေကြောင်း တွေ့ရှိရသည်။ ထူးဆန်းသော အချ

အရာတစ်ခုမှာ ... သူ့လက်တွင်ဝတ်ဆင်ထားသော လက်ကော

ကလေးသည် လက်မှကျွတ်၍ ကြမ်းပေါ်တွင်ကျနေတာတွေ့ရခြင်း

ပင်ဖြစ်သည်။

ရုတ်တရက် လေသည် တဂူးဂူးတိုက်ခတ်လာသည်။ ပြတင်း

ပေါက်တံခါးကိုပိတ်ဖို့ မေ့နေသဖြင့် ခန်းစီးစများမှာ လေတွင်တဖျပ်

ဖျပ်လွင့်နေပြီး အခန်းထဲမှာ လေအေးများစိမ့်ခနဲနေအောင် မွှေ့ယမ်း





ခတ်လိုက်သည်။

လျှပ်စီးတစ်ချက်ပျက်လိုက်သဖြင့် အခန်းထဲမှာဝင်းခနဲလက်

သည်။

လျှပ်ရောင်တစ်ချက်အလက်တွင် အခန်းထောင့်၌ ကလေး

ယောက်၏ ရုပ်သွင်ပေါ်လာပြီး ချက်ခြင်းပျောက်သွား၏။

ကြောက်ရွံ့အံ့သြစိတ်နှင့် သူငေးကြည့်နေမိသည်။ ယခုအခါအခန်းထဲ

ဘယ်သူမှမရှိတော့။ စောစောက မြင်ခဲ့သော ကလေးလိုလို

ပ်လိုလိုအရာလည်း ပြန်လည်ပျောက်ကွယ်သွားပြီဖြစ်သည်။

ထူးထူးဆန်းဆန်းတွေဆက်ကာ ဆက်ကာ ဖြစ်လာသည်။

မိုးမြတ်မြတ်မိုးသည် သိပ်ပြီး ကြောက်တတ်သော မိန်းက

းတစ်ယောက်တော့မဟုတ်။ ကြောက်စိတ်ထက် မခံချင်စိတ်က

အခါ ပိုပြီးပြင်းထန်လာသည်။ ထို့ကြောင့် လဲကျနေရာမှ ကမှာ

ယာထကာ သူ့အလိုလို ရွေ့နေသော လက်ကောက်ကလေးကို

တ်ခနဲကောက်ယူလိုက်၏။ လက်ကောက်က သူ့လက်ထဲသို့ရောက်

သည်။

မိုးမြတ်မြတ်မိုးသည် ဘုရားကို ရုတ်တရက်သတိရတမ်းတ

"နမောတဿ ဘဂဝတောအရဟတော

သမ္မာသမ္ဗုဒ္ဓဿ ... ဗုဒ္ဓံသရဏံ ဂစ္ဆာမိ

ဓမ္မံသရဏံ ဂစ္ဆာမိ



www.burmeseclassic.com

www.burmeseclassic.com



**သံဃံသရဏံ ဂစ္ဆာမိ ...** " ဟု ဆိုလိုက်၏။

ထိုအခါ လက်ကောက်ဝတ်ကိုဆွဲနေသောအားမှာ ရုတ်တရက် ပျောက်ကွယ်သွား၏။ သူ့အမေက အခန်းတံခါးကို လာခေါက်သည်

"သမီးအခန်းထဲက စကားပြောသံလိုကြားလို့ ဘာများဖြစ်တာ လဲလို့ စိုးရိမ်လို့"

"ရပါတယ် ... ဘာမှမဖြစ်ပါဘူး အမေတို့ အဖေတို့အိပ်တော့ လေ ... အော်ဒါနဲ့ ... ဘုရားစင်ပေါ်က ပရိတ်ကြိုးတစ်ခုလောက် သမီးကိုပေးပါလား ... လည်ပင်းမှာဆွဲထားချင်လို့"

"ရတယ် သမီး ... ရော့ ... လိုလိုမယ်မယ် ... ပရိတ်ရေရယ် ပရိတ်သဲရယ်ပါ ယူထားလိုက်"



# အယောင်ဆောင်သရဲ

"စိတ်တော့ သိပ်မပူပါနဲ့ ညီမရယ်
မနက်ဖြန်ကျရင်
ညီမနဲ့အစ်မနှစ်ယောက်
လိုက်ခေါင်းကြီးဘက်သွားကြည့်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်စောမြသဇင်သည် အခန်းထဲတွင်ထိုင်ကာငေးမှိုင်နေမိပါသည်။ သူသည် စားချင်စိတ်လည်းမရှိ စကားပြောချင်စိတ်လည်းမရှိ အိပ်ချင်စိတ်ပင်မရှိတော့ဘဲ အအိပ်ပျက်အစားပျက်ဖြစ်နေသည်မှာ ရက်ပေါင်းအတန်ကြာသေပြီ။ တိတိကျကျပြောရလျှင် လွန်ခဲ့သောလေးရက်ခန့် သားကလေးထွန်းထွန်းပျောက်သွားသောနေ့မှ စတင်ခဲ့သည်။

သားကလေးသည် သေလားရှင်လားလဲမသိ၊ ဘယ်ရောက်လို့ဘယ်ပေါက်မှန်းလဲမသိ။ ဘုရားသိကြားမ၍ မသမာသူများလက်သို့ မရောက်ပါစေနှင့်ဟုသာ ဆုတောင်းရတော့သည်။ သားလေးပျောက်၍ သောကပရိဒေဝမီးတောက်လောင်နေဆဲဝယ် စိတ်ခကောင်းဖွယ်သတင်းတစ်ခုကို ထပ်မံကြားသိရပြန်သည်။ သားလေး



www.burmeseclassic.com

www.burmeseclassic.com



၏ အတန်းဖော်သဲစုကျော်ဆိုသောကောင်မလေး ပျောက်သွားသ ဟု မနက်က ထပ်မံကြားရပြန်လေသည်။ သူ့သားပျောက်သော အ ကို ရဲစခန်းသို့တိုင်ထားရာ သက်ဆိုင်ရာကလည်း အပူတပြင်းလို လံထောက်လှမ်းရှာဖွေနေလေသည်။

ထိုစဉ်မှာပဲ အိမ်တံခါးသည် ကျွီခနဲပွင့်သွားသံကြားရသည် တောင်ယာလုပ်နေသော သူယောကျ်ားပြန်လာပြီလားဟု တွေ သည်။ အိမ်ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ လေ့ကားထ များအတိုင်း တစ်စုံတစ်ယောက်သည် အိမ်ထဲသို့ဝင်လာမှန်းသိလို ရ၏။

ဘယ်သူများလဲဟု အိမ်အဝင်ဝသို့ ကဲကြည့်လိုက်သောအ သားကလေးထွန်းထွန်းကိုတွေ့ရသဖြင့် ဆွေ့ဆွေ့ခုန်အောင် ဝ သာသွား၏။ သို့သော် သွေးကစကားပြောသည်ဆိုသော စကားအ ပင် ဤကလေးသည် မိမိသားလေးဟုတ်မှဟုတ်ရဲ့လားဆိုသော အတွေးတစ်ချက်လည်း ရုတ်တရက်ဝင်လာသေးသည်။

ကလေးသည် လူသားစင်စစ်မှ ဟုတ်ရဲ့လား မပြောကောင်း မဆိုကောင်း သားလေးသည် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွား၍များ မအေကိုလာ၍ ကိုယ်ထင်ပြသလောဟူသော အတွေးနှင့် ကလေးကို စေ့စေ့စပ်စပ်အကဲခတ်လေသည်။

ထိုအခါ ထူးခြားချက်ကိုတွေ့သည်။ ထိုသူငယ်သည် ပြုံးရယ် ခြင်း၊ စကားပြောခြင်းမရှိ ပကတိမတုန်မလှုပ်မျက်နှာဖြင့် ရှိနေသည့်





ဖြင့် မျက်တောင်လည်းမခတ်ချေ။ ရှေ့တည့်တည့်သို့သာ စူးစိုက် ကြည့်နေ၏။

ကြည့်နေရင်းပင် ထွန်းထွန်း၏ရုပ်သွင်သည် ပျောက်သွားပြီး ခြားကလေးတစ်ယောက်၏ ပုံသဏ္ဌာန်ပေါ်လာ၏။

မျက်နှာတွင် ကန့်လန့်အစင်းတစ်ခုပါသော ကလေးတစ်ဦး။

သူမကိုကိုယ်ထင်ပြပြီးနောက် ရုတ်တရက်ပျောက်ကွယ်သွား သည်။ အသားတွေတဆတ်ဆတ်တုန်သည်အထိ ကြောက်လန့်ပြီး သူကျွန်ရစ်သည်။

ဘာအဓိပ္ပာယ်နှင့် သူ့ဒါကိုမြင်သနည်း။ ဘာကြောင့် သူ့ကို လာ၍ ခြောက်လှန့်သလဲ။ သားလေးထွန်းထွန်း ဘေးမသီရန်မခရှိ နေပါသေး၏လော။ သားလေးနှင့်တကွ သဲစုကျော်ဆိုသော သူငယ် လေးကျန်းမာပါစေ၊ ချမ်းသာပါစေ ဘေးအန္တရာယ်ကင်းပါစေဟု သာ အကြိမ်ကြိမ်ဆုတောင်းမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားခင်သည်လည်း သူ့ညီမလေးသဲစုကျော်ပျောက်သွားကတည်းက စိတ်ပူပန်ခြင်းများစွာဖြစ်နေရ၏။ ညီမလေးဘယ်ရောက်နေသလဲ မပြောကောင်း မဆိုကောင်းတစ်ခုခုများဖြစ်သွားလေသလားဟု တွေးမိတိုင်းလည်း စိတ်ဆင်းရဲရသည်။

ဆေးရုံသို့ လိုက်သွားသောနေ့ကမူ ဘာပဲဖြစ်ဖြစ် ညီမလေးကို ကျောက်မဲ၌တွေ့ရနိုင်သည်ဟူသော အတွေးကြောင့် စိတ်သက်သာရာရခဲ့သည်။ အမှန်စင်စစ်ဆေးရုံတွင် မရှိဟုဆိုသောအခါ မျှော်လင့်ခြင်းတို့ ကျိုးပျက်ရလျက် စိုးရိမ်သောကကြီးစွာ ဖြစ်ရပြန်သည်။

ယနေ့လည်း ကျောင်းမှခွင့်နှစ်ရက်ယူကာ ညီမလေးအကြောင်းစုံစမ်းမည်ဟု အိမ်မှထွက်လာခဲ့သည်။ သူ့ညီမလေးသွားတတ်လာတတ်သောနေရာအားလုံး သွားရောက်စုံစမ်းသည်။ ထူး





ဆန်းတာတစ်ခုကိုတော့ ညီမလေးသူငယ်ချင်းအေးကျော်က ခုလိုပြောပြပါသည်။

“မုန့်စားကျောင်းဆင်းချိန်မှာ ခဲချွန်စက်ဝယ်ဖို့ ကျွန်တော်ဘူတာဘက်ကိုလာခဲ့တယ်၊ ချွန်စက်ဝယ်ပြီး အပြန်ကျတော့ လမ်းမှာသဲစုကျော်ကိုတွေ့တယ် သူက ကျွန်တော့်ကိုမမြင်ဘူး”

“သူကြည့်ရတာ ... တစ်ခုခုကို အရမ်းစိတ်ဝင်စားပြီး ပြေးလိုက်နေသလိုပဲ ပါးစပ်ကလည်း ထွန်းထွန်းရေ... နေပါဦး ... ငါ့ကိုစောင့်ဦးလို့ပြောလိုက်တာ ကြားရတယ် ... သူ အဲဒီလိုအော်တာနဲ့ ကျွန်တော်လဲ ထွန်းထွန်းများပြန်လာပြီလားလို့တွေးပြီး သူပြေးတဲ့ဘက်ကို သေသေချာချာလိုက်ကြည့်သေးတယ် ဒါပေမဲ့ ဘာမှမတွေ့ပါဘူး သဲစုကျော်တော့ ကြောင်သွားပြီလို့တွေးပြီး ကျွန်တော်ကျောင်းကိုပြန်လာခဲ့တယ်”

“သူတို့ ... အဲလေ ညီမလေးသဲစု ဘယ်ဖက်ကိုထွက်သွားတာတွေ့သလဲ”

“ကျွန်တော်မြင်တာတော့ ဘူတာထဲကနေ တောင်ဘက်ကိုထွက်သွားတာပဲ”

ညီမလေးသဲစုကျော်ပျောက်ဆုံးမှုက ထင်တာထက်ပို၍ ရှုပ်ထွေးလာသည်။ မူလက ညီမလေးသည် အမေ့ဆီသွားချင်တာ မိမိကလိုက်မပို့သည့်အတွက် စိတ်ကောက်ကာ တဇွတ်ထိုးစိတ်ဓာတ်ဖြင့် တစ်ယောက်တည်းရထားတက်စီးပြီး ကျောက်မဲသို့အသွားလမ်း၌



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားသည်ဟု ယူဆခဲ့သည်။ သက်ဆိုင်ရာကလည်း ထို လမ်းကြောင်းကို အဓိကထားပြီး စုံစမ်းရှာဖွေနေခဲ့သည်။ ကျောက်မဲ ဘူတာအပြင် နောက်ဘူတာများဖြစ်သော စခမ်းသာဘူတာနှင့် ဘော်ကြိုဘူတာများသို့ပင် သွားရောက်ကာ စုံစမ်းမှုများပြုလုပ်နေခဲ့ ပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အေးကျော်ဆိုသော ကောင်လေး၏ပြောပြ ချက်သည်အလွန်အဖိုးတန်သော သဲလွန်စဖြစ်သည်။ ညီမလေးသည် ကျောက်မဲသို့သွားရန် ရည်ရွယ်ချက်ဖြင့် ဘူတာသို့ရောက်လာခဲ့ပြီး မှ ပျောက်နေသော သူ့သူငယ်ချင်း ထွန်းထွန်းကို မမျှော်လင့်ဘဲ တွေ့ ရှိခဲ့သဖြင့် စိတ်ကူးပြောင်းသွားပုံရသည်။ ထွန်းထွန်းနောက်သို့ ပြေး လိုက်သွားသည်ဟူသော စကားကိုထောက်၍ သဲစုကျော်သည် သူ့ သူငယ်ချင်းထွန်းထွန်းကိုမြင်ရသည်ကား ဧကန်ဖြစ်မည်။ သို့သော် အေးကျော်ကမူ ထွန်းထွန်းကိုမမြင်ဘဲ သဲစုကျော်ကိုသာမြင်ပါသည် ဟုဆိုထားရာ ဤကိစ္စကို နားမလည်နိုင်အောင်ဖြစ်မိသည်။ ဘာပဲ ဖြစ်ဖြစ် ရထားသော သဲလွန်စရေးရေးလေးကို ဆုပ်ကိုင်၍ တစ်ဆင့် ခြင်းသာလိုက်၍ စုံစမ်းရပေတော့မည်။

"သက်ထားခင်"

ကိုယ့်အတွေးနှင့်ကိုယ်လျှောက်လာရာမှ သူ့နာမည်ကို ခေါ် သံကြားသဖြင့် လန့်ဖျန့်သွားမိသည်။ နောက်မှ သေသေချာချာကြည့် လိုက်ရာ သူ့ကိုနှုတ်ဆက်သူမှာ ကျောင်းနေဖက်သူငယ်ချင်း မိုးမြတ်







မြတ်မိုးဖြစ်နေတာတွေ့ရသည်။

"လန့်လိုက်တာ မိမိုးရယ်"

"ဘာတွေလန့်နေတာလဲဟဲ့ အလကားနေရင်း"

"မပြောတတ်ပါဘူးဟယ် ခုတလောဘာဖြစ်မှန်းကို မသိဘူး အလိုလိုနေရင်း လန့်ချည်းနေတယ်"

"ငါဖြစ်ပုံနဲ့တော့ တူနေပြီဟ ... ငါလည်း နင့်ကိုတိုင်ပင်စရာ လေးတွေရှိလို့ ကျောင်းမှာပြောလို့လဲမကောင်းတာနဲ့ အိမ်ကိုလာရ မလား စဉ်းစားနေတာ"

"ဘာတိုင်ပင်မှာလဲ ... နင့်ရည်းစား ဟိုဖက်ရွာကကောင်လေး နဲ့ ခိုးရာလိုက်ပြေးဖို့ကိစ္စလား ... ဒါများ ငါ့ကိုလာတိုင်ပင်မနေနဲ့ ငါက ရည်းစားတောင်ရှိတာမဟုတ်ဘူး ... ဘာမှလည်း အကြံကောင်း ဉာဏ်ကောင်းထွက်မှာ မဟုတ်ဘူး"

"ကောင်မ ... နင်ကတော့လုပ်ပြီ ... နင်ရည်းစားမရှိတာ နင်က ပြန်မကြိုက်လို့ပဲ နင့်ကိုကြိုက်တဲ့သူတွေ တို့ရွာထဲမှာ ပေါမှပေါ ငါ့ကိုတောင်လာပြီး အောင်သွယ်ခိုင်းကြသေးတယ် ဟီဟိ"

"ကဲပါအေ ... နင့်ကိစ္စပြောမယ့်အရေးသာပြောပါ"

ထိုအခါမှ မိုးမြတ်မြတ်မိုး၏မျက်နှာမှာ ညှိုးငယ်သွားပြီး

"ဒီလိုအေ ... ဖတ်လမ်းက ငါ့ရည်းစားကိုအောင်ကျော်သူက ငါ့ကို ရွှေလက်ကောက်တစ်ကွင်းလက်ဆောင်ပေးတယ် အဲဒီကနေ ဖြစ်တော့တာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးမြတ်မြတ်မိုးက ကြုံတွေ့ရသမျှအဖြစ်အပျက်များကို ခေ... နေတွင်းကျ ရှင်းပြလိုက်သည်။

"ဒါပါပဲအေ ... ငါမှာ ညရောက်မှာတောင် ကြောက်ပါတယ် ဒါပေမဲ့ ခုတလောတော့ သရဲကလာမချောက်တော့ပြန်ဘူး ... ပရိတ် ကြိုးလည်ပင်းဆွဲထားလို့လား မသိဘူး"

ဆရာမလေး သက်ထားခင်က သူ့သူငယ်ချင်းမိုးမြတ်မြတ်မိုး ၏ စကားကို လေးလေးနက်နက်နားထောင်၍

"နင်ပြောတဲ့စကားထဲမှာ သရဲက နှစ်ယောက်နော်"

ဟု မေးလိုက်၏။

"မဟုတ်ဘူးဟ ... နှစ်ယောက်က အိပ်မက်ထဲမှာ သူတို့က သားအမိနှစ်ယောက်ပဲတွေ့တယ် ... ဒါပေမဲ့ အပြင်မှာတကယ်တွေ့တာက သူ့ သားကိုပဲတွေ့ရတယ် ... မအေကို မတွေ့ရဘူး"

"အဲဒီ သရဲလိုလိုကောင်လေးကို နင်အပြင်မှာ တွေ့ဖူးသလား"

"ဟင့်အင်း မမြင်ဖူးဘူးဟ ... ငါတို့ရွာကတော့ မဖြစ်နိုင်ဘူး သူတို့နှစ်ယောက်လုံးကို ငါမမြင်ဖူးဘူး"

"ဒါဆို နင်ဘယ်လိုဆက်လုပ်မလဲ"

"ငါကတော့ဟာ ဒီမသန့်တဲ့ပစ္စည်းကို ဆက်ဝတ်မထားချင် တော့ဘူး ... ဒီနေ့ညနေ ကိုအောင်ကျော်သူလာရင် သူ့လက်ကောက် ကို ပြန်ပေးလိုက်တော့မယ်"



"အေး အဲဒါလည်းကောင်းပါတယ် ... လက်ကောက်ကိုပြန် ...ောင်းလိုက်ပြီး ... ရွှေဆိုင်မှာ တခြားပစ္စည်းတစ်ခုခု ပြန်ဝယ်လိုက် ...ဲ"

မိုးမြတ်မြတ်မိုးက မျက်နှာညှိုးနွမ်းစွာဖြင့်

"ဟုတ်တယ် သူငယ်ချင်း ငါလည်း ကိုအောင်ကျော်သူကို အဲဒီလိုပဲပြောလိုက်တော့မယ် ဒါနဲ့ နင်အခု ဘယ်သွားမလို့လဲ"

"ငါညီမလေးရဲ့ သူငယ်ချင်းထွန်းထွန်းဆိုတာရှိတယ်လေ ...တို့က တောင်ကုန်းပေါ်က ယာတဲအိမ်လေးမှာနေကြတယ် အဲဒီ ...ို့သွားပြီး သူ့အမေကို သွားတွေ့မလို့ ... ညီမလေးသတင်းရလို ...ြားပေါ့"

သက်ထားခင်သည် စကားပြောရင်း သူ့ညီမလေးကို သတိရ သဖြင့် မျက်ရည်လေးစမ်းစမ်း စမ်းစမ်းဖြစ်နေရှာသည်။

"နင့်ညီမလေး သတင်းကြားရတာ ငါလည်းစိတ်မကောင်းပါ ဘူးအေ ... အကူအညီလိုရင်ပြောပါ ငါလည်း တတ်နိုင်သလောက် ...ိုင်းရှာပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

ဟုပြောကာ သက်ထားခင်ဘူတာဝင်းထဲမှထွက်ကာ တောင် ယာတဲလေးများရှိရာဘက်သို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

သက်ထားခင်ရောက်သွားတော့ အိမ်ပေါ်မှာ တိတ်ဆိတ်ချောက်ကပ်နေသည်။

"မောင်ထွန်းထွန်းတို့အမေ ... မောင်ထွန်းထွန်းတို့အမေ ကျွန်မ ဆရာမသက်ထားခင်ပါ ... သဲစုကျော်ရဲ့အစ်မပါ ... အိမ်မှာ လူရှိပါသလား"

တစ်အိမ်လုံးသည် ချောက်ချားဖွယ်တိတ်ဆိတ်နေ၏။ လှေကားထစ်များအတိုင်း အိမ်ပေါ်သို့ သူတက်လိုက်သည်။ အိမ်ရှေ့ခန်းသည် ပြတင်းပေါက်တံခါးများပိတ်ထားသဖြင့် အလင်းရောင်နည်းပါးနေ၏။





စေ့ထားသော တံခါးကိုတွန်းဖွင့်ဝင်လိုက်သောအခါ တံခါးရွက်များသည် တကျွိကျွိမြည်သံပြုလျက် ဖြည်းညင်းစွာပွင့်သွား၏။

အလင်းရောင်နည်းပါးသော အခန်းအလယ်၌ သူမြင်ရသည်မှာ ကလေးတစ်ယောက်သည် သူ့ကိုကျောပေး၍ရပ်နေသောပုံရိပ်ဖြစ်သည်။ ဟုတ်မှဟုတ်ရဲ့လားဟု သူ့ရှေ့သို့အနည်းငယ်တိုးပြီး ကြည့်လိုက်သည်။

မျက်နှာမှာ အမာရွတ်တစ်ခုနှင့် ကောင်လေးတစ်ယောက်ကို မြင်ရသဖြင့် သူထိတ်လန့်သွား၏။ နောက်တော့ ကောင်လေး၏ ကိုယ်သည် မြူလိုလို နှင်းလိုလိုဖြစ်သွားကာ နေရာမှ ပျောက်သွားတော့၏။

ရုတ်တရက် သူ့ပုခုံးပေါ်သို့ လက်တစ်ဖက်လာရောက်ထိကိုင်သဖြင့် လန့်ဖျပ်ပြီး အော်လိုက်မိသည်။

"အား ... အမေ့"

ကြောက်ကြောက်နှင့်လှည့်ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်ကိုတွေ့ရသည်။ သူ့အထိတ်တလန့် မပြေသေးဘဲ အမျိုးသမီးကို အကဲခတ်ကြည့်နေလိုက်သည်။

"ကျွန်မ ထွန်းထွန်းအမေပါ ... ဒီက ညီမ ဆရာမသက်ထားခင်မို့လား"

ထိုအခါမှ ကြောက်စိတ်ပြေကာ သက်ပြင်းချမိပါသည်။

"ဟုတ်ပါတယ် ... ကျွန်မ သက်ထားခင်ပါ ... ထွန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဘာများထူးလဲလို့လာမေးရင်း ညီမလေးသဲစုကျော် အကြောင်းလည်း တိုင်ပင်ရအောင် လာခဲ့တာပါ”

“သားအကြောင်းကတော့ ဘာမှမထူးပါဘူး ညီမရယ် ထူး တာဆိုလို့ သရဲချောက်ခံရတာပဲ ထူးတယ်”

“ဟင် သရဲချောက်ခံရတယ် ဟုတ်လား”

“ဟုတ်တယ် သရဲက သားလေးယောင်ဆောင်လာတယ် ကျွန်မက သားလေးမဟုတ်မှန်းသိတော့မှ သူ့နဂိုရုပ်နဲ့ပြပြီး ချောက် တယ်”

“နေဦးအစ်မ … ကျွန်မပြောဦးမယ် အဲဒီကလေးသရဲက မျက် နှာမှာ အမာရွတ်ကန့်လန့်နဲ့စင်းနဲ့မို့လား”

ဟု သက်ထားခင်က ကြားဖြတ်ပြီး ပြောလိုက်သည်။

“ဟုတ်တယ် ဟုတ်တယ် အဲဒီအတိုင်းပဲ … ဆရာမက ဘယ် လိုလုပ်ပြီးသိသလဲ”

“ဘယ်လိုသိရမှာလည်း အစ်မရယ် ခုပဲ ဒီအိမ်ပေါ်မှာ ချောက် ခံရလို့ ကြောက်နေတုန်း အစ်မက ပုခုံးကိုလာကိုင်လို့ အရမ်းလန့် သွားတာ”

“ဩော် ဒီလိုလား … အေးကွဲ့ သားလေးနဲ့ ဆရာမညီမလေး သဲစုကျော် ပျောက်သွားတာ ဒီသရဲလေးနဲ့ တနည်းမဟုတ်တနည်း ပတ်သက်နေနိုင်တယ် … ဘာဖြစ်လို့လဲဆိုတော့ အရင်က ဒီအိမ်မှာ တစ်ခါမှ သရဲချောက်မခံရဖူးဘူး”





“ကျွန်မ ညီမလေးပျောက်သွားတုန်းကလည်း ထွန်းထွန်းရေ ထွန်းထွန်းလို့အော်ခေါ်ပြီး ပြေးလိုက်သွားတာတွေ့တယ်လို့ ကျောင်း သားတစ်ယောက်ကပြောတယ် … သူပြောတာတော့ ထွန်းထွန်းကို မမြင်ရဘူးတဲ့ ညီမလေးတစ်ယောက်တည်းအော်ပြီး ပြေးနေတာတဲ့ ကျွန်မတော့ သေသာသေလိုက်ချင်တာပဲ … အမေ့ကို ဘယ်လိုပြော ရမှန်းတောင်မသိတော့ဘူး … ဒီကိစ္စကိုလည်း ဘယ်ကဘယ်လိုစပြီး ကိုင်တွယ်ဖြေရှင်းရမှန်းမသိတော့ပါဘူး အစ်မရယ်”

“စိတ်တော့ သိပ်မပူပါနဲ့ ညီမရယ် … မနက်ဖြန်ကျရင် ညီမ နဲ့အစ်မနှစ်ယောက် လိုဏ်ခေါင်းကြီးဘက် သွားကြည့်ကြရအောင်”



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောလူသေမှု

"အရာဝတ္ထုတစ်ခုသည်
သူ့ရှေ့မှ ရိပ်ခနဲဖြတ်ပြေးသွားသည်
ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏
သစ်ပင်များသည် လေအဝှေ့ဝယ်
ဟိုသည်ယိမ်းထိုးလျက် ဝိညာဉ်များသဖွယ်
မှောင်ရိပ်ဝိုးဝါး၌ သူ့ကိုချောက်လှန့်နေကြသည်"

နေမျိုးဆောင်း တပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

အောင်ကျော်သူသည် တောလမ်းအတိုင်းတစ်ယောက်တည်း လမ်းလျှောက်ပြန်လာရင်း သူ့ချစ်သူမိုးမြတ်မြတ်မိုးပြောလိုက်သော စကားများကိုကြားယောင်လာသည်။

"ဒီလက်ကောက်ကို ဝတ်ရတာ ကျွန်မစိတ်မသန့်တော့ဘူး ကိုအောင်ကျော်သူ ... ဒီလက်ကောက်ဝတ်မိတဲ့နေ့ကစပြီး ပြဿနာတွေဆက်တိုက်ဖြစ်တယ် ... စိတ်ရှုပ်စရာတွေ ထိတ်လန့်စရာတွေ အမြဲကြုံရတယ် ... အစ်ကို့လက်ကောက်ကို ညီမမဝတ်ရဲတော့ဘူး ဖြစ်နိုင်မယ်ဆိုရင် ဒီလက်ကောက်ကိုရောင်းပစ်လိုက်ပါလားဟင် ရတဲ့ ငွေနဲ့ တစ်ခုခုပြန်ဝယ်လိုက်ပေါ့ ... ဘာပဲဖြစ်ဖြစ် အစ်ကိုဝယ်ပေးတာဆို ကျွန်မက အမြတ်တနိုးဝတ်မှာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်သောမျက်နှာဖြင့် တောင်းပန်းတိုးလျှိုးနေသော ချာ သူ၏မျက်နှာကိုမြင်ယောင်မိသည်။ သူ့စိတ်ထဲကလည်း ဤလက် ကောက်ကိစ္စကိုရှင်းချင်သည်မှာကြာပြီ။ ဘယ်သူပိုင်မှန်းမသိသော ဘယ်ကမှန်းမသိသော လက်ကောက်တစ်ရံ ဂြိုဟ်မွှေနေတာကို သူ လည်းစိတ်ပျက်လှပြီ။ သူကိုယ်၌ကစပြီး ပြန်တောင်းရမှာ မကောင်း တတ်သဖြင့် စိတ်အိုက်နေတုန်း ယခုလို သူ့ကောင်မလေးက စတင် ပြီး ပြောလိုက်တော့ သူလည်းအကွက်ကောင်းဆိုက်သွား၏။ သို့ သော် ဝမ်းသာမှုကို ထိမ်းကာ

"အင်း ဟုတ်တော့ဟုတ်တယ်ကွ ဒီလက်ကောက်က သေသေ ချာချာကြည့်မှ ပုံကနည်းနည်းရိုးသလားလို့ ကိုယ်လည်းသိပ်မကြိုက် ဘူး တီဗီကြော်ငြာထဲက ထက်ထက်မိုးဦးဝတ်တဲ့ လက်ကောက်မျိုး လေးဆို မဆိုးဘူး ဒါမှမဟုတ် မြို့သူတွေဝတ်သလို ဟမ်းချိန်းဆို လား ဘာလား အဲဒါဝယ်ပေးမယ်ကွာ ... ငါ့ရည်းစားက အသားဖြူ တော့ ဘာဝတ်ဝတ်လိုက်မှာပါ ..."

"အစ်ကိုသဘောပဲ ကြိုက်တာဝယ်ခဲ့ ဒီလက်ကောက်မဟုတ် ရင်ပြီးရော ..."

ပြုံးပျော်ရွှင်လန်းကာ စိတ်လက်ပေါ့ပါးသွားသော ချစ်သူ၏ အပြုံးကိုမြင်ယောင်ကာ အောင်ကျော်သူလည်း ရောယောင်ပြုံးမိပါ သည်။ သို့သော် ထိုအပြုံးမှာ ကြာရှည်မခံချေ။ သူ့အပါးမှာ လှစ်ခနဲ ဖြတ်သွားသော အရိပ်တစ်ခုကြောင့် လန့်ဖျပ်သွား၏။





တဖြည်းဖြည်းနှင့် အလင်းရောင်က နည်းပါးကာနေဝင်ရီသ ရောအချိန်သို့ရောက်လာသည်။ ယနေ့မှ အဖော်ခေါ်မလာဘဲ တစ် ယောက်ထဲ ဒီလမ်းကလာမိတာ နောင်တရမိ၏။ မိုးမြတ်မြတ်မိုးက တွေ့ချင်သည်။ အမြန်လာပါဟု လူလွှတ်၍ ခေါ်ခိုင်းလိုက်သဖြင့် ချက်ချင်းထလိုက်လာရခြင်းဖြစ်ရာ ခါတိုင်းအတူလိုက်နေကျ ခိုင်တိုး ဇော်က မအားသဖြင့် လိုက်မလာနိုင်ခဲ့ပေ။

မူလအစီအစဉ်ကတော့ နောင်ပိန်သို့ရောက်၍ စကားပြောဆို ပြီးသည်နှင့် နေမဝင်ခင်ရွာရောက်အောင် ပြန်ဖို့မှန်းခဲ့သော်လည်း သမီးရည်းစားတို့ သဘာဝစကားပြောရင်း အချိန်ကုန်မှန်းမသိဖြစ် ကာ ယခုလိုရွာအပြန်လမ်းခုလပ်၌ နေဝင်မိုးချုပ်စပြုလာခြင်းဖြစ် သည်။ သူတို့အရပ်ဒေသသည် တောင်ကုန်းတောင်တန်းများပေါများ သော ရှမ်းပြည်နယ်မြောက်ပိုင်းဒေသဖြစ်၍ နေအဝင်စောတတ် သည်။ တောင်တန်းနောက်သို့ နေဝင်သွားပြီးသည်နှင့် တပြိုင်နက် အလင်းပျောက်၍ အမှောင်ရောက်လာမှုမှာ လျင်မြန်လှသည်။

ယခုလည်း မှောင်ရီပိုးတဝါးဖြစ်စအချိန်တွင် အရာဝတ္ထုတစ်ခု သည် သူ့ရှေ့မှ ရိပ်ခနဲဖြတ်ပြေးသွားပါသည်။ လျှောက်လက်စခြေ လှမ်းကိုတုံ့ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ထူးထူးခြားခြား ဘာမှမမြင်ရ။ သစ်ပင်များသည် လေအဝှေ့ဝယ် ဟိုဒီယိမ်းထိုးလျက် ဝိညဉ်များသဖွယ် မှောင်ရီပိုးဝါး၌ သူ့ကိုချောက်လှန့်နေကြသလိုရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ဆိုးထိုးသံ ဂီးခနဲကြားရပြီး ချုံပုတ်တစ်ခုနောက်မှ ငှက်တစ်ကောင်လန့်ပျံပြေးသွား၏။

လန့်ဖျပ်ပြီး ကိုယ်ကိုကိုင်း၍ ဝပ်လိုက်ရာ ... အိပ်ကပ်ထဲတွင်ထည့်ထားသော လက်ကောက်ကလေးသည် အိပ်ထဲမှထွက်ကျပြီးမြေပေါ်တွင် ဖြည်းညင်းစွာ လိမ့်သွား၏။

လေးဖက်ထောက်လျက်ကပင် လက်ကောက်လေးရှိရာသို့ဒူးထောက်ပြီး သူတွားသွားသည်။ လက်ကောက်အနားသို့ရောက်၍ကောက်ယူတော့မလိုလုပ်သောအခါတွင် သူ့ရှေ့တည့်တည့်တွင် ခြေထောက်တစ်စုံရောက်လာတာတွေ့ရသည်။ အံ့သြစိတ်နှင့်မော့ကြည့်လိုက်တော့

ခေါင်းစုတ်ဖွားနှင့်မိန်းမတစ်ဦးကို ပြာသော၊ နက်သော၊ ဝိုးတဝါး ကောင်းကင်ကိုနောက်ခံပြု၍ တွေ့ရသည်။ လိပ်ပြာလွင့်မတတ်သူ ကြောက်လန့်သွားသည်။ သို့သော် ချက်ချင်း သတိပြန်ဝင်လာပြီး ရွှေလက်ကောက်ကို လက်လှမ်းယူလိုက်သည်။ သို့သော်သူ့ရှေ့မှ အမျိုးသမီးက သူ့ထက်လျင်သည်။

သူ့လက်သည် လက်ကောက်ကိုမကိုင်မိ၊ မြေကြီးကိုသာကိုင်မိသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီးကြီးက သူ့ရွှေလက်ကောက်ကို လျင်မြန်စွာကောက်ယူလိုက်သောကြောင့်ဖြစ်သည်။ ထို့နောက် ချက်ချင်းပင်လေ၏လျင်မြန်ခြင်းမျိုးဖြင့် သူ့ထံပါးမှ ထွက်ပြေးသွားတော့၏။





"ဟော့ ... ဟော့ ဒါဘာလုပ်တာလဲ ... ငါ့လက်ကောက်ပြန်ပေးစမ်း"

ယောကျ်ားတစ်ယောက်၏မာန၊ လူငယ်တစ်ယောက်၏အားအန်က သူ့ရင်တွင်းကိုပြန်ဝင်လာသည်။ လဲကျနေရာမှ လူးလဲထကာသူ့လက်ကောက်ကိုယူသွားသော အမျိုးသမီးနောက်သို့လိုက်၏။ အမျိုးသမီးသည် လျင်မြန်သောခြေလှမ်းများနှုန်းဖြင့် ပြေးသွားရာ ယခုအခါ မည်းမည်းအရိပ်တစ်ခုပမာသာမြင်ရတော့သည်။

နေဝင်ဆည်းဆာအချိန် အလင်းပျောက်၍ အမှောင်ရောက်သည့်ကာလတွင် တစ်ခုသော တောအုပ်ကလေးအတွင်း တောင်ကုန်းတောင်တန်းပေါ်များလှသော နေရာတစ်နေရာတွင် မည်းမည်းအရိပ်သဏ္ဌာန်နှစ်ခုသည် ရှေ့ဆင့်နောက်ဆင့် ရွေ့လျားနေကြ၏။ သေသေချာချာကြည့်လိုက်သောအခါ ရှေ့မှပြေးနေသူသည် အမျိုးသမီးတစ်ယောက်ဖြစ်ဟန်တူပြီး နောက်မှလိုက်သူမှာ အမျိုးသားတစ်ယောက်ဖြစ်လေသည်။ သူတို့နှစ်ဦးသည် အတန်ကြာအလှမ်းကွာနေသော အနေအထားမှ ပြေးရင်းလွှားရင်း တစ်ဦးနှင့်တစ်ဦးတစ်စစနီးကပ်လာ၏။

တစ်ယောက်နှင့်တစ်ယောက် အလွန်နီးကပ်လာသောအချိန်တွင် အောင်ကျော်သူသည် ရှေ့မှပြေးနေသော မိန်းမ၏လက်ကိုလှမ်းဆွဲလိုက်၏။

သို့သော် မမျှော်လင့်သောဖြစ်ရပ်များက ဖြစ်ပေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှေ့မှ အမျိုးသမီး၏လက်ကို ပြေးရင်းလှမ်းဆွဲလို
သောအချိန်တွင် မြေပေါ်တွင် ငုတ်တိုဖြစ်နေသော သစ်မြစ်တစ်ခု
ခလုတ်တိုက်မိ၍ ဒလိမ့်ခေါက်ကွေးသူ ပစ်ကျသွားသည်။ သူလဲ
သွားရာနေရာသည် တောင်ခါးပန်းစောင်းတစ်ခုဖြစ်၍ ဘယ်လို
အရှိန်မထိမ်းနိုင်တော့ဘဲ လိမ့်ကာလိမ့်ကာ ဆက်တိုက်တောင်စော
အတိုင်းအောက်သို့ကျသည်။ အရှိန်ဖြင့် ပစ်ကျလာစဉ် ရှေ့တည့်တ
၌ ကာဆီးနေသော လူတစ်ရပ်ခန့် ဂဝံကျောက်တုန်းကြီးကိုတွေ
တော့ သူထိတ်လန့်ပြီး ကျယ်လောင်စွာအော်ဟစ်လိုက်သည်။

"အား"

သူ့ဦးခေါင်းသည် မာကျောသောအရာဝတ္ထုတစ်ခုနှင့် ပြင်း
ထန်စွာဆောင့်မိကြောင်း သိလိုက်ရပြီး သူ့မြင်ကွင်းအားလုံးမှော
အတိကျသွားတော့သည်။





အောင်ကျော်သူ၏အလောင်းကို စတင်တွေ့ရှိသူမှာ နွား
ကျောင်းသားကလေး မောင်ဖိုးအေးဖြစ်သည်။ တောအုပ်အလယ်
တွင် တောင်စောင်းတစ်ခုရှိရာ၊ ထိုတောင်စောင်း၏ ခြေရင်း၌အလွန်
ကြီးမားလှသည့် ကျောက်တုံးကြီးတစ်ခုရှိပြီး၊ ၎င်းကျောက်တုံးကြီး
ရှေ့တွင် လူတစ်ယောက်အားလျားမှောက်အနေအထားဖြင့် လဲကျ
သေဆုံးနေ၏။ ဖိုးအေးသည် နောင်ဝိနဲသို့ပြန်ပြေးသွားပြီး လူကြီး
များကို အသိပေးသဖြင့် အခင်းဖြစ်ရာသို့ သက်ဆိုင်ရာမှ လာရောက်
ကြည့်ရှု၏။

ကျောက်တုံးတွင် သွေးများစွန်းနေပြီး သေသူ အောင်ကျော်
သူ၏ဦးခေါင်းတွင်လည်း ကြီးမားသော ဒဏ်ရာတစ်ခုတွေ့ရသဖြင့်
သေဆုံးရသောအကြောင်းမှာ အထူးစုံစမ်းနေစရာမလိုဘဲ ရှင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သို့သော် သူတို့အားလုံး နားမလည်သောအချက်မှာ အောင်ကျော်သူသည် ဤလမ်းခရီးကို အမြဲသွားနေကျလူတစ်ယောက်ဖြစ်ပါလျက် ဘာကြောင့် ဤကျောက်တုံးကြီးကိုခေါင်းနှင့် ဆောင့်မိသည်အထိဖြစ်ရသနည်း။ ပြေးရင်းလွှားရင်း ခြေချော်၍ လိမ့်ကျလာသည်ဆိုလျှင်လဲ သူထွက်ပြေးရခြင်း အကြောင်းကဘာလဲ။ ရွာအမြန်ရောက်အောင်ပဲ ပြေးသွားရင်း ခလုတ်တိုက်လဲကျလေသလား။ မှုခင်းဆရာဝန်၏ဆေးစစ်ချက်အရဆိုလျှင် အောင်ကျော်သူ သေဆုံးသောအချိန်မှာ ယမန်နေ့ညနေ ခြောက်နာရီခွဲ။ ခုနစ်နာရီခန့် ကဖြစ်ကြောင်း ခန့်မှန်းထားရာ မှောင်ကြီးမည်းကြီးထဲတွင် အကြောင်းမဲ့သက်သက်တော့မပြေးရာ။ သို့သော် ဘာကြောင့် ဤသို့ဖြစ်ရသနည်းဟူသည်မှာ ပဟေဠိသဖွယ်ဖြစ်နေလေသည်။

အောင်ကျော်သူကို သက်ရှိထင်ရှားနောက်ဆုံးမြင်တွေ့လိုက်သူမှာ နောင်ပိန်ရွာမှ မိုးမြတ်မြတ်မိုးဖြစ်သဖြင့် ရဲစခန်းမှ မိုးမြတ်မြတ်မိုးအား ခေါ်ယူစစ်ဆေး၏။

"မနေ့ညနေက ... သေသူအောင်ကျော်သူနဲ့ မမိုးမြတ်မြတ်မိုး တွေ့ကြတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"တွေ့ကြတော့ ထူးထူးခြားခြားဘာတွေပြောကြပါသလဲ"

"ဒီလိုပါပဲ ... ဟိုရောက်ဒီရောက်စကားစပ်ရာ ပြောကြတာပေါ့ ... ဒါပေမဲ့ အဓိကပြောဖြစ်တာတော့ သူကျွန်မကို လက်ဆောင်





ပေးထားတဲ့ ရွှေလက်ကောက်ကလေးကို ကျွန်မမလိုချင်တော့ဘူး ပြန်ရောင်းပြီး အသစ်တစ်မျိုးမျိုးဝယ်ပေးပါလို့ ပြောဖြစ်ကြတာပါ"

"အဲဒီလိုပြောနေတုန်းမှာ အနားမှာဘယ်သူရှိနေလဲ"

"ဘယ်သူမှ ရှိမနေပါဘူး ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"တစ်ယောက်ယောက်က ချောင်းနားထောင်နေမယ်ဆိုရင်တော့ ကျွန်မတို့ တိုင်ပင်နေတာကို ကြားချင်ကြားမှာပေါ့"

"ကိုအောင်ကျော်သူမှာ မတဲ့တဲ့သူတို့ ရန်သူတို့ ဘာတွေရှိလား"

"မရှိပါဘူး"

"သူပြန်သွားတာ ဘယ်အချိန်လဲ"

"ခြောက်နာရီထိုးဖို့ ဆယ်မိနစ်လောက်မှာပါ"

"သူပြန်သွားတော့ တစ်ယောက်တည်းနော်"

"ဟုတ်ပါတယ်"

"သူနဲ့ အတူအဖိုးတန် ပစ္စည်းတွေကော ဘာတွေရောပါသွားသေးလား"

"ပါတယ်ရှင့် ကျွန်မရွှေလက်ကောက်ကို သူပြန်ယူသွားတယ်"

"ရွှေလက်ကောက်ဟုတ်လား"

"ဟုတ်တယ်ရှင့်"

ရဲအရာရှိသည် ရှာဖွေပုံစံကို ပြန်စစ်ကြည့်လိုက်၏။

"သေသူရဲ့ ကိုယ်မှာရော ပတ်ဝန်းကျင်အခင်းဖြစ်ရှာအနီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာရော အဖိုးတန်ပစ္စည်းမှ မတွေ့ဘူးဗျ"

"သူ့အိတ်ထဲကို သေသေချာချာထည့်ယူသွားတာပါ"

ဟုပြောကာ မိုးမြတ်မြတ်မိုးသည် မချိတင်ကဲဖြစ်လွန်းသဖြင့် သည်းထန်စွာငိုကြွေးလေသည်။

"ဒီအချက်ကို ကျွန်တော်တို့မှတ်ထားလိုက်ပါ့မယ် ... မမိုးမြတ်မြတ်မိုးသွားလို့ရပါပြီ ... ထူးခြားတာတွေ့ရင် သိရင် ကျွန်တော်တို့ကို ချက်ခြင်းအကြောင်းကြားပါ"

"ကောင်းပါပြီရှင်"





ရဲစခန်းမှ အပြန်တွင် မိုးမြတ်မြတ်မိုး၏ အဖေနှင့်အမေက လာစောင့်နေကြသည်။ ယခုတလော လူပျောက်မှု၊ လူသေမှုများ ဖြစ်လာသဖြင့် သူတို့သမီးကို စိတ်မချနိုင်သဖြင့် လာစောင့်ခြင်းဖြစ်သည်။ အထူးသဖြင့် သူ၏ချစ်သူရည်းစားဖြစ်သော ကောင်လေးရုတ်တရက် ကွယ်လွန်သွားခြင်းအတွက် သမီးလေးစိတ်ထိခိုက်ခံစားနေရတာကို နှစ်သိမ့်ပေးချင်၍လည်းဖြစ်သည်။

"သမီး"

"ရှင်"

"သမီးနေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် အမေ ... နည်းနည်း ညည်းစီစီဖြစ်တာပါပဲ အနားယူလိုက်ရင်ကောင်းသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး ... ဘုရားတရားလည်း မမေ့နဲ့သမီး ... ဂုဏ်ေ
ပုတီးကို နေ့တိုင်းစိတ် ... အိပ်ကာနီးတိုင်း ဘုရားရှစ်ခိုးပြီး မေ
ပို့ အမျှဝေရင် အိပ်မက်ဆိုးတွေ မမက်ဘူး မကောင်းဆိုးဝါး
မကပ်ညိမနှောက်ယှက်နိုင်ဘူး သမီးရဲ့"

"ဟုတ်ကဲ့ပါ အမေ သမီးဘုရားရှိခိုးအမျှဝေ တရားထိုင်
အိပ်ပါ့မယ်"

"ကောင်းပြီ သမီး ... အမေလဲ သမီးအခန်းထဲမှာ အ
အဖြစ်လာအိပ်ပေးပါ့မယ်"





# မဖိတ်ခေါ်ဘဲ ရောက်လာသောဧည့်သည်

"တံခါး၏ တစ်ဖက်တွင် ဘာရှိနေသနည်း
အချိန်မတော်လာလည်သော ဧည့်သည်တစ်ယောက်လော
ရုပ်ဆင်းအလွန်ဆိုးသည့် မကောင်းဆိုးဝါးတစ်ကောင်
လော ...
သူ၏ ဝိညာဉ်ကို နှုတ်ယူမည့်
ယမမင်း၏ တမန်တော် တစ်ဦးပေလော ... "



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ယူပြီးနောက် တတိယမြောက်နေ့ဖြစ်သည်။ အလုပ်ပြန်ဝင်ရမည့်နေ့ဖြစ်သဖြင့် သူတာဝန်ကျရာ လိုဏ်ခေါင်းထိပ်ရှိ ကင်းတဲလေးသို့ နံနက်စောစော ဖွဲ့မြင့်မိုရ်ထွက်လာခဲ့သည်။

မြို့များကားဆိုင်းနေတုန်းပင်ဖြစ်သည်။ လမ်းတွင် မီးရထားနှံ့ထမ်းတစ်ယောက်နှင့်တွေ့၏။ ထိုလူမှာ သူခွင့်သုံးရက်ယူထားစဉ်အတွင်း သူ့နေရာကို အစားဝင်ပေးသူဖြစ်သည်။ ထိုမီးရထားဝန်ထမ်း၏ နာမည်မှာ ကိုတိုးညွန့်ဖြစ်သည်။ ကိုတိုးညွန့်က ဖွဲ့မြင့်မိုရ်ကို မြင်သည်နှင့်

"အမလေး ကိုယ်လူရယ် မင်းအလုပ်ပြန်ဝင်လာတာ တခြားတော့မသိဘူး ဝမ်းအသာဆုံးက ငါပဲကွ တကထဲကွာ … မင်းနေ့ကတော့ … ကြာရင် ငါတောင်ရူးနိုင်တယ် … အရင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းပြောတာတွေ မယုံဘူး အခုတော့ လက်တွေ့မို့လို့ ယုံပြီဟေ့”

ဟုဆိုကာ သူ့ကိုနှုတ်ဆက်သွား၏။

“ခင်ဗျား ဘာတွေတွေ့ရလို့လဲ ကိုတိုးညွန့်”

ဟု မေးသည်ကိုတော့ ဘာမှပြန်ဖြေမသွားပေ။ ဖွဲ့မြင့်မိုရ်လည်း ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကင်းရုံလေး တွင်ရှိသော ရေနွေးဂေါက်ကိုပလပ်တပ်ကာ ရေဆူလာသည်နှင့် ကော်ဖီမစ်တစ်ထုပ်ကိုဖျော်၍ သောက်နေလိုက်သည်။

နေထွက်ပေါ်စပြုချိန်ဖြစ်၍ သစ်ပင်အကိုင်းအခက်များ ဖောက်ထွင်းပြီးနေရောင်ခြည်များ ဖြာကျလာပုံမှာ အလွန်လှပသာ ယာလှပေသည်။ ပတ်ဝန်းကျင်သာယာပုံကိုမြင်ရသောအခါ နှလုံး ရှိထားသော စိတ်မချမ်းမြေ့ဖွယ်ရာတို့သည် လုံးလုံးကွယ်ပျောက် ရင်ထဲ၌သိုဝှက်ထားသော အချစ်စိတ်အလွမ်းစိတ်တို့ ထွက်ပေါ်လာ တော့သည်။ သူ့ခေါင်းထဲသို့ ပထမဆုံးဝင်ရောက်လာသော အတွေး ပုံရိပ်မှာ ညှို့ငယ်ဖျော့တော့သော မျက်နှာကလေးဖြင့် မချိပြုံး ပြုံး နေရှာသော သိပ်လှလွန်းသည့် ဆရာမကလေး သက်ထားခင်၏ မျက်နှာ ပုံလွှာဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် မိန်းကလေးတစ်ယောက်၏ မျက်နှာကို ပထမဆုံးအကြိမ် တစိမ့်စိမ့်စိတ်ကူးနှင့်မြင်ယောင်မိခြင်း ဖြစ်သည်။ ဆရာမလေးကိုတော့ သူမြင်မြင်ချင်း ချစ်ခဲ့မိပြီ။

ထိုစဉ် ရုတ်တရက် လိုဏ်ခေါင်းထဲမှ ခြေသံများကြားရသည် ကော်ဖီခွက်ကိုချကာ ဓာတ်မီးလည်း အလွယ်တကူရှာမရသဖြင့် ... ဆိုဏ်ခေါင်းဝသို့ ဒီအတိုင်းပဲ ပြေးပြီးချဉ်းကပ်လာခဲ့သည်။ နံနက် ... ခင်းနေရောင်များဖြင့် အပြင်ဘက်တွင် လင်းလင်းချင်းချင်းရှိနေသော် ... သည်း လိုဏ်ခေါင်းထဲတွင် အလင်းရောင်မှာ မှုန်မွှားဖျော့တော့လွန်း ... သည်။ နံနက်ခင်းကြီးဖြစ်၍ သူသိပ်တော့မကြောက် ဘာပဲဖြစ်ဖြစ် ... သွတ်မွေးပြီး ဖြစ်သမျှရင်ဆိုင်မည်ဟု စိတ်ပိုင်းဖြတ်ကာ လိုဏ်ခေါင်း ... ထဲသို့ တစ်လှမ်းချင်းလျှောက်ဝင်လာခဲ့မိသည်။

လိုဏ်ခေါင်းအတွင်း ဝါးနှစ်ရိုက် သုံးရိုက်ခန့် ဝင်လာမိခဲ့သည်။ ... ခြေသံတစ်ချို့ကြားလိုက်ရသလို ထင်မိ၏။ ရှေ့ဆက်လျှောက်လာ ... ချင်း တစ်နေရာရောက်သောအခါ သူ့ခြေလှမ်းတို့ တုန့်သွား၏။ သူ့ ... ရှေ့မှောင်ရီပိုးဝါး၌ မတ်တတ်ရပ်နေသော မည်းမည်းသဏ္ဌာန်နှစ်ခု ... ကို တွေ့ရသည်။ ထွက်ပြေးရကောင်းမလား ရှေ့ဆက်သွားရ ... ကောင်းမလား စဉ်းစားကာ ဖွဲ့မြင့်မိုရ်တစ်ယောက် ငြိမ်နေမိသည်။ ... မိရှေ့မှ မည်းမည်းသဏ္ဌာန်နှစ်ခုသည်လည်း မလှုပ်မယှက်ရှိနေကြ ... ၏။ ဓာတ်မီးပါမလာမိတာ နောင်တရမိ၏။

ကြောက်စိတ်ကို ကြိုးစားမောင်းထုတ်၍

“ဟေ့ ဘယ်သူတွေလဲကွ” ဟု အော်လိုက်သည်။ သူ့အော်သံ ... သည် လိုဏ်ခေါင်းထဲ၌ ပဲ့တင်ထပ်သွားသည်။ မည်းမည်းသဏ္ဌာန် ... နှစ်ခုအနက် တစ်ခုသည် ရှေ့သို့တက်လာ၏။ မထူးတော့ဘူးဟု ဆုံး ... ဖြတ်၍ ရှေ့သို့တက်ကာ ထိုမည်းမည်းသဏ္ဌာန်ကို ဆောင့်ဆွဲလိုက် ... ပြီး ရုန်းမရအောင် ချုပ်ထားလိုက်၏။ နူးညံ့အိစက်သော အသားဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသည် သူ့ရင်ခွင်ထဲသို့ ပြုကျလာ၏။

"အင့်"

"အမေ့"

"ဟင်"

"လွှတ်ပါဦး ... ကျွန်မ သက်ထားခင်ပါ"

သူ့ရင်ခွင်ထဲတွင် ရောက်နေသော လူကရင်ခွင်ထဲမှ ရုန်းမရအောင် ချုပ်မိနေရာမှ မောဟိုက်ထိတ်လန့်သံဖြင့် ပြောလိုက်သည်။

"ဟင် သက်ထားခင် ဟုတ်လား"

အံ့သြပြီး သူ လွှတ်ပေးလိုက်သည်။ သင်းပျံ့သောရနံ့၊ နူးညံ့သောအထိအတွေ့တို့က ရင်ထဲမှာ စွဲကျန်ခဲ့သည်။ လူချင်းအတန်ငယ်ကွာသွားမှ ဝိုးတဝါးသဏ္ဌာန်ကို သူသေသေချာချာကြည့်မိသည်။ ဟုတ်ပေသည် ယခုမှ သေသေချာချာကြည့်မိရာ ... မှောင်ရိပ်ဝိုးတဝါး၌ သက်ထားခင်၏ပုံရိပ်ကောက်ကြောင်းကို တွေ့မြင်ရ၏။

"ဟင် ... သက်ထားပါလား ... ဟိုတစ်ယောက်က ဘယ်သူလဲ"

မှောင်ထဲမှာရပ်နေသော လူတစ်ယောက်ကို ဖွဲ့မြင့်မိုရ်ညွှန်ပြ၍ မေးလိုက်သည်။

"သြော် သူက ကျွန်မမိတ်ဆွေပါ ... ဟိုတလောက ပျောက်သွားတဲ့ ထွန်းထွန်းဆိုတဲ့ကောင်လေးရဲ့ အမေပေါ့ ..."

"ကဲ ကဲ လာကြ အပြင်မှာ အေးအေးဆေးဆေးစကားပြောကြတာပေါ့ လာ ... ကျွန်တော့်ကင်းတဲကိုသွားကြမယ် ..."

မကြာမီ ဆရာမလေးသက်ထားခင်၊ ဒေါ်စောမြသဇင်နှင့် ဖွဲ့မြင့်မိုရ်တို့သည် သူ၏မီးရထားကင်းရုံအဆောက်အဦးထဲတွင်ထိုင်၍ စကားပြောနေကြတော့သည်။ သက်ထားခင်က ချိုကြည်သောလေသံအေးအေးဖြင့် ယခုလိုစတင်ရှင်းပြ၏။

"ဒီလိုပါ ကိုဖွဲ့မြင့်မိုရ် ညီမလေး သဲစုကျော်ပျောက်သွားတဲ့ကိစ္စမှာရော ... ဒီကဒေါ်စောမြသဇင်ရဲ့သားလေး ထွန်းထွန်းပျောက်သွားတဲ့ကိစ္စမှာရော ... ဒီလိုဏ်ခေါင်းကြီးနဲ့ တစ်ခုခုပါဝင်ပတ်သက်နေသလားလို့ စဉ်းစားမိတာနဲ့ တတ်နိုင်သလောက် သဲလွန်စရလိုရငြား စုံစမ်းကြမယ်ဆိုပြီး နှစ်ယောက်အတူတူထွက်လာခဲ့ကြတာပါ"

"ဟုတ်ပါတယ် မောင်လေးရယ် ... သားလေးတို့ပျောက်သွားတာကို တွေ့လိုတွေ့ငြား ရှာတာကို ကူညီပါကွယ်"

ဟု ဒေါ်စောမြသဇင်ကလည်း ဝင်ပြောလေ၏။

"ကျွန်တော်တတ်နိုင်တာဆိုရင်တော့ ကူညီပါတယ် ... ဒါပေမဲ့ အစ်မနဲ့ ဒီကမသက်ထားခင်တို့က ဘာကြောင့် ဒီလိုဏ်ခေါင်းကို မသင်္ကာဖြစ်နေရတာလဲ ... ဘာတွေထူးခြားချက်တွေ့လို့လဲ"

သက်ထားခင်က စိတ်မသက်မသာဟန်ဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး ...

"သက်ထားတို့စိတ်ထဲက ထင်နေရုံသက်သက်ပါ ဘာမှခိုင်လုံလက်ဆုပ်လက်ကိုင် သက်သေမရှိပါဘူး ညီမလေးသဲစုကျော်ပျောက်







www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့နေ့က မြင်လိုက်တဲ့ကလေးတစ်ယောက်ရှိတယ် ... သူပြောပြတာက ညီမလေးဟာ ထွန်းထွန်းရေ ထွန်းထွန်းလို့အော်ခေါ်ပြီး ဘူတာထဲကနေ တောင်ဘက်ကိုပြေးထွက်သွားတယ်တဲ့ တောင်ဖက်ဆိုတော့ တည့်တည့်ဆက်လျှောက်လာရင် ဒီလိုဏ်ခေါင်းဘက်ကို ရောက်နိုင်တယ်မို့လား ဒါကြောင့် သဲလွန်စလေးများ ရလိုရငြားဆိုပြီး လာခဲ့တာပါ ... "

"ဟုတ်ပါတယ် မောင်လေးရယ် ကူညီပါဦး" ဟု ဒေါ်စောမြသဇင်က ဖြည့်စွက်ပြီး တောင်းပန်ရှာသည်။

"လိုဏ်ခေါင်းထဲမှာဝင်ပြီး ရှာချင်တယ်ဆိုရင်လည်း ရှာကြဗျာ ကျွန်တော့်ဆီမှာ ဓာတ်မီးရှိတယ် ယူသွားချေ နေဦးဗျ ... ရထားတွေ ရထားကနေ့လည်ဆယ့်တစ်နာရီမှစလာကြမှာဆိုတော့ ခုမှ ခုနစ်နာရီ ကျော်ကျော်ပဲရှိသေးတယ် ခင်ဗျားတို့ လိုဏ်ခေါင်းထဲဝင်မယ်ဆိုရင် ကျွန်တော်ပါ အဖော်လိုက်ခဲ့ပေးမယ် ... "

ဤသို့ဖြင့် သူတို့သုံးယောက်သည် လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် လိုဏ်ခေါင်းထဲသို့ဝင်ခဲ့ကြ၏။ လိုဏ်ခေါင်းထဲသို့စဝင်စဉ်က အတွင်းပိုင်းမှ ကလေးငိုသံလိုလို ဘာလိုလိုထွက်ပေးလာ၍ သူတို့ခြေလှမ်းများအားလုံး တုံ့သွားကြသည်။ နောက်တော့ ဘာသံမှမကြားရတော့ဘဲ ပြန်လည်တိတ်ဆိတ်သွားသည်။

ပေ(၃၀၀)ခန့် ရှည်လျားသော လိုဏ်ခေါင်းအတွင်း တထိတ်ထိတ်ဖြင့် သူတို့လျှောက်လာခဲ့ကြသည်။ နေရာအနှံ့သို့ ဓာတ်မီးဖြင့်





ထိုးကာကြည့်ကြသော်လည်း ဘာမှထူးခြားတာ မတွေ့ရပေ။ သို့သော် တစ်နေရာအရောက်တွင်

"အ ... အမေ့

ဗိုး ဖလပ် ဖလပ် ဖလပ်"

ဟူသောအသံများကြားရသဖြင့် ဓာတ်မီးနှင့်ထိုးကြည့်ရာ လင်းနို့တစ်ကောင် အမှောင်ထဲမှ ပျံထွက်ပြေးသွားကြောင်းတွေ့ရသဖြင့် ပြုံးမိကြသေးသည်။ ထိုသို့ ဆက်လျှောက်လာကြရာမှ ... လိုဏ်ခေါင်းတစ်ဖက်ဆုံးကာနီးနေရာသို့ ရောက်လျှင် သက်ထားခင်သည် မီးရထားဇလီဖားတုံးများပေါ်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး

"ဒီမှာ ... ဒီမှာ ... တွေ့ပြီ ... ဒါ ညီမလေးခေါင်းက ကလစ်ကလေးပဲ"

ဟုပြောလိုက်၏။

ဒေါ်စောမြသဇင်နှင့် ဇွဲမြင့်မိုရ်သည် သက်ထားခင်၏နဘေးတွင် ဒူးထောက်၍ ဝင်ထိုင်လိုက်ကြသည်။

သက်ထားခင်သည် တုန်ရင်သောလက်များဖြင့် အပြာရောင်ရင်ထိုးလေးကိုကိုင်ကြည့်ရင်း ရှိုက်ကာ ရှိုက်ကာ ငိုနေ၏။

"ဒီကလစ်ကလေးက ညီမလေးပစ္စည်းမှ ညီမလေးပစ္စည်းအစစ်ပါ ... ကျွန်မကိုယ်တိုင် ကလစ်မှာအပ်နဲ့သဲစုရဲ့ အတိုကောက် TS လို့ရေးပေးထားတာ ဒီမှာကြည့် အလောင်းတောင်ပြန်မတွေ့ပါလားကွဲ့ ... အမေ့ကို မမဘယ်လိုပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ကာရှိုက်ကာငိုနေသော သက်ထားခင်ကို ဒေါ်စောမြသ *ခင်က တွဲခေါ်၍ လိုဏ်ခေါင်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။* ခွဲမြင့်မိုရ်သည် ငိုနေသော သက်ထားခင်ကိုကြည့်၍ သူပါစိတ်မကောင်းခြင်းကြီးစွာဖြစ်မိသည်။

"ကဲပါ ... မသက်ထားရယ် ... ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ မသက်ထား ညီမရော ထွန်းထွန်းရော သေချင်မှသေမှာပါ ဘာဖြစ်လို့လဲဆိုတော့ သေရင်အလောင်းတွေ့ရမှာပေါ့ လူမသိသူမသိသေနေရင်လဲ အပုပ်နံ့တွေဘာတွေရမှာပေါ့ ... ခုဟာကသေတာ မဖြစ်နိုင်ဘူး ... တောထဲမှာလျှောက်သွားရင်း အိမ်မပြန်တတ်ဘဲ မျက်စေ့လည်နေတာလား ... ဒါမှမဟုတ် တစ်ယောက်ယောက်က များ ဖမ်းခေါ်သွားတာလား ... တစ်ခုခုပဲ ... "

ဟု အားပေးစကားပြောလိုက်၏။

"အန်တီလဲ အဲဒီလိုတွေးမိတယ်ကွဲ့ ဒါပေမဲ့ ကလေးတွေကို ဖမ်းခေါ်သွားပြီး တောင်းခိုင်းရမ်းခိုင်းပြီး နောက်ကွယ်က အမြတ်ထုတ်ကြိုးကိုင်နေတဲ့ ကလေးသူခိုးဂိုဏ်းတွေ ဘာတွေလက်ထဲ သားလေး သမီးလေးတွေရောက်သွားမှာကိုတော့ စိတ်ပူတယ်ကွယ် ... အန်တီမှာ အဲဒီစိတ်နဲ့ပဲ ညဆိုလည်းကောင်းကောင်းအိပ်မပျော်ဘူး... စားလို့လည်း မဝင်ပါဘူး ဒီကြားထဲ ကလေးသရဲလိုလို ... မှင်စာလိုလိုလေးက လာလာပြီး ခြောက်တတ်လှန့်တတ်တော့ ပိုဆိုးတာပေါ့ကွယ် ... "





"ဒီလိုဏ်ခေါင်းနဲ့ ပတ်သက်လာရင်တော့ ကျွန်တော်စောင့်ကြည့်ပြီး ထူးခြားတာနဲ့လာပြောပါ့မယ် ... မသက်ထားနဲ့ အန်တီက အခြားနေရာမှာသာ ရှာပါ"

"ကောင်းပါပြီ ငါ့တူ"

"ကျေးဇူးတင်ပါတယ် ... ကိုခွဲမြင့်မိုရ် ... "



www.burmeseclassic.com

www.burmeseclassic.com



လေတိုက်နေသော ညတစ်ညဖြစ်သည်။

သက်ထားခင်သည် အိပ်ရာပေါ်တွင် တလူးလူးတလွန့်လွန့်နှင့် အိပ်မပျော်နိုင်ဘဲရှိသည်။ ပင်ပန်းလွန်းသဖြင့် တစ်ခါတစ်ရံမှေးခနဲ ငိုက်မြည်းသွား၏။

ထိုအခိုက်တွင် သူ့အိမ်တံခါးကို တစ်စုံတစ်ယောက်က လာပုတ်၏။

"ဘုတ်
ဘုတ်
ဘုတ်"

အသံကြောင့် ခေါင်းထောင်ကြည့်ပြီး ဘာမှမကြားရသဖြင့် ခေါင်းအုံးပေါ်သို့ ခေါင်းပြန်ချလိုက်သည်။





"ဒေါက် ... ဒေါက် ... ဒေါက်"

ဟူသော တံခါးခေါက်သံက အဆက်မပြတ်ထွက်ပေါ်လာပြန်သည်။ ညကြီးမင်းကြီး ဘယ်သူတံခါးလာခေါက်နေသလဲဟု စဉ်းစားကာ အိပ်ယာမှသူထလိုက်သည်။ လောလောဆယ် ဤအိမ်တွင် သူတစ်ယောက်တည်း နေနိုင်သောကြောင့် တံခါးကိုဖွင့်ပေးသင့်၊ မပေးသင့်စဉ်းစားသည်။ ထို့ကြောင့်

"ဘယ်သူလဲ"

ဟု မေးလိုက်ပြီး တံခါးအနီးတွင်ရပ်နေမိသည်။ သို့သော် အိမ်အပြင်မှလူက အဖြေမပေးချေ။ မေးတာကိုမဖြေလျှင် လူကောင်းတော့ ဟုတ်ပုံမရဟုတွေးကာ အိမ်ထဲတွင်ထောင်ထားသော ဝါးကြစ်ဒုတ်တစ်ချောင်းကိုဆွဲယူကာ တံခါးဝတွင် သူရပ်နေလိုက်သည်။ တံခါးကိုဖွင့်ဖွင့်၍ဝင်လာပါက ဒုတ်ဖြင့်ဆီးတွယ်လိုက်ရန် အသင့်ပြင်ထားလိုက်သည်။ သို့သော် တံခါးဝ၌ ဘာသံမှမကြားရတော့ပေ။

တိုင်ကပ်နာရီစက္ကန့်တံတစ်ချက်ချက်ကို ကြားရသည်အထိ တိတ်ဆိတ်မှုက အခန်းထဲဝယ်ကြီးစိုးသွား၏။ တိတ်ဆိတ်ခြင်း၏ချောက်လှန့်မှုကို သည်းမခံနိုင်တော့သည့်အဆုံး အားတင်းကာ တံခါးချက်ဆီသို့ လက်လှမ်းလိုက်၏။ ဤတံခါး၏အတွင်းနှင့်အပြင်သည် နှစ်ပေခန့်သာကွာဝေးသော်လည်း လူ့လောကနှင့်ပရလောက ပမာဝေးကွာခြားနားလျက် သူ့စိတ်၏ထိတ်လန့်တုန်လှုပ်မှုမှာ ပြင်းထန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါး၏တစ်ဖက်တွင် ဘာရှိနေသနည်း။ အချိန်မတော်လ လည်သော ဧည့်သည်တစ်ယောက်လော။ ရုပ်ဆင်းအသွင်အလှနှ သည့်မကောင်းဆိုးဝါးတစ်ကောင်လော။ သူ၏ဝိညာဉ်ကို နှုတ်ယူ ယမမင်း၏ တမန်တော်တစ်ဦးပေလော။

ဖြစ်ချင်ရာဖြစ်စေတော့ဟုဆိုကာ တံခါးကိုဆွဲဖွင့်လိုက်သည် လေပြင်းတစ်ချက်အခန်းထဲသို့ ဝေ့ဝဲဝင်ရောက်လာသည်။ တံ အပြင်၌ တစ်စုံတစ်ယောက်မှရှိမနေပါချေ။ သေချာအောင်အပြင်ဖ သို့ စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးလိုက်သည်။ တကယ်ပဲ ဘယ်သူ ရှိမနေပါချေ။

တံခါးကို ပြန်စေ့၍ မင်းတုန်းချလိုက်သည်။ အခန်းဘက်ဆီ ပြန်လှည့်လိုက်မည်ပြုတော့ ရုတ်တရက်မြင်လိုက်ရသော မြင်ကွ ကြောင့် ထိတ်လန့်ပြီး ဟစ်အော်မိသည်။ သို့သော် အကြောက်လွ ပြီးပါးစပ်မှ စကားသံတို့ ထွက်မလာခဲ့ချေ။ သူ့ပါးစပ်သည်ဖွ နေပြီး ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ

အခန်းထဲဝယ် လူနှစ်ဦးသည် ဘယ်ကဘယ်လို ဝင်လာမှန် မသိဘဲရောက်နေကြသည်။ သူတို့သည် နံရံကိုမျက်နှာမူပြီး သူ့ကို ကျောပေးကာရပ်နေကြခြင်းဖြစ်သည်။ တစ်ယောက်မှာ ကလေ တစ်ဦးဖြစ်ပြီး တစ်ယောက်မှာ မိန်းမတစ်ဦးဖြစ်နေသည်။ သူကြည့် နေရင်းမှပင် ကလေးနှင့်အမျိုးသမီးနှစ်ဦးလုံးသည် သူ့ဘက်သို့လှည့် ၍ရပ်လိုက်၏။သူတို့၏မျက်နှာများကိုမြင်တော့သူပိုပြီးအံ့သြမိသည်





ကလေးမှာ သူ့ညီမ ... သဲစုကျော်ဖြစ်နေပြီး လူကြီးမှာ သူ့ သူငယ်ချင်း မိုးမြတ်မြတ်မိုး ဖြစ်နေသည်။

"ညီမလေး ... ညီမလေး"

ဟု အော်ခေါ်ကာ သူ့ညီမရှိရာသို့ သက်ထားခင်ပြေးသွား သည်။ သို့သော် ညီမလေး၏မျက်နှာတွင် အရေးအကြောင်းများထ လာပြီး ချက်ခြင်းပင် အခြားကလေးတစ်ဦး၏အသွင် ကူးပြောင်းသွား သည်။ မိုးမြတ်မြတ်မိုးသည်လည်း ချက်ခြင်းပင် အခြားမိန်းမကြီး တစ်ယောက်အသွင်ပြောင်းသွား၏။ အံ့သြထိတ်လန့်မှုမှ စက်ဆုတ်ရွံ ရှာမှုသို့ သူ့စိတ်ကို တမဟုတ် ခြင်းပြောင်းလဲသွားသည်။

"ငါ့ညီမကို နင်တို့ဘာလုပ်လိုက်ကြလဲ ... ကဲဟာ"

ဒေါသဖြစ်ဖြစ်ဖြင့် အိပ်ယာဘေးတွင်ချထားသော ဖန်ခွက် ဖြင့် ကောက်ပေါက်လိုက်၏

"ခွမ်း ... ချလွင်"

ဖန်ခွက်သည် သူတို့နှစ်ယောက်လုံးကိုမထိဘဲ နံရံကိုထိမှန် ၍ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွား၏။

ဖန်ခွက်ကွဲသံကြောင့် သူလန့်ပြီး ခေါင်းထောင်၍ကြည့်လိုက် သည်။ အိပ်ယာထဲမှာ သူရောက်နေ၏။ အခန်းထဲတွင်ရှိနေသော လူစိမ်းနှစ်ယောက်ကိုလည်း မတွေ့ရတော့။

သူအိပ်မက်မက်နေခြင်းလား။

ဒါဟာ တကယ့်အဖြစ်အပျက်လား။



www.burmeseclassic.com

www.burmeseclassic.com



သူသေသေချာချာမသိတော့ပါ။

သူ့အကြည့်ကို အခန်းနံရံဆီသို့ ရွှေ့လိုက်၏။

နံရံခြေရင်း၌မူ ဖန်ခွက်တစ်ခွက်သည် အစိတ်စိတ်အပိုင်းပိုင်း ကွဲကြေနေတာတွေ့ရလေသည်။





## ရထားပေါ်မှတာရွှေ

"လက်ကောက်ပျောက်သွားတဲ့သူဟာ
လွယ်လွယ်ကူကူနဲ့တော့
လက်လျှော့မှာမဟုတ်ဘူး
နင့်ကို အပြစ်ဒဏ်ခတ်လိမ့်ဦးမယ်
ဒီမှာကြည့်စမ်း ငါ့လက်ကို
ဒီလက်ကောက်ကို ငါလဲ ဘယ်လိုမှ ချွတ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရထားက တရိပ်ရိပ်သွားနေသည်။

မိုးမြွတ်မြွတ်မိုးသည် ရထားပေါ်တွင် လိုက်ပါလာရင်း
င်းပေါက်မှမြင်ရသော ပတ်ဝန်းကျင်ရှုခင်းများကို စိတ်ပြေလက်
က်ငေးကြည့်ကာလာမိသည်။ ရထားသည် လားရှိုးမြို့မှ မန္တ
သို့ သွားမည့်အမြန်ရထားဖြစ်သည်။ သူ့အိမ်တွင် ဖွင့်လှစ်ထား
သာ ကုန်စုံဆိုင်ကလေးတွင် ရောင်းချရန်လိုအပ်သော ကုန်ပစ္စည်း
ကို ကျောက်မဲမြို့သို့ တက်ဝယ်ပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။ ဤ
မှာ အနည်းဆုံးတစ်ပတ်တစ်ကြိမ်သွားနေကျခရီးဖြစ်၍ ရှုခင်း
မှာ သူ့အတွက် ဘာမှအဆန်းမဟုတ်တော့။ ရထား၏ လက်ဝဲ
က်တွင် ဒုဋ္ဌဝတီမြစ် (ခေါ်)မြစ်ငယ်မြစ်ရှိမည်။ လကျာ်ဘက်တွင်
တာတောင်လွင်ပြင်နှင့် တောင်ယာစိုက်ခင်းများ၊ တောအုပ်များရှိ


နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဒါတွေက သူမဘဝတွင် အဖန်ဖန်မြင်ဖူးနေကြဖြစ်
ဘာမှဆန်းလှသည်တော့မဟုတ်။

သို့သော် ရာသီဥတုက အေးမြသလောက် သူ့ရင်ထဲမှာ
ပေါ်နေသော အပူကို သက်သာလိုသက်သာငြား ပတ်ဝန်းကျင်
စိတ်နှစ်၍ လိုက်လာရခြင်းဖြစ်သည်။

ချစ်သူနှင့်ကွေကွင်းရခြင်းဒုက္ခသည် ဆင်းရဲကြီးလှ
ရိုးစကားရှိသည့်အတိုင်း သူ့ချစ်သူအောင်ကျော်သူနှင့် ရုတ်တ
သေကွဲကွဲလိုက်ရသဖြင့် ရင်ထဲမှာ နေမထိထိုင်မထိဖြစ်ကာ လှ
ပူလောင်လှသည်။

“ငါ့လက်ကောက်ကလေးပြန်ပေးမိလို့ သူ့ခများသေ
တယ်” ဟူသောအတွေးကိုလည်း မကြာမကြာတွေးမိပြီး မိမိ
ကို အပြစ်တင်မိသည်။ တကယ်တော့ ဤလက်ကောက်ကလေး
ပြန်မပေးခဲ့လျှင် ကိုအောင်ကျော်သူ ယခုလို အသေဆိုးနှင့်သေ
မဟုတ်။ သေခြင်းတရားက ကိုအောင်ကျော်သူအစား သူမထံသို့
ကောင်းလှည့်လာနိုင်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ချစ်သူအ
အသက်ပေးရင်ဆိုင်ဖို့ သူမှာအမြဲပဲ အသင့်ရှိပါသည်။ သို့သော်
လက်တွင် ဝတ်ဆင်ထား၍ ဖြစ်လာရသော ပြဿနာများအတွ
သူ၏ချစ်သူမှာကြားထဲမှ ဓားစာခံဖြစ်သွားရသည်ကိုတော့
တိုင်း အသည်းနာလှ၏။ ဤစိတ်ဒဏ်ရာသည် တော်တော်နှင့်
သော်လည်း ပြေနိုင်တော့မည် မထင်ချေ။





သူ့အကြည့်ကို ရထားထဲသို့ပြန်ရွှေ့လိုက်သည်။ ရှမ်းပြည်နယ်မှ ရထားများထုံးစံအတိုင်း တွဲထဲတွင် လူရော ကုန်ရော အပြည့်အသိပ်တင်ဆောင်လာကြ၏။ ထိုင်ခုံများတွင် လူအပြည့်အသိပ်နေရာယူထားရုံသာမက လူသွားလမ်းနှင့်နေရာအကြိုအကြားပါမကျန် ပန်းဂေါ်ဖီများ၊ မုံလာဥများ၊ ထင်းရှူးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ ဇလုံများ ပလတ်စတစ်ပုံးများ၊ ခွက်များ ပေါက်ပြားများ ဝန်းစည်းများ စသည်ဖြင့် ရထားတစ်စီးလုံး ပြည့်နှက်လျက်ရှိတော့၏။

မိုးမြတ်မြတ်မိုးသည် ရထားအတွင်း ဟိုဟိုသည်သည် လှမ်းကြည့်နေရာမှ သူနှင့်မျက်စောင်းထိုးခုံတွင် ထိုင်နေသော လူတစ်ယောက်ကို သတိထားမိသွားသည်။ ထိုလူသည် အသက်၅၀ ခန့် ပိန်ပိန်ရှည်ရှည်လူတစ်ယောက်ဖြစ်ကာ ရှမ်းဘောင်းဘီအသားရောင် ခပ်နွမ်းနွမ်းကိုဝတ်ဆင်ထားပြီး သက္ကလပ်ဦးထုပ်တစ်လုံးကို ဆောင်းထား၏။ ထိုလူ၏မျက်နှာမှာ တင်းမာခြင်းလည်းမရှိ ပြုံးရယ်ခြင်းလည်းမရှိ ခံစားချက်မဲ့သော မျက်နှာသေတစ်မျိုးဖြစ်သည်။ လူသေတစ်ယောက်၏မျက်နှာနှင့်တူလှသည်ဟု ထိုလူကိုမြင်မြင်ချင်းပင် မိုးမြတ်မြတ်မိုး စိတ်ထဲက မှတ်ချက်ပြုမိ၏။

မိုးမြတ်မြတ်မိုးက ကြည့်နေစဉ်မှာပင် ထိုလူ၏ပြူးကြောင်ကြောင်မျက်စိလေးများသည် သူမဘက်သို့ ဖြုန်းခနဲ လှည့်ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကလိုက်နေတုန်းပဲလား" ဟု သူ့ကိုမေးလိုက်၏။

"ဘာ"

ဟု သူမက အံ့သြပြီး ပြန်မေးလိုက်သည်။

"လက်ကောက်ပျောက်သွားတဲ့သူဟာ လွယ်လွယ်ကူကူနဲ့တော့ လက်လျှော့မှာ မဟုတ်ဘူး … နင့်ကို အပြစ်ဒဏ်ခတ်လိမ့်ဦးမယ် ဒီမှာကြည့်စမ်း ငါ့လက်ကို … ဒီလက်ကောက်ကိုငါလဲ ဘယ်လိုမှ ချွတ်လို့မရဘူး"

ဟုဆိုကာ သူ့လက်ကို မြှောက်ပြလိုက်သည်။ အမှန်တကယ်ပင် ထိုလူ၏လက်၌ မိုးမြတ်မြတ်မိုးမှ သူ့ရည်းစားအောင်ကျော်သူထံ ပြန်ပေးလိုက်သော ရွှေလက်ကောက်အားဝတ်လျက်သားတွေ့ရ၏။ မိုးမြတ်မြတ်မိုးသည် သူ့ရှေ့မျက်စောင်းထိုးထိုင်ခုံမှ လူအား အလွန် အံ့သြသောမျက်လုံးများဖြင့် ကြည့်ရှုနေ၏။ သူအံ့သြရခြင်းမှာ ထိုလူစိမ်းသည် ယောကျ်ားတန်မဲ့ ရွှေလက်ကောက်ဝတ်ထား၍တစ်ကြောင်း၊ သူပျောက်ဆုံးသွားသော လက်ကောက်သည် ဘာမဆိုင်ညာမဆိုင် အခုမှ တွေ့ဖူးသောလူ၏ လက်ထဲသို့ရောက်နေသည်ကတစ်ကြောင်း၊ ထိုလူက မိမိလက်ကောက်ကြောင့် စိတ်ဒုက္ခရောက်နေရသည်ကိုသိနေ၍တစ်ကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ထိုလူသည် သူ့ကိုမျက်လုံးချင်းဆုံအောင်ကြည့်၍

"ဒီမှာကောင်မလေး … ဒီလက်ကောက်ကို ငါ့လက်ကဖြုတ်လို့ကိုမရတော့ဘူး … နင်လည်းပြဿနာတွေပြေလည်ချင်ရင်





…ိုလိုက်ပြီးလုပ် ဟောဒီမှာကြည့်"

ဟုဆိုကာ သူ့လက်တစ်ဖက်ကိုထောင်လိုက်ပြီး အခြားလက်…ဖက်ဖြင့် မောင်းချွမ်းတစ်လက်ကိုကိုင်ကာ ငှက်ပျောအူကိုဓား…လှီးလိုက်သလို တိတိရိရိ လှီးဖြတ်ချလိုက်လေသည်။

"အား"

သွေးများပန်းထွက်လာသဖြင့် ထိတ်လန့်ချောက်ချားစွာ သူ…ဟ်လိုက်ပြီး မျက်နှာကိုလက်ဝါးဖြင့် အုပ်ထားလိုက်တော့သည်။

သူ့အော်သံကြောင့် ရထားပေါ်ရှိ ခရီးသည်အားလုံးမိုးမြတ်…တ်မိုးအား ဝိုင်းကြည့်ကြသည်။ သူလည်း မျက်နှာတွင်အုပ်ထား…ာလက်ကိုဖြေကာ သွေးသံတရဲရဲဖြင့် လဲကျနေမည့် မျက်စောင်း…ထိုင်ခုံမှ ရှမ်းကြီးကိုလှမ်းကြည့်လိုက်၏။

သူ့မျက်စေ့ကိုသူမယုံနိုင်အောင် ဖြစ်သွားမိသည်။ ထိုထိုင်ခုံ…လူတစ်ယောက်မှ ရှိမနေခဲ့ပါချေ။ ထိုင်ခုံအလွတ်ကိုသာ တွေ့ရ၏။ …စောစောက သူတွေ့ခဲ့သော၊ သူ့ကိုစကားပြောခဲ့သော၊ ကိုယ့်လက်…ကိုယ်တိုင်ဓားဖြင့် လှီးခဲ့သော လူသည်ယခုအခါ မြေလျှိုး၍ မိုးပျံ…ငသည့်အလား ပျောက်ချင်းမလှပျောက်ဆုံးသွားခဲ့ပေပြီ။

ထူးဆန်းသောဖြစ်ရပ်အပြင် ရထားပေါ်ရှိလူများ ဝိုင်းကြည့်…ကြတာကို ရှက်သောကြောင့် မိုးမြတ်မြတ်မိုးသည် ရေဘူးကိုဖွင့်…ရေတစ်ကျိုက်မော့သောက်လိုက်ပြီး မျက်စိကိုမှိတ်ထားလိုက်၏။ …ဲလုံးက အနားရသွားသော်လည်း စိတ်ကမနား တရစပ်အတွေးပွ…



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်။

ဒီလူသည် ဘယ်သူလဲ

ဘာကြောင့်သူ့ကို ချောက်လှန့်တာလဲ

'g mwu , f§ w &Dv m; ...o Jd f 0 x i&ew

v m;w u , &w mb ar;cefrm;\ t azu b mr9r , f,

&ray;E@frm mr&x m;o n fo @ i&rn b W mo tDM o

ay;&0if mcByo n f





ရထားရပ်သည်နှင့်ပါလာသော ကုန်ပစ္စည်းများကို ကပျာကယာချ၏။ သူ့ကို ပစ္စည်းကူသယ်ပေးနေကြ ဘူတာ့မှအလုပ်သမားကောင်လေးက ဈေးဆိုင်အတွက်သူဝယ်လာသောပစ္စည်းများကို ကူသယ်ပေးသည်။ ပါလာသမျှ ကုန်ပစ္စည်းများကို ရထားပေါ်မှချပြီးသွားသောအခါ ရထားပေါ်မှ မိုးမြတ်မြတ်မိုးဆင်းလာခဲ့သည်။ မိမိခုံမှထမလာခင် ရထားတွဲအတွင်း မျက်စိဝေ့ပြီးတစ်ချက်ကြည့်လိုက်သည်။ သူ့အသက်ရှူများမတတ်ဖြစ်သွား၏။ မြင်ရသောမြင်ကွင်းကြောင့် သူ့မျက်စိကိုပွတ်ပြီး ကြည့်လိုက်ပြန်သည်။

ခုနက ခုံလွတ်အဖြစ်မြင်ရသော နေရာတွင် ဟိုလူပြန်ရောက်နေ၏။ ခေါင်းကိုငုံ့၍ သူ့လက်ကို သူကြည့်နေခြင်းဖြစ်သည်။ ထိုလူ၏ လက်မှာလက်ကောက်ဝတ်မှ ပြတ်နေပြီးသွေးတို့စိမ့်စိမ့်စီးကျ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ထို့နောက် ထိုလူကြီးသည် ခေါင်းကိုမော့၍ မိုးမြတ်မြတ်မိုးကို လှမ်းကြည့်လိုက်ပြီး၊ အကြည့်ချင်းဆုံစဉ် သူ့ကိုပြုံးပြလိုက်၏။

ကြောက်ကြောက်လန့်လန့်ဖြင့် ရထားတွဲပေါ်မှ မိုးမြတ်မြတ်မိုး ဒရောသောပါးပြေးဆင်းလိုက်သည်။ အရှိန်ဖြင့် ပြေးဆင်းလိုက်ခြင်းဖြစ်၍ ဘူတာပလက်ဖောင်းပေါ်မှ လမ်းလျှောက်လာသူတစ်ဦးနှင့်ဝင်တိုက်မိ၏။

"ဘုတ်"

"အင့်"

"အမေ့"

သူတို့နှစ်ယောက်စလုံး ဖင်ထိုင်ရက်လဲကျသွားကြ၏။ ဝင်တိုက်မိသူကို အားတုံ့အားနာနှင့် သူကြည့်လိုက်သည်။

"ဟင် ... သက်ထားခင်"

"မိုးမြတ်မြတ်မိုးပါလား ... ငါတော့ သေတော့မယ်ဟယ် အရမ်းဝင်တိုက်တာပဲ ... ဘာဖြစ်လာလို့လဲ ... နင့်နောက်ကို သရဲလိုက်လာလို့လား"

မိုးမြတ်မြတ်မိုးသည် အလွန်ထိတ်လန့်နေသောပုံဖြင့် ရထားရှိရာဘက်သို့တစ်ချက်လှမ်းကြည့်လိုက်ပြီး

"လာ ... သက်ထား နင့်ကိုငါပြောစရာရှိတယ် ... လက်ဖက်ရည်ဆိုင်မှာ ရှမ်းခေါက်ဆွဲစားရင်း စကားပြောရအောင်"

ထို့နောက် အလုပ်သမားကောင်လေးဘက်သို့လှည့်၍





"မောင်လေးရေ ပစ္စည်းတွေ အိမ်ကိုပို့လိုက်ပါကွယ် ရော့ အလုပ်သမားခ ..."

ထို့နောက် သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်တွင်ထိုင်ဖြစ်ကြသည်။ မိုးမြတ်မြတ်မိုးက ရှမ်းခေါက်ဆွဲစား၏။ သက်ထားခင်က တို့ဟူးနွေးမှာ၏။

"နင်ရော ... ကျောင်းမသွားရဘူးလား သက်ထား"

"ငါ ခွင့်နှစ်ရက်ယူထားတယ် မိုး ဒီနေ့ သောကြာနေ့ဆိုတော့ စနေ၊ တနင်္ဂနွေပိတ်ရက်နဲ့ဆိုတော့ တနင်္လာနေ့ကျမှပဲ ပြန်တက်တော့မယ် ... ဒါနဲ့ နင်ပြောစရာရှိတယ်ဆိုတာ ဘာလဲ"

အေးဟ ... ဒီလို ဟုအစချီကာ မိုးမြတ်မြတ်မိုးက ရထားပေါ်၌ သူကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းကိုပြောပြသည်။ သက်ထားခင်က သေသေချာချာ နားထောင်နေပြီး

"ပျောက်သွားတဲ့ကလေးတွေရော ... သေသွားတဲ့ကိုအောင်ကျော်သူရော ... လက်ကောက် ဒါမှမဟုတ် ဘောလုံးလေး ... နဲ့ တနည်းမဟုတ်တစ်နည်းပတ်သက်နေတယ် ... နင်လဲ လက်ကောက်ကို ကိုယ်တိုင်လဲဝတ်ခဲ့ရတယ် ... အခုလဲ သရဲချောက်တာမြင်ရတယ်ဆိုတော့ သတိတော့ထားဟာ ... လူပြတ်တဲ့နေရာတွေကို တစ်ယောက်ထဲမသွားနဲ့ ..."

"ငါစဉ်းစားမရတာက ကိုအောင်ကျော်သူသေတော့ လက်ကောက်ဟာပျောက်သွားတယ် ... အဲဒါ ပိုင်ရှင်မိန်းမဆီရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူးလား ... သူပြန်ယူသွားတာ မဟုတ်ဘူးလား"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့ ... ဒါမှမဟုတ် နာနာဘာဝအချင်းချင်း သူ့လက်ကနေ အငြားသရဲတစ်ကောင်ကလုယူသွားတာလဲ ဖြစ်နိုင်တာပဲ ... ပရလောကမှာ ငါတို့မသိတာတွေအများကြီး ရှိမှာပေါ့"

"အေးဟယ် ဒီကိစ္စကို မြန်မြန်ပြေလည်ချင်လှပါပြီ ဒါနဲ့ နင့်ညီမလေးကိစ္စရော ဘာထူးသေးလဲ"

ထိုအခါ အမေးခံရသော သက်ထားခင်သည် မျက်ရည်များဝိုင်းလာပြီး

"မနေ့က ငါနဲ့ဒေါ်စောမြသဇင် ကိုဇွဲမြင့်မိုရ်ကိုဝင်ခေါ်ပြီး လိုဏ်ခေါင်းထဲကိုဝင်ကြည့်တယ် ... အဲဒီမှာ ... အဲဒီမှာ"

စကားသံသည် တိမ်ဝင်သွားပြီး သက်ထားခင်သည် ခေါ့ရှိုက်ငိုနေ၏။

"အဲဒီမှာ ... ညီမလေး သဲစုကျော်ရဲ့ ခေါင်းမှာပန်ထားတဲ့ကလစ်ကလေးကိုတွေ့ရတယ် ... လူကိုတော့ မတွေ့ခဲ့ရဘူး"

ဟုဆိုကာ သူ့လက်ကိုင်အိတ်ထဲမှ ဆံညှပ်ကလေးကို မိုးမြတ်မြတ်မိုးအား ထုတ်ပြ၏။

"ဘာပဲဖြစ်ဖြစ်ဟာ ... သရဲချောက်တာရော ... ကလေးပျောက်တာရော ... ဒီလိုဏ်ခေါင်းထဲမှာ လျှို့ဝှက်ချက်ရှိရမယ်လို့ ငါတော့ ထင်နေတာပဲ"

ဟု သက်ထားခင်က သူ့ထင်မြင်ချက်ကိုပြောပြသည်။





"နင်တို့ လိုဏ်ခေါင်းထဲဝင်ကြည့်တော့ ဘာထူးခြားတာတွေ့သေးလဲ"

"ကလေးငိုသံလိုလို ဘာလိုလိုကြားရတယ်ဟ ... ဒါပေမဲ့ ...ထဲကိုဝင်သွားတော့ ဘယ်သူမှမရှိဘူး ..."

"ငါကတော့ဟာ ငါ့ချစ်သူကိုသတ်သွားတဲ့ လူကိုလုံးဝမကျေ... တတ်နိုင်သလောက် စုံစမ်းဖော်ထုတ်မယ် ..."

မခံချင်စိတ် အပြည့်ဖြင့် ပြောနေသော မိုးမြတ်မြတ်မိုးကို ...ကြည့်၍ သက်ထားခင်က

"ဒါနဲ့သက်ဆိုင်ရာကပြောတော့ ... ကိုအောင်ကျော်သူက ...တော်တဆကျောက်တုံးနဲ့ ဆောင့်ပြီးသေတာဆို"

"လောလောဆယ်သေရတာတော့ အဲဒါကြောင့်ပေါ့ ဒါပေမဲ့ ...ဒီလိုဖြစ်ရလောက်အောင် ဒို့မသိသေးတဲ့အကြောင်းလဲရှိမှာပေါ့"

"ကဲ ငါပြန်မယ်သူငယ်ချင်း ... ငါ့ဆီလဲလာခဲ့ဦးဟာ တစ်...ယာက်တည်းနေရတော့ အားငယ်တယ်"

"အေးပါ ... ငါလာခဲ့ပါ့မယ် ... အော် ဒါနဲ့ ကျောက်မဲမှာ ငါ...နင့်အမေကိုဝင်ကြည့်ခဲ့တယ် ... ရောဂါကသက်သာပါတယ်တဲ့ ......နင့်ကိုလဲ မအားရင်ဒီတစ်ပတ် စနေ၊ တနင်္ဂနွေကိုမလာခဲ့ပါနဲ့တဲ့ မှာ...လိုက်တယ်"

"သူငယ်ချင်းရယ် ... နင် ငါ့အမေကို ခုလိုဝင်ကြည့်ပေး... ကျေးဇူးအရမ်းတင်ပါတယ်ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များဝဲလျက်ပြောနေရှာသော သူငယ်ချင်းဖြစ်သူ

ကြည့်လျက် မိုးမြတ်မြတ်မိုးလည်း စိတ်မကောင်းဖြစ်ကာ၊ သက်

ခင်၏လက်ဖဝါးနုနုလေးနှစ်ဖက်ကိုသာ ဖျစ်ညှစ်ထားလိုက်မိ

သည်။





ဖွဲ့မြင့်မိုရ်သည် ဂျူတီနားချိန်ဖြစ်သဖြင့် သူ့လိုင်းခန်းထဲတွင် အမိုးချို အဝတ်အစားလဲပြီး သူ၏မိတ်ဆွေလက်မှတ်ရောင်းစာရေးကြီးကိုလှမ်းရှိရာ အခန်းဘက်ဆီသို့ ထွက်လာခဲ့၏။ တစ်နေကုန်တစ်ယောက်ထဲအလုပ်လုပ်ရတာ ငြီးစီစီနိုင်လှသည်။ မီးရထားဌာနတွင် လုပ်ငန်းဌာနများစွာရှိသည့်အနက် တံခါးအဖွင့်အပိတ်လုပ်ရသော အလုပ်နှင့် အလံချိုးရသောအလုပ်တို့သည် ငြီးငွေ့ဖွယ်အကောင်းဆုံးဖြစ်သည်။ သို့သော် ဝန်ထမ်းကောင်းတစ်ယောက်သည် ကျရာတာဝန်ကို ထမ်းဆောင်ရပေမည်။

တကယ်တော့ သူဖြစ်ချင်ခဲ့သည်မှာ မီးရထားမောင်းသမားတစ်ယောက်ဖြစ်သည်။ မီးရထားဌာနသို့ ဆက်သွယ်ဝင်ရောက်ခဲ့သည်မှာလည်း မီးရထားမောင်းသမားတစ်ယောက်ဖြစ်ချင်စိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော် သူ့မျက်လုံးများသည် အ...
မှုန်ဖြစ်နေမှန်း မျက်စေ့ကိုစမ်းသပ်စစ်ဆေးမှ တွေ့ရှိခဲ့ရသဖြင့် ...
ရထားမောင်းသမားတစ်ယောက်ဘဝကို စွန့်လွှတ်ခဲ့ရသည်။ တကယ်...
တော့ သူ့မျက်လုံးများသည် အဆိုးဝါးကြီးတော့မဟုတ် သို့သော် ...
အသက်ပေါင်းများစွာကို တာဝန်ယူမောင်းနှင်ရမည့် မီးရထား...
ခေါင်းမောင်းတစ်ယောက်ဖြစ်ရန် တင်းကြပ်တိကျလှသော စံချိန်...
ညွှန်းများကြောင့်သာ စက်မှုပိုင်းမှ သွားလာရေးဌာနသို့ သူပြောင်း...
ရွှေ့ရောက်လာခြင်းပဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူ့တာဝန်ကို သူ...
စားသည်။ သူ့အလုပ်ကို သူဂုဏ်ယူသည်။

ကိုလှချို၏အခန်းထဲသို့ရောက်သောအခါ အခန်းထဲ၌ ကိုလှ...
ချိုကိုမတွေ့ရ၊ ရေပဲသွားချိုးသလား၊ အိမ်သာပဲသွားနေသလားမ...
အိမ်တံခါးကို ဒီအတိုင်းဖွင့်ထားခဲ့သဖြင့် ဝေးဝေးသို့သွားခြင်းကား...
ဟုတ်ဟန်မတူ။

အခန်းထဲမှာဝင်ထိုင်၍ ဂျာနယ်အဟောင်းများကိုသာ ဆွဲယူ...
၍ ဖတ်ရင်း စောင့်မိသည်။ ကိုလှချိုက စာဖတ်ဝါသနာပါ၍ သူ့အိမ်...
သည် စာကြည့်တိုက်အငယ်စားလေးသဖွယ် စာအုပ်၊ စာတမ်း၊ ဂျာ...
နယ်၊ မဂ္ဂဇင်းများဖြင့်ပြည့်နှက်လျက်ရှိတော့သည်။ ဖွဲမြင့်မိုရ်သည်...
ဂျာနယ်အပုံထဲမှ တွေ့မိတွေ့ရာတစ်စောင်ကို ဆွဲယူ၍ ဖတ်လိုက်ရာ...
လွန်ခဲ့သော (၆)လခန့်က ထုတ်ဝေခဲ့သော မှုခင်းဂျာနယ်တစ်စောင်...
ဖြစ်နေ၏။





စာရွက်များကို ဟိုလှန်ဒီလှန်လျှောက်ဖတ်ကြည့်မိရာ စိတ်ဝင်စားဖွယ်ကောင်းသော သတင်းများကိုမတွေ့ရဘဲ ဖြစ်လေ့ဖြစ်ထရှိသော ရာဇဝတ်မှုအသေးအမွှားလေးများကိုပင် အဆန်းတကျယ်ထုပ်၍ ရေးသားထားသော သတင်းများကိုသာတွေ့ရလေသည်။ သို့သော် တစ်နေရာအရောက်တွင် ဓာတ်ပုံနှင့်ပါလာသောသတင်းတစ်ပုဒ်ကြောင့် သူ့အံ့ဩတုန်လှုပ်သွားသည်။ သတင်းမှာ သတင်းတိုလေးဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဘူတာလေးတစ်ခုအနားရှိ ဥမင်လိုဏ်ခေါင်းတစ်ခုအနားတွင် သားအမိနှစ်ဦးရထားတိုက်ခံရသည့်သတင်းဖြစ်သည်။ ကလေးမှာပွဲချင်းပြီး သေဆုံးသွားပြီး မိခင်မှာဒဏ်ရာပြင်းထန်စွာရပြီး သတိလစ်မေ့မျောနေသဖြင့် မန္တလေးဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနသို့ပို့လိုက်ကြောင်း၊ အခြေအနေမှာအထူးစိုးရိမ်ရပြီး အသက်ရှင်ရန် အလားအလာအလွန်နည်းကြောင်း ရေးသားထားသည်။

ဂျာနယ်ထဲ၌ ရထားတိုက်ခံရသောအမျိုးသမီးဒဏ်ရာများဖြင့် လဲကျနေသော ဓာတ်ပုံတစ်ပုံပါရှိရာ ဓာတ်ပုံမှမျက်နှာကိုမြင်လိုက်သည်နှင့် လိုဏ်ခေါင်းထဲ၌ သူကိုသရဲချောက်ခံရစဉ်က တွေ့ခဲ့ရသော အမျိုးသမီးနှင့်တသဝေမတိမ်း တူညီနေသောကြောင့် ဖွဲမြင့်မိုရ်မှာ မျက်နှာပျက်သွားကာ အထူးအံ့ဩတုန်လှုပ်သွားလေသည်။

"အလို ဘုရား ဘုရား ... ဒါ ငါလိုဏ်ခေါင်းထဲမှာ ငါ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရတဲ့ မိန်းမပဲ ... ဒီမိန်းမသေပြီး သူ့ရဲ့ဝိညာဉ်က မကျွတ်မ လွတ်ဘဲ သူတို့သားအမိ သေ သေခဲ့တဲ့ ဒီလိုဏ်ခေါင်းထဲမှာ တဝဲလည်လည်ဖြစ်နေတာပဲ ဖြစ်ရမယ် ... ”

သူ့စိတ်ထဲမှာ ထိတ်လန့်မှုကြီးစွာဖြစ်ရပြီး ဘာဆက်လုပ်ရမည်မှန်း မသိဖြစ်ရတွင် လက်နှောက်ပစ်ကာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေ၏။ ထို့နောက် ၎င်းအဖြစ်အပျက်များကို ဘာပဲဖြစ်ဖြစ် ဆရာမလေးသက်ထားခင်ကိုပြောပြသင့်သည်ဟု ယူဆကာ ဆရာမအိမ်သို့ ထွက်လာခဲ့၏။





# သွေးပျက်ဖွယ်ည

“ရှင်သေသွားကတည်းက
တစ်ခါမှ ကျွန်မကိုကိုယ်ထင်မပြသေးဘူး
ဘာပဲဖြစ်ဖြစ် ကျွန်မ မကြောက်တတ်ပါဘူး
ရှင်ဘယ်လို ပုံသဏ္ဍာန်ဆိုးနေပစေ
ကျွန်မကြည့်ရဲတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မသက်ထား ... မသက်ထားခင်"

အိမ်ရှေ့မှခေါသံကြား၍ တံခါးကြားမှချောင်းကြည့်လိုက်တော့ အိမ်ဝတွင်ရပ်နေသော ဖွဲ့မြင့်မိုရ်ကိုတွေ့ရသဖြင့် ဝမ်းသာသွားကာ တံခါးဖွင့်ပေးလိုက်၏။

"လာ ကိုဖွဲ့မြင့်မိုရ် ... ဒီမှာ ကျွန်မသူငယ်ချင်း မိုးမြတ်မြတ်မိုးလည်း ရောက်နေတယ်"

မိုးမြတ်မြတ်မိုးနှင့် ဖွဲ့မြင့်မိုရ်သည် တစ်ယောက်ကိုတစ်ယောက်တိုက်ရိုက်မသိကျွမ်းကြသော်လည်း ဘူတာဝင်းထဲတွင် မကြာခဏတွေ့မြင်နေကြဖြစ်၍ မျက်မှန်းတန်းမိနေကြသူများဖြစ်၍ တစ်ယောက်ကိုတစ်ယောက်ပြုံးပြီး နှုတ်ဆက်လိုက်ကြသည်။

"ကိစ္စထူးလို့လား၊ ကိုဖွဲ့မြင့်မိုရ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ထူးတယ်လို့ပြောရင်လည်း ရတယ် မထူးဘူးလို့ပြော ရင်လည်းရတယ် ... ခုပြောမယ့်ဇာတ်ကြောင်းက ခင်ဗျားတို့သိ သား ဇာတ်ကြောင်းပဲ ဒါပေမဲ့ ပိုပြီးသေချာအောင် ပြောပြချင်တယ်

ဟု စကားပလ္လင်ခံကာ ဖွဲ့မြင့်မိုရ်က ဂျာနယ်ထဲမှာ သူတွေ့ ရသော သွေးအိုင်ထဲမှာသတိလစ်မေ့မျောနေသော အမျိုးသမီးနှင့် လိုဏ်ခေါင်းထဲမှာ သူ့ကိုသရဲချောက်သော အမျိုးသမီးတို့တူညီနေ ပုံကိုပြောပြလိုက်သည်။

"ကျွန်မ အိမ်ရှေ့မှာတစ်ခါတလေ မြင်ရတာလည်း ဒီမိန်းမ ပဲရှင့်၊ လက်ကောက်ပိုင်ရှင်ဟာ ဒီမိန်းမပဲဖြစ်ရမယ်၊ ကိုအောင်ကျော် သူသေရတာလည်း သူ့ကြောင့်ပဲ ကျွန်မသူ့ကိုဒီတစ်သက်မကျေဘူး ကျွန်မသေရင်တောင် သူ့ကိုနောက်ဘဝမှာ ကလဲ့စားချေချင်တယ်"

"မိုးရယ် အဲဒီလိုစိတ်ထားမျိုးမမွေးပါနဲ့ကွာ ... မင်း ဒီလိုရှု ငိုးပွားနေတော့ရော သေတဲ့လူကပြန်ရှင်မလာပါဘူး ပြီးတော့ ကိုယ် ကမြင့်မြတ်တဲ့ မနုဿဘုံက လူသား သူတို့ကပြိတ္တာဘုံသား နာနာ ဘာဝတွေပဲ ... သွားယှဉ်မနေပါနဲ့ ခွင့်လွှတ်လိုက်ပါ ... မေတ္တာပို့ပါ မေတ္တာဟာ အောင်နိုင်ပါတယ် သူငယ်ချင်း ..."

မိုးမြတ်မြတ်မိုးက ဘာမှမပြောဘဲ တစ်ဖက်သို့လှည့်နေ သည်။

"အဲဒီတော့ ကျွန်မတို့ ဘယ်လိုဆက်လုပ်ကြရင်ကောင်းမလဲ" ဟု သက်ထားခင်ကမေးလိုက်သည်။





"လိုဏ်ဂူထဲကိုဘုန်းကြီးပင့်ပြီး ပရိတ်တရားတော်ရွတ်ဖတ်လိုက် ရင်ကောင်းမလား"

"ကောင်းတော့ကောင်းတယ် ကိုဖွဲ့မြင့်မိုရ် ဒါပေမဲ့ ပျောက်နေ တဲ့ ကျွန်မညီမလေးနဲ့ ထွန်းထွန်းတို့ကိစ္စကျ ဘယ်လိုလုပ်မလဲ ..."

"ရဲကိုအကြောင်းကြားပြီး တောနင်းရှာရင်ရော သက်ထား"

"ကျွန်မနဲ့ဒေါ်စောမြသဇင် ဒီပတ်ဝန်းကျင်အနှံ့ လိုက်ရှာပြီး ပြီ ဘာမှထူးခြားတာမတွေ့ဘူး" ဟု သက်ထားခင်ကဖြေ၏။

"ဒီလိုရှိတယ်ဟ ငါတို့က နေ့ခင်းဘက်လိုက်ရှာနေလို့ မတွေ့ တာလားမသိဘူး ညဘက်လိုက်ရှာရရင်ကောင်းမယ်နော် ... ငါက တော့ ကိုအောင်ကျော်သူသေတဲ့ ကျောက်တုံးကြီးနားကို လုံးဝ မသက်သာဘူး"

ဟု မိုးမြတ်မြတ်မိုးက အကြံပေးသည်။ သက်ထားခင်က သက်ပြင်းတစ်ချက်ချကာ

"နင်ကလဲဟယ် ... ညကြီးမင်းကြီး လိုက်ရှာလို့ ဘယ်ဖြစ်ပါ့ မလဲ ... ကောင်းဖို့ထက် ဆိုးဖို့များတယ် ... ပြီးတော့ အန္တရာယ်ပေါင်း စုံတွေ့နိုင်တယ် ..."

"တွေ့ပေစေပေါ့ ... သရဲကိုနေ့ခင်းဘက်လိုက်ရှာလို့ ဘယ် တွေ့မလဲ ညဘက်ရှာမှ တွေ့မှာပေါ့ အဲဒီတော့မှ သူဘယ်မှာနေသ လဲဆိုတာ တစ်ဆင့်တက်ပြီး စုံစမ်း၊ သိပြီဆိုရင် သူ့နေရာကိုသွားရှင်း လိုက်ရင် တို့နိုင်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက ငါတို့ချည်းရမ်းလုပ်လို့ မဖြစ်ဘူးထင်တယ် တတ်သိနားလည်တဲ့လူတွေနဲ့ တိုင်ပင်တာကောင်းမယ်ထင်တယ်"

"နင်တို့ ဒီလိုဆင်ခြေပေးနေရင် ကလေးတွေ ဒုက္ခရောက်ကုန်မယ် ... နင်မလိုက်ရင်လဲနေ ... ထွန်းထွန်းအမေကိုသွားခေါ်ပြီး ငါလိုက်ရှာမယ် ... ကုန်ကုန်ပြောမယ်အေ သူမလိုက်ရဲရင်လဲ ငါတစ်ယောက်တည်းသွားမယ်"

"မိုး နင်ထင်တာတွေ စွတ်မလုပ်နဲ့ စဉ်းစဉ်းစားစားလုပ်ဦး"

"ဟုတ်ပါတယ် မမိုးမြတ်မြတ်မိုး ညဘက်ကြီးတောထဲကိုပဲဖြစ်ဖြစ် လိုဏ်ခေါင်းရှိတဲ့ဘက်ပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်အနေနဲ့ အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်တာကြောင့် မသွားသင့်ပါဘူး"

"ဒါဆို ရှင်းရှင်းလေးပဲ ကိုဖွဲ့မြင့်မိုရ် ကျွန်မတို့နဲ့လိုက်ခဲ့ပေါ့ ကျွန်မတို့သုံးယောက်သွားကြမယ်လေ ... ဘယ်လိုလဲ"

"စိမ်မခေါ်နဲ့ မမိုးမြတ်မြတ်မိုး ကျွန်တော်က ကြောက်တတ်တဲ့ကောင်မဟုတ်ဘူး မနက်ဖြန်ညကျ သွားကြမယ် ဒီနေ့တော့ အချိန်မရှိတော့ဘူး"

"ကောင်းပြီလေ ... ကတိမဖျက်ကြေး မနက်ဖြန်ညရှစ်နာရီ ဒီနေရာမှာပဲ ဆုံမယ်"

နောက်တစ်နေ့နေ့လည်တွင် သက်ထားခင်ထံသို့ လူကြုံတစ်ယောက်ရောက်လာ၏။ ကျောက်မဲဆေးရုံမှ သူ့အမေလွှတ်လိုက်ခြင်းဖြစ်သည်။

"ဆရာမသက်ထားခင်ရှိပါသလား"

"ဟုတ်ကဲ့ ကျွန်မပါရှင့် ... ဘာကိစ္စရှိလို့ပါလဲ"

"ဒီလိုပါ သမီးအမေ ဒေါ်ဖွားခင်က မှာလိုက်ပါတယ် ဆေးဝယ်ဖို့ ပိုက်ဆံမလောက်လို့တဲ့ အဲဒါ သမီးပိုက်ဆံပို့ပေးပါဦးတဲ့ ဦးကို ပြောခိုင်းလိုက်တယ် ..."

"ဟင် ဟုတ်လား ... သြော် ဟုတ်မှာပါပဲ ပိုက်ဆံကတစ်ပတ်စာပဲပေးခဲ့တာ ... ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ ကျွန်မကမသွားတော့ ငွေပြတ်သွားတာဖြစ်မှာပါ ... ဦးလေးက အခုကျောက်မဲကိုပြန်မှာ




www.burmeseclassic.com

www.burmeseclassic.com



လားဟင် သမီးပိုက်ဆံပေးလိုက်ချင်လို့"

ထိုအခါ ဦးလေးကြီးက အားတုံ့အားနာပြုံး၍

"မသွားတော့ဘူးသမီးရဲ့ ဦးကြီးနှမတစ်ယောက်လေဖြတ်တာ အခုသက်သာလို့ ဆေးရုံကဆင်းလာကြတာ ... ဟိုဘက်ရွာမှာ နေတယ် သမီးကို တမင်သက်သက်ဝင်ပြောတာ ... ကိုယ့်အဆော ကိုယ်လိုက်သွားပေါ့ကွယ် ... ရထားမီပါသေးတယ် ဟိုကလည်း သမီး တွေမလာရင် တမျှော်မျှော်နဲ့ပါ"

ထိုဦးကြီးစကားက သူမရင်ကို ထိခိုက်ကြေကွဲစေသည်။ မိုး မြတ်မြတ်မိုးနှင့်တွေ့စဉ်က မအားရင်မလာခဲ့ပါနဲ့ ဆိုသောစကားမှာ သမီးများသွားရေးလာရေး ကသီမည်ကိုစိုးရိမ်၍ပြောသောစကား ဖြစ်မည်။ သူ့ရင်ထဲက ဆန္ဒအရင်းခံကား သမီးများကို တွေ့လိုစေ လိမ့်မည်။

ဆေးရုံသို့ချက်ချင်းလိုက်သွားရန် သူဆုံးဖြတ်လိုက်သည်။ နေ့ ချင်းပြန်ချက်ချင်းပြန်လာ၍မဖြစ်သဖြင့် အဝတ်အပိုတစ်စုံကို လက် ဆွဲအိတ်ထဲသို့ထည့်သည်။ ပိုက်ဆံပါအောင်ယူသည်။ ညီမလေးကို မေးလျှင် ဘယ်လိုဖြေရမလဲဟု သူအသည်းအသန်စဉ်းစားသည်။ ကျောင်းစာတွေ မအားသဖြင့် စာကျက်ရန်နေရစ်ခဲ့သည်ဟုပဲပြောရ တော့မည်။ ဘူတာဘက်မှ ရထားဥသြသံကိုကြားရသည်။ မန္တလေး ဘက်မှ လာသောရထားဝင်လာပေပြီ။ သူတို့ဘူတာတွင် ဆယ်မိနစ် ခန့်ပဲရပ်မည်ဖြစ်သည်။ အိမ်တံခါးပိတ်ပြီး ဘူတာရုံသို့ ခပ်သွက်သွက်





သွားလိုက်သည်။ ဟိုရောက်တော့ ရထားထွက်လုပြီ၊ လက်မှတ်တစ် စောင်ကပျာကယာယူပြီး ရထားဆီသို့ ပြေးလာခဲ့သည်။ လက်မှတ် ရောင်းနေသောစာရေးကြီးကိုလှရှိအား ...

"ဦးလှရှိ ... ကျွန်မကျောက်မဲကိုသွားမလို့ ... ကိုဇွဲမြင့်မိုရ် ထိုတွေ့ရင် ပြောလိုက်ပါနော်"

ထို့နောက် ရထားသည် ဥသြမှုတ်ကာထွက်ခွာစပြုသဖြင့် အမန်းကတန်းရထားဆီသို့ ပြေးတက်လာမိခဲ့သည်။ သူရထားပေါ် ရောက်ပြီး မကြာမီ ရထားသည် အရှိန်ရလာကာ တဂျုန်းဂျုန်းနှင့် ခုတ်မောင်းလေတော့သည်။

ထိုအခါမှ ... သူ မိုးမြတ်မြတ်မိုးကို ဘာမှမမှာခဲ့ရသေးတာ သတိရမိသည်။ ယနေ့ည တောထဲသို့သွားရန် ချိန်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ရောက်တော့ အမေကဝမ်းသာအားရ သူ့လက်ကို ဆုပ်ကိုင်ထားသည်။

"သမီးကို ဒုက္ခပေးရတာ အားနာလိုက်တာသမီးရယ် ဒီမှာလည်း ဆေးဖိုးပေးဖို့ ပိုက်ဆံလိုနေလို့သာ မှာလိုက်ရတာပါ"

"ရပါတယ် အမေရယ် သမီးကလည်း အမေ့ဆီစိတ်က နေ့တိုင်းရောက်ပါတယ် ဒီတစ်ပတ်မလာနိုင်လို့ စိတ်မကောင်းဖြစ်နေတာ ပိုက်ဆံလဲ သမီးမှာပါပါတယ် ... ရော့ ... အဒေါ် ... အမေ့အတွက် လိုအပ်တဲ့ဆေးသွားဝယ်ပေးပါဦးနော်"

ဒေါ်လှမြိုင်က သက်ထားခင်ပေးသောပိုက်ဆံနှင့် ဆေးစာရွက်ကိုယူပြီး ထွက်သွား၏။





"ငါ့သမီးလည်း အမေ့အတွက် ပိုက်ဆံတွေအတော်ကုန်နေပြီနော်"

"ဒီလောက်လဲ မဟုတ်ပါဘူးအမေ ... ရွာမှာသမီးအတွက် ဘာမှကုန်စရာမှ မရှိတာ ... ဒီလောက်တော့ သမီးမှာစုဆောင်းထားတာရှိပါတယ် ... ပြီးတော့ သမီးတို့ လက်ဖက်ခင်းတွေထဲက ပုံမှန်ဝင်ငွေလည်း ရပါတယ် ... "

သူတို့မှာ မိသားစုပိုင် လက်ဖက်ခြံလေးတစ်ခြံရှိရာ သူရင်းငှားချထား၍ လုပ်ကိုင်စေပြီး ပုံမှန်ဝင်ငွေရရှိနေသဖြင့် သူတို့မိသားစုအတွက် စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပြီးသားဖြစ်နေလေသည်။

"ဒါနဲ့ သမီးလေးရော မမြင်ပါလားကွဲ့"

"ဟုတ်တယ် အမေ သူကလိုက်ချင်တာ ... သမီးက စာမေးပွဲနီးနေလို့ စာကျက်ပျက်မှာစိုးလို့ မခေါ်ခဲ့ဘူး"

"ဒါဆို ငါ့မြေးလေးအိမ်မှာတစ်ယောက်တည်းဖြစ်နေတော့မှာပေါ့ သမီးလဲပြန်လေ ... ဒီနေ့ အမေ့ကုတင်ဘေးက လူနာက ဆေးရုံကဆင်းရတော့မယ် ... ကားငှားပြီးပြန်မလို့တဲ့ ... သမီးကားကြုံလိုက်သွားလို့ရတယ် ... အမေနဲ့ ခွေမျိုးလိုခင်နေကြပြီ ... သမီးကိုလဲသိတယ်"

"ဒါဆို သူတို့နဲ့သမီးအတူပြန်မယ်အမေ ... ညီမလေးကိုသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှာဦးမယ် ဟုတ်လား"

သူစကားမှားသွားမှန်း သက်ထားခင် ချက်ချင်းသိလိုက်သည်။

"ဒီလိုပါ အမေရဲ့ သမီးအပြန်နောက်ကျနေရင် ညီမလေးက သူ့သူငယ်ချင်းတွေအိမ်လျှောက်သွားနေတော့ လိုက်ရှာရမှာကို ပြောတာပါ"

ထိုအခါမှ ဒေါ်ဖွားခင်မျက်နှာကြည်လင်လာပြီး

"အေးကွဲ့ နောက်တစ်ခါလာရင်တော့ သမီးလေးကိုပါအောင် ခေါ်ခဲ့ပါ … ဘာဖြစ်လို့လဲ မသိဘူး … ခုတလော သမီးလေးကို အရမ်းသတိရတယ်ကွယ်"

"ဟုတ်ကဲ့ ခေါ်ခဲ့ပါ့မယ် အမေ"

ဟုပြောရင်း မျက်ရည်မကျအောင် သူထိန်းချုပ်ရ၏။

"အမေရော သက်သာရဲ့လား"

"သက်သာတယ်သမီး သိပ်မကြာခင် ဆေးရုံကဆင်းရတော့မယ်လို့ ဆရာဝန်ကြီးကပြောတယ်"

"ကောင်းတာပေါ့ အမေရယ် သမီးအရမ်းဝမ်းသာတာပဲ … အမေပြန်လာရင် အဆင်သင့်ဖြစ်အောင် အမေ့ကုတင်နဲ့အိပ်ခန်းကို သမီးရှင်းလင်းထားလိုက်မယ်"

ထိုသို့ပြောလိုက်သော်လည်း သက်ထားခင်စိတ်ထဲတွင် စိုးရိမ်နေသောအရာတစ်ခုရှိသည်။ ၎င်းမှာအခြားမဟုတ်၊ သူ့အမေရှာပြန်ရောက်လာလျှင် ညီမလေးသဲစုကျော်နှင့်ပတ်သက်၍ သူတို့ဖုံးဖိထား





…ာတွေအားလုံးရုတ်တရက်ပေါ်ကုန်တော့မည်။ ထိုအခါ ရောဂါ…ည် အမေသည် ဤစိတ်ဆင်းရဲမှုတွေဒဏ်ကိုခံနိုင်ပါမည်လား။ …လာလောဆယ်တော့ ရင်ထဲက အပူကိုဟန်လုပ်ကာ သူ့အမေ၏ …က်ကိုကိုင်၍ အားပေးစကားပြောလိုက်သည်။

"အမေကျန်းမာအောင်နေနော် … သမီးတို့သားအမိသုံးယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်ဆုံကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့မြင့်မိုရ်သည် မမျှော်လင့်ဘဲ ဌာနတွင်းအစည်းအဝေးတစ်ရ တက်ရောက်နေရသဖြင့် ချိန်ထားသောအချိန်ထက် အနည်းငယ် နောက်ကျပြီးမှ သက်ထားခင်တို့အိမ်သို့ ရောက်သွား၏။ လက်မှတ် ရောင်းစာရေးကြီးသည်လည်း ယနေ့ညနေကျမှ တိုင်းအဆင့်စစ်ဆေး ရေးအရာရှိများရောက်ရှိနေသဖြင့် အလုပ်များကာ သက်ထားခင်မှာ ထားခဲ့သောကိစ္စအား ဖွဲ့မြင့်မိုရ်အား ပြောပြဖို့မေ့လျော့သွားခဲ့သည်။ ထို့ကြောင့် ဖွဲ့မြင့်မိုရ်လည်း မူလအစီအစဉ်အတိုင်း ထွက်လာခဲ့ခြင်း ဖြစ်သည်။

သက်ထားတို့အိမ်ရှေ့သို့ရောက်သောအခါ အိမ်မှာတံခါးပိတ် ထားပြီး အိမ်ထဲ၌လည်း မီးမထွန်းဘဲ မဲမှောင်တိတ်ဆိတ်နေသည်။ သေသေချာချာချိန်းထားပြီးမှ ဘယ်လိုဖြစ်သနည်း။ သူမလာနိုင်





ည်နှင့် သက်ထားခင်နှင့် မိုးမြတ်မြတ်မိုးတို့နှစ်ယောက်တည်း ာထဲသို့ထွက်သွားခြင်းပေလော။

ဘာပဲဖြစ်ဖြစ် တောထဲကိုလိုက်သွားမည်ဟု ဆုံးဖြတ်လိုက် ည်။ သို့သော် ဥမင်လိုဏ်ခေါင်းကိုလိုက်ရမည်လား၊ အောင်ကျော် သေဆုံးခဲ့သော ကျောက်တုံးကြီးနားသို့ လိုက်ရမည်လား ဝေခွဲ ဖြစ်မိသည်။ မှောင်ကြီးမည်းကြီးမှာ အရမ်းကာရောတစ်ယောက် ည်းလျှောက်သွားနေတာထက် ဘူတာသို့ပြန်ပြီး ကိုလှချို့ဆီမှ ိုင်ကယ်ငှားပြီး ကိုယ့်ကိုကိုယ်ကာကွယ်နိုင်ရန် ဒုတ်တစ်ချောင်းယူ ာခဲ့ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဘူတာသို့ သူ ဒုန်းစိုင်းပြီး ြန်ပြေးလာခဲ့သည်။

ထိုအချိန်၌ မိုးမြတ်မြတ်မိုးသည် ဓာတ်မီးတစ်လက်ဖြင့် တော ထဲတွင် တစ်ယောက်တည်းလျှောက်သွားနေမိသည်။ ချိန်းထားသည့် အတိုင်း သက်ထားခင်၏အိမ်သို့ရောက်သောအခါ သက်ထားခင်ကို ရော၊ ဖွဲ့မြင့်မိုရ်ကိုရောမတွေ့။ အိမ်မှာလည်း တံခါးသော့ပိတ်ထား သည်။ သက်ထားခင်သည် ဖွဲ့မြင့်မိုရ်ဆိုသောလူနှင့်ပေါင်းကာ သူ့ကို ချောင်လေပြီဟု ယူဆလိုက်သည်။ တကယ်ဆို မလိုက်ချင်ဘူးဆိုလျှင် နေ့ကတည်းက မလိုက်နိုင်ကြောင်း ပြောလိုက်ဖို့ကောင်းသည်။ မိုး လားကဲလားနှင့်ကတိပေးပြီးမှ သတ္တိကြောင်ပြီးရှောင်နေတာတော့ သူသိပ်မကြေနပ်ချေ။ တကယ်ဆိုရင် သက်ထားခင်ပိုပြီးတက်ကြွ ကောင်းသည်။ ညီမတစ်ယောက်လုံးပျောက်ဆုံးနေသူက ဤကြံဖွေ



www.burmeseclassic.com

www.burmeseclassic.com



မှုကိုဦးဆောင်သင့်သည်ဟုထင်သည်။ မည်သို့ဆိုစေ ... ကိုအော
ကျော်သူသေဆုံးမှုကြောင့်ဖြစ်ပေါ်လာသောနာကြည်းမှုမျိုး သူခံစ
နေရသလို သူတို့တွေမှာမရှိဟု မှတ်ချက်ချလိုက်သည်။ ဒေါသလည်
အနည်းငယ်ဖြစ်မိလေသည်။ အမြဲတမ်းစိတ်တူကိုယ်တူရှိခဲ့သော
တို့သူငယ်ချင်းနှစ်ယောက်သည် ယခု ဖွဲ့မြင့်မိုရ်ဆိုသူကြားဝင်လာ
စိတ်ဝမ်းကွဲရသည်။ သက်ထားခင်ကလည်း ဖွဲ့မြင့်မိုရ်ပြောလျှင် အ
ကိုမှ မငြင်းနိုင်။ သက်ထားစိတ်ထဲက ဖွဲ့မြင့်မိုရ်အားကြိတ်၍ သဘော
ကျနေပုံရသည်။ နောက်ဆုံး၌ ဖြစ်ချင်ရာဖြစ်ဟုဆိုကာ တောအုပ်
သို့ သူတစ်ယောက်တည်း ညကြီးမင်းကြီးထွက်လာခဲ့ခြင်းဖြစ်သည်။

တောလမ်းကလေးတစ်လျှောက် မှောင်မည်းတိတ်ဆိတ်နေ
၏။ ရွာနှင့်အတန်ငယ်လှမ်းလာသဖြင့် လူသံ၊ သူသံစကားပြောသံ
တို့လည်း ဝေးကွာတိတ်ဆိတ်၍ ကျန်ခဲ့သည်။ တောအုပ်အတွင်း၌
ကား ညဉ့်ငှက်တို့၏အော်သံ၊ အင်းဆက်ပိုးမွှားတို့၏အော်သံမှတပါး
အရာရာသည် တိတ်ဆိတ်နေ၏။ တစ်ခါတစ်ရံ လေတိုက်လိုက်သော
အခါ သစ်ပင်တို့သည် သက်ရှိလူသတ္တဝါများသဖွယ် ဘယ်ညာယိမ်း
ထိုးလျက်ရှိတော့သည်။

အမှောင်ထဲတွင် လျှောက်လာရင်း သူ့နားထဲတွင် နောက်မှ
လူတစ်ယောက်လိုက်လာသံလို ခြေသံတချွတ်ချွတ် ကြားရ၏။ ရပ်၍
နားစွင့်လိုက်သောအခါ ကြားရသောခြေသံမှာ ရပ်သွားသလိုရှိသည်။
တိရိစ္ဆာန်တစ်ကောင်နောက်ယောင်ခံလိုက်လာခြင်းလော ... တစ္ဆေ





တစ်ကောင်၏ခြေသံလော ... တထိတ်ထိတ်ဖြင့် သူထွက်လာခဲ့မိ
သည်။

ဤသို့ လျှောက်လိုက်၊ ရပ်လိုက်၊ နားစွင့်လိုက်ဖြင့် ကိုအောင်
ကျော်သူသေဆုံးခဲ့သောကျောက်တုံးကြီးနားသို့ ရောက်လာ၏။
တောင်စောင်းမို့ လိမ့်မကျအောင် ကိုယ်ကိုထိန်းကာ တဖြည်းဖြည်း
လျှောဆင်းလာခဲ့သည်။ ခပ်ဝေးဝေးယာစောင့်တဲကလေးမှ ခွေးအူ
သံသဲ့သဲ့ကိုကြားရ၏။ အသည်းငယ်တတ်သူများအတွက် ကြက်သီး
ထဖွယ်ဖြစ်သည်။

နောက်ဆုံး၌ လူတစ်ရပ်မကမြင့်မားသော ကျောက်တုံးကြီး
ရှေ့သို့ သူရောက်သွား၏။ ကျောက်တုံးကို ဓာတ်မီးဖြင့်ထိုးကြည့်
လိုက်သောအခါ ယောကျ်ားတစ်ယောက်၏ ဦးခေါင်းခန့်မြင့်သော
နေရာ၌ သွေးစွန်းနေသော အကွက်ကြီးတစ်ခုကိုတွေ့ရ၏။ ထိုသွေး
ကွက်သည် သူ့ချစ်သူအောင်ကျော်သူအား အသက်ဇီဝိန်နုတ်ယူသွား
သော အမှတ်လက္ခဏာကြီးဖြစ်သည်။ မိုးမြတ်မြတ်မိုးသည် သွေး
ကွက်ကို ကြည့်ကာ မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလာသည်။
ထို့နောက် ကျောက်တုံးကြီးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး လက်
နှစ်ဖက်ဖြင့် ကျောက်တုံးကိုထိကိုင်ကာ ...

"ကိုအောင်ကျော်သူ ... ရှင်သေသွားကတည်းက တစ်ခါမှ
ကျွန်မကို ကိုယ်ထင်မပြသေးဘူး ... ဘာပဲဖြစ်ဖြစ် ကျွန်မမကြောက်
တတ်ပါဘူး ... ရှင် ဘယ်လိုပဲ ပုံသဏ္ဌာန်ဆိုးနေပစေ ကျွန်မကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ရှင့်ကိုသေအောင်လုပ်ခဲ့တဲ့ မိန်းမကိုလည်း ကျွန်မတ
သက်မကြေဘူး သူ့ကိုဖြစ်တဲ့နည်းနဲ့ ကျွန်မလက်စားချေပါ့မယ်
အစ်ကို ကျွန်မကို တစ်ခါလောက်ကိုယ်ထင်ပြပါ”

သူ့စကားဆုံးသည်နှင့် နောက်ဖက်မှ ချွတ်ခနဲခြေသံကြာ
၏။ ရုတ်တရက်နောက်သို့လှည့်၍ ကြည့်လိုက်သည်။

မည်းမည်းသဏ္ဌာန်တစ်ခုကို ရိပ်ခနဲတွေ့ရ၏။

သူ့ဦးခေါင်းသည်ပူခနဲ ဖြစ်သွားပြီး တစ်လောကလုံးခြာခြာ
လည်ကာ အသိအာရုံများလည်း သူ့ထံမှ ပျောက်ကွယ်သွားတော့
သည်။





“ရပြီဦး ... အဲဒီဘူတာထိပ်မှာပဲ ရပ်လိုက်တော့”

သက်ထားခင် ကျောက်မဲမှ ကားကြုံစီးလာသော မိသားစုကို ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောပြီး ကားပေါ်မှဆင်းလာခဲ့သည်။ နာရီကိုကြည့်လိုက်သောအခါ ညရှစ်နာရီလေးဆယ့်ငါးမိနစ်ရှိနေပြီဖြစ်သည်။

ချိန်းထားသောအချိန်နှင့် အတော်နောက်ကျနေချေပြီ။ ဒီအချိန်အထိ မိုးမြတ်မြတ်မိုးနှင့် ဖွဲ့မြင့်မိုရ် သူ့ကိုစောင့်နေကြတုန်းပဲလားမသိ။ ချိန်းထားသော အိမ်ရှင်က ရှောင်ထွက်သွားတယ်ဟု မြင်သွားလျှင်ခက်မည်။ သူလည်းချိန်းထားတာသတိရသဖြင့် ညပင်မအိပ်ပဲ တော့ဘဲ ကားကြုံဖြင့်ပြန်လာခဲ့ခြင်းဖြစ်သည်။ သူများကားကိုကပ်စီး



www.burmeseclassic.com

www.burmeseclassic.com



ရတာဆိုတော့ သိပ်လောလို့မရ။ သူတို့ဆေးရုံကဆင်းတာ၊ ပစ္စည်းသိမ်းတာတွေကို စောင့်နေရသည်။ ထို့ကြောင့် နောင်ပိန်သို့ရောက်ချိန်သည် မူလကမှန်းထားသော ညခုနစ်နာရီခွဲထက် တော်တော်နောက်ကျနေခြင်းဖြစ်သည်။

ခြေလှမ်းသွက်သွက်ဖြင့် ဘူတာထဲမှ ဖြတ်လျှောက်လာခဲ့သည်။

ဘူတာထဲ၌ဆိုင်များအားလုံးပိတ်ကုန်ကြလေပြီ။ သူတို့အရပ်၌ ရာသီဥတုမှာ ချမ်းအေးလှသဖြင့် လူများသည် ညဘက်အပြင်မထွက်ကြတော့ဘဲ စောစောအိပ်ရာဝင်လေ့ရှိကြသည်။ တိတ်ဆိတ်နေသဖြင့် သူ့ခြေသံတဖျပ်ဖျပ်ကို သူပြန်ကြားရသည်။ ဖိနပ်ခွာသံတဒေါက်ဒေါက်ကိုကြားရသည်။

ထိုစဉ်တွင် လူတစ်ယောက်ပြေးလာသောခြေသံကိုကြားရ၏။ ခြေသံကိုအရင်ကြားရပြီး မှောင်ရိပ်ထဲမှထွက်လာသောလူကို နောက်မှမြင်ရ၏။ ထိုလူမှာ ဖွဲ့မြင့်မိုရ်ဖြစ်နေသဖြင့် သက်ထားခင်အံ့သြသွားသည်။

ဖွဲ့မြင့်မိုရ်ကလည်း သက်ထားခင်ကိုမြင်လိုက်ရသဖြင့် အံ့သြသွားဟန်ရှိသည်။

"ကိုဖွဲ့မြင့်မိုရ်"

"မသက်ထားခင်"

"ရှင် ဘယ်က ဘယ်ကိုသွားမလို့လဲ"





"ခင်ဗျားရော ... ဘယ်လိုလုပ်ဒီကိုရောက်နေတာလဲ မိုးမြတ်မြတ်မိုးရော ဘယ်မှာလဲ"

"ဘာ ... မိုးက ကိုဖွဲ့နဲ့အတူတူရှိနေတာ မဟုတ်ဘူးလား ချိန်းထားတဲ့အချိန်မှာ ရှင်မသွားဘူးလား"

"သွားတယ် ... ကျွန်တော်က အစည်းအဝေးတစ်ခုရှိနေတာနဲ့ နည်းနည်းနောက်ကျသွားတယ် ... ကျွန်တော်ရောက်တော့ မသက်ထားအိမ်က တံခါးပိတ်ထားတယ် ... ဘယ်သူ့မှလည်း အဲဒီမှာ မတွေ့ဘူး"

"ဒုက္ခပါပဲ ... မိုးကစိတ်ထက်တယ် တစ်ယောက်တည်း လျှောက်ထွက်သွားရင်တော့ ဖွဲ့ဟဲ့မပြောကောင်း မဆိုကောင်း သူ့အတွက် အန္တရာယ်ရှိနိုင်တယ်"

"ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"သူ့နောက်ကို လိုက်ကြရင်ကောင်းမယ်ထင်တယ်"

"လိုက်တာက ဟုတ်ပြီ ဒါပေမဲ့ ညကြီးမင်းကြီးတောထဲကို ခြေလျင်လိုက်မယ်ဆိုရင် ကိုယ်သွားချင်တဲ့နေရာကို တော်တော်နဲ့ရောက်မှာမဟုတ်ဘူး"

"ဒါဆို ကိုဖွဲ့က ဘယ်လိုလုပ်ချင်လို့လဲ"

"ကျွန်တော့် သူငယ်ချင်း စာရေးကြီးကိုလှချို့မှာ ဆိုင်ကယ်တစ်စီးရှိတယ် ... အဲဒါ ကျွန်တော်တို့ ငှားသွားရင်ကောင်းမယ်ထင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း မဆိုးပါဘူး ဆိုင်ကယ်ဆိုတော့ တောထဲတောင်ထဲ လူသွားလမ်းကလေးတွေအထိ ဝင်လို့ရတယ် ... အချိန်ကုန်လည်း သက်သာတာပေါ့ လာဦးလှချိုဆီ မြန်မြန်သွားကြရအောင်"





သူတို့ရောက်သွားအချိန်တွင် စာရေးကြီးဦးလှချိုသည် သူ့အခန်းထဲဝယ် သတိလစ်ပြီးလဲကျမေ့မျောနေ၏။

"ကိုလှချို ... ကိုလှချို ... ခေါ်လို့လဲမရဘူး ... ဘယ်လိုဖြစ်တာလဲ မသိဘူး"

"အသက်ကောရှိသေးလားရှင်"

ဖွဲ့မြင့်မိုရ်က သွေးဝမ်းကြည့်လိုက်သည်။ လက်ကပွပွနွေးနွေးပဲ ရှိနေပြီး သွေးလျှောက်သေးသည်။

"အသက်ရှိသေးတယ် မသက်ထား ... နေဦး ကျွန်တော် ရေတစ်ခွက်သွားခပ်လိုက်ဦးမယ် မျက်နှာကိုရေနဲ့ပက်ပြီး နိုးရအောင်"

ဖွဲ့ကရေတစ်ခွက်ခပ်လိုက်ပြီး ကိုလှချိုမျက်နှာအား ပက်ဖျန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ … ကိုလှချိုသတိရလာပြီး ထိတ်လန့်တကြားဖြင့် ထထိုင်၏။

"ကြောက်ပါပြီဗျ … ကြောက်ပါပြီ"

"ကိုလှချို ကျွန်တော်တို့ပါ … ဖွဲနဲ့ ဆရာမသက်ထားခင်ပါ"

ထိုအခါမှ ကိုလှချိုသည် ပျာယီပျာယာအမူအယာများ ပျောက်သွားပြီး

"သြော် … အေး … ငါသတိရလာပြီ … ငါသရဲခြောက်ခံရပြီး သတိလစ်သွားတာကွ … မင်းက ဘယ်ကရောက်လာတာလဲ"

"ခင်ဗျားဆီကို ဆိုင်ကယ်လာငှားတာဗျ … အရေးကြီးတယ် နှုတ်ခြင်းလိုက်မှဖြစ်မယ် … ဆိုင်ကယ်ပေးလိုက်ပါ … မိုးမြတ်မြတ် မိုးတောထဲကိုတစ်ယောက်တည်း ထွက်သွားတယ် ဒါနဲ့ ခင်ဗျားကို သရဲက ဘယ်မှာခြောက်တာလဲ ဘယ်လိုခြောက်တာလဲ"

"ဒီနေရာမှာပဲကွ … ငါက ထမင်းစားပြီးလို့ ဟင်းပန်းကန်တွေသိမ်းမလို့လုပ်နေတာ … တံခါးခေါက်သံကြားလို့ သွားဖွင့်တော့ ဘာမှမတွေ့ဘူးကွ … အဲဒါနဲ့ အိမ်ထဲပြန်ဝင်လိုက်တော့ ငါထမင်းပွဲက ထမင်းကျန်ဟင်းကျန်တွေ ပျောက်နေတယ်ကွ၊ ပြီးတော့ လူသေးသေးလေးတစ်ယောက်ကွာ … ကလေးလောက်ပဲရှိလိမ့်မယ် ငါ့အိမ်ထဲကို ဘယ်ကဘယ်လိုရောက်လာမှန်းမသိဘူး … ငါလဲကြောက်ပြီး ကြည့်နေတုန်း ကလေးက မျက်စိရှေ့တင် ထောင်ထောင်မောင်းမောင်းနဲ့ လူကြီးအရွယ် လူနီကြီးတစ်ယောက်ဖြစ်သွားတယ်ကွ …





မျက်လုံးကနီနီကြီးနဲ့ ပေါင်မှာထိုးကွင်းတွေထိုးထားသေးတယ် … ငါလည်း အရမ်းကြောက်ပြီး သတိလစ်သွားတာ … မင်းတို့လာနှိုးမှပဲ နိုးတော့တာပါပဲ … ရော့ကွာ ဒီမှာ ဆိုင်ကယ်သော့ဆိုလည်း အပြည့်ရှိတယ် ယူသွားပေတော့ ခေတ်မီးရယ် လိုလိုမယ်မယ်ဝါးကျစ်တုတ်တစ်ခုပါ ယူသွားကွာ"

ဟုဆိုကာ ဒုတ်တစ်ချောင်းကို ဆိုင်ကယ်တွင်ကန့်လန့်ဖြတ်ချိတ်၍ ကြိုးနှင့် ချည်ပေးလိုက်သေးသည်။ ဖွဲကဆိုင်ကယ်ပေါ်သို့ တက်ကာ ကျင်လည်စွာစက်နှိုးလိုက်၏။ အကောင်းစား D.T ဆိုင်ကယ်လေးသည် သူတို့ကို အသုံးတော်ခံရန် အသင့်အနေအထားဖြစ်သွားသည်။

"လာ … မသက်ထား တက်"

သက်ထားက ဆိုင်ကယ်နောက်ခုံပေါ်တွင် တင်ပါးလွှဲဝင်ထိုင်လိုက်ပြီးသည်နှင့် ဆိုင်ကယ်က လေးညှို့မှလွှတ်သော မြားတစ်စင်းလို လေကိုခွင်း၍ အရှိန်နှင့်ထွက်သွားတော့၏။

"ဝေါ … ဝရော … ဝေါ … "

သက်ထားခင်က "ဖြည်းဖြည်းမောင်းပါ သက်ထားကြောက်တယ်" ဟု သတိပေးလိုက်ပြီး လမ်းကြမ်းလာသဖြင့် ပြုတ်ကျမသွားစေရန် ဖွဲ့မြင့်မိုရ်ခါးကို ဖက်ထားလိုက်ရ၏။

ဖွဲ့မြင့်မိုရ်ကလည်း သူချစ်ရသော သက်ထားနှင့်နှစ်ယောက်အတူဆိုင်ကယ်စီးရသဖြင့် အထူးပင်ပျော်ရွှင်ကျေနပ်ကာ တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလျှောက်သွားနေရလည်း ကိစ္စမရှိဘူးဟု တွေးနေမိသည်။ မကြာမီတောစပ်သို့ရောက်လာ၏။

"ဘယ်ကိုစသွားမလဲ မသက်ထား"

"ကိုဖွဲ့ သဘောပဲလေ ... မိုးကတော့ ကိုအောင်ကျော်သူသေခဲ့တဲ့ ကျောက်တုံးကြီးနားကို သွားချင်တယ်လို့ပြောဖူးတာပဲ ... အဲဒီကိုအရင်သွားကြည့်ကြတာပေါ့ ..."

"ကောင်းတယ်"

မည်းမှောင်နေသော တောအုပ်ကိုဖောက်ထွင်း၍ အားကောင်းသော ဆိုင်ကယ်မီးသည် ဖွေးခနဲ ဖွေးခနဲ လင်းလက်ကာ ရွေ့ရှားနေ၏။ ကြမ်းတမ်းသောမြေသားလမ်းမို့ ဆိုင်ကယ်ကို အရှိန်လျှော့ကာ ခပ်မှန်မှန်ပဲ စီးလာရသည်။ ထင်းရှူးပင်များ၊ ယူကလစ်ပင်များ၊ မြို့နွယ်ပိတ်ပေါင်းများဖြင့်တောသည် ရှုပ်ထွေးနေ၏။ တောင်ကုန်းဆင် ခြေလျှောလေးအတိုင်း အောက်ဖက်သို့ အတန်ဆင်းမိလျှင် သူတစ်ရပ်ခန့်ရှိသော ကျောက်တုံးကြီးတစ်တုံးကို တွေ့ရ၏။

ဆိုင်ကယ်ကိုရပ်၍ သူတို့နှစ်ယောက်ဆင်းလိုက်ကြသည်။ ဆိုင်ကယ်မီးကိုတော့ ထွန်းထားသဖြင့် ပတ်ဝန်းကျင်ကို ထင်ရှားစွာမြင်နေရသည်။ ကျောက်တုံးကြီးတွင် လူသေခဲ့သော အမှတ်လက္ခဏာအဖြစ် သွေးကွက်ကြီးစွန်းနေသည်ကို ယခုလို အကာလညအခါ လူသူမနီးသော တောကြီးထဲ၌ မြင်ရသည်မှာ ကြောက်ရွံ့ထိတ်လန့်





ဖွယ်ကောင်းလှသည်။ သက်ထားခင်သည် ဖွဲ့အနီးသို့တိုး၍ကပ်လာ၏။ ကြောက်နေမှန်းသိ၍ သက်ထားခင်၏ လက်ကလေးကို ဖွဲ့က ဆုပ်ကိုင်ထားလိုက်သည်။ ကျန်လက်တစ်ဖက်ဖြင့် မြေကြီးကိုထိုးကြည့်၏။ သဲမြေပွပွပေါ်၌ ခြေရာများ ရှုပ်ယှက်ခတ်နေသည်။

"ကိုယ်က စုံထောက်မဟုတ်တော့ ခြေရာတွေကိုတော့ အသေးစိတ်မကြည့်တတ်ဘူး သက်ထား ... ဒါပေမဲ့ သက်ထားသူငယ်ချင်း မိုးမြတ်မြတ်မိုး ဒီနေရာကို မကြာခင်ကမှ ရောက်လာသေးတယ် ထင်တယ် ဒီမှာတွေ့လား ဒီမှာ ခြေရာတွေက လတ်လတ်ဆတ်ဆတ်ကြီးတွေပဲရှိသေးတယ်"

"ဟုတ်တယ် ... ဒီဘက်က ဖိနပ်ခြေရာက မိုးခြေရာနဲ့တူတာပဲ ဒါပေမဲ့ သူတစ်ယောက်တည်း မဟုတ်ဘူး ... တခြားခြေရာက ဘယ်သူတွေလဲ သူတို့ဘယ်ကိုရောက်သွားသလဲ"

ခြေရာများမှာ ထိုနေရာတွင်သာထင်နေပြီး မြက်ခင်းအစပ်သို့ရောက်သောအခါ မမြင်ရတော့ဘဲ ပျောက်ကွယ်သွားတော့သည်။

"ခြေရာလည်းပျောက် လူလည်းပျောက်ဖြစ်နေပြီ မသက်ထား ... ဘယ်ကိုဆက်လိုက်ကြမလဲ"

"ဒီနေရာမှာမှမရှိရင် လိုက်စရာတစ်နေရာပဲ ရှိတော့တာပေါ့"

"ဘယ်နေရာလဲ"

"မရဏာ လိုက်ခေါ်ခြင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



# မရဏာလိုက်ခေါင်း

ရွှေမိုးသောင်း တလေ

www.burmeseclassic.com

www.burmeseclassic.com



မိုးမြွတ်မြွတ်မိုးစိတ်တို့ မျောလွင့်နေသည်။ လိုဏ်ခေါင်းတစ်ခုထဲမှာ လျှင်မြန်စွာခရီးသွားနေရသလိုမျိုး၊ အာကာသယာဉ်လို လျှင်မြန်သော ယာဉ်တစ်စီးကိုစီး၍ အလွန်ရှည်လျားသော လိုဏ်ပတ်လမ်းကြီးတစ်ခုမှာ ရွေ့လျားနေရသလိုမျိုး၊ ဖြတ်ကျော်လာသော ပတ်ဝန်းကျင်ရှုခင်းများက လျှင်မြန်စွာပြောင်းလဲနေသည်။ တရိပ်ရိပ်လွင့်မျောနေသည်။ တဖြည်းဖြည်းနှင့် ကျင့်သားရသွားမှ ရွေ့လျားနေသောလိုဏ်ခေါင်းကြီးထဲတွင် မတ်တပ်ရပ်၍ တရိပ်ရိပ်ဝေးကျန်ခဲ့သောအရာများကို သတိပြု၍ ကြည့်မိသည်။ ရထားစီးလာသောအခါ ဓာတ်တိုင်များ တစ်တိုင်ပြီးတစ်တိုင်လမ်းဘေး၌ ကျန်ခဲ့သလိုမျိုး၊ တစ်ယောက်ပြီးတစ်ယောက် ကျန်ရစ်ခဲ့သူများမှာ သင်္ချိုင်းများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဆင်းသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးရှိသော သရဲ တစ္ဆေများသည် လိုဏ်ခေါင်းထဲမှာပြည့်နေ၏။ ပြတင်းပေါက်မှန်တစ်ခုသာခြားလျက် သရဲများက သူ့ကိုလည်းကောင်း၊ သူကသရဲများကိုလည်းကောင်း အပြန်အလှန်ကြည့်နေမိကြသည်။

ထိုစဉ် သူတို့စီးနင်းလာသော ယာဉ်သည် အကြောင်းတစ်ခုကြောင့် ရှေ့ဆက်မသွားတော့ဘဲ လိုဏ်ခေါင်းထဲတွင်ရပ်တန့်သွားကာ သူပါလာသော ရထားတွဲလိုတွဲကြီးကိုဖြုတ်၍ထားခဲ့ကာ စက်ခေါင်းတွဲလိုအရာသည် တမဟုတ်ချင်း မောင်းထွက်ပြေးသွားတော့၏။

ထိုအခါ လိုဏ်ခေါင်းအလယ်၌ သူတစ်ယောက်တည်းသာလျှင်ကျန်ရစ်တော့သည်။ မကောင်းဆိုးဝါးများသည် တံခါးပေါက်များကို ဖျက်သူကဖျက်၊ ပြတင်းပေါက်မှန်တံခါးကို ခွဲသူကခွဲ၍ သူ့ကိုဝိုင်းအုံလာကြသည်။

နောက်သို့တဖြည်းဖြည်း သူဆုတ်၍သွားသည်။ တရွေ့ရွေ့ဖြင့် ထောင့်ကျဉ်းထဲသို့ ဆုတ်လာခဲ့ရာ နောက်ဆုံး၌ ချောင်ထဲ၌ပိတ်မိသွားကာထပ်ပြီး ပြေးစရာမရှိတော့ပေ။ ထိုအခါ မကောင်းဆိုးဝါးများသည် ဆိုးဝါးသော ရုပ်ဆင်းသဏ္ဍာန်ရှိသည့် သူတို့ခန္ဓာကိုယ်များကို ရှေ့သို့တိုး၍ သူ့ကိုဝိုင်းဆွဲကြသည်။ တချို့က သူ့လက်ကိုဆွဲသည်။ တချို့က သူ့ခြေထောက်ကိုဆွဲသည်။ တချို့က သူ့နာမည်ကိုအော်





ခေါ်သည်။ ကြောက်ရွံ့မှုဖြင့် မျက်လုံးကိုပိတ်ထားလိုက်၏။ သူ့ခန္ဓာကိုယ်ကိုဆွဲ၍လှုပ်နေသောကြောင့် အသိဝင်လာကာ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

မြင်လိုက်ရသောမြင်ကွင်းက ပြောင်းလဲသွားသည်။ အခန်းတစ်ခု၏ မျက်နှာကျက်ကိုမြင်ရသည်။ ရထားထဲမှာ မဟုတ်တော့၊ သူ့ကိုဝိုင်းဆွဲနေသောသရဲများလည်းမရှိတော့။ မိန်းမတစ်ယောက်က သူ့မျက်နှာကိုမိုးကြည့်နေသည်။ ကြောက်လန့်ပြီး သူထထိုင်လိုက်သည်။

"သတိရလာပြီလား မိန်းကလေး"

အရပ်မြင့်မြင့်၊ အလွန်သန်မာထွားကျိုင်းပုံရသော မိန်းမကြီးတစ်ယောက်ကိုတွေ့လိုက်ရသည်။ ဒါဟာ သရဲလား လူလား သူ့မှာထိတ်လန့်နေဆဲပင်ဖြစ်သည်။

"ကျွန်မ ... ဘယ်ကိုရောက်နေတာလဲ"

"မင်း ငါ့အိမ်ကိုရောက်နေတာပဲ ... တောထဲက ကျောက်တုံးကြီးနားမှာ မင်းလဲကျနေတာတွေ့ရတယ် ... မင်းဘေးမှာလည်း အမျိုးသမီးတစ်ယောက် လက်ထဲမှာ ဒုတ်ကြီးတစ်ချောင်းနဲ့ရပ်နေတယ် သူက မင်းခေါင်းကိုရိုက်လိုက်တာပဲ ... ငါလည်းရောက်သွားရော အဲဒီမိန်းမထွက်ပြေးသွားတယ် ... ဒါနဲ့ ငါလည်း မင်းကိုပွေ့ချီပြီး ဒီကိုခေါ်လာတာပဲ"

မိုးမြတ်မြတ်မိုးသည် ထိုမိန်းမကြီးပြောစကားကို မယုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝက်ယှံတစ်ဝက်ဖြင့် နားထောင်နေရသည်။ သူ့ခေါင်းထဲမှာပူခနဲဖြစ်သွားတာ သတိရသည်။ တစ်ယောက်ယောက်က သူ့ကိုနောက်ကျောချောင်းရိုက်လိုက်တာတော့ သေချာသည်။ သို့သော် ဘယ်သူဘယ်ဝါရိုက်လိုက်သည်ဟုကား မမြင်လိုက်ရပေ။ သူ့ရှေ့တွင် ရောက်နေသော မိန်းမကြီးသည် သူ့ကိုကယ်သူလော၊ သူ့နောက်သို့တကောက်ကောက်လိုက်၍ ဒုက္ခပေးနေသော မိန်းမကြီးပင်လော၊ ဇဝေဇဝါဖြစ်နေသည်။

"ဒီကအစ်မက ... တစ်ယောက်တည်း ဒီမှာနေတာလား — ဒါက ဘယ်နေရာလဲ ... ပြီးတော့ ညကြီးမင်းကြီးတောထဲကို ဘယ်လိုလုပ်ရောက်နေတာလဲ"

"ဒီလို ငါ့တူမရဲ့ အစ်မနာမည်က မမြသက်တဲ့ ဒေါ်မြသက်ပေါ့ကွယ် ... မင်းအခုရောက်နေတဲ့ ငါ့အိမ်က တောစပ်မှာရှိတဲ့ တောင်ယာလုပ်ငန်းခွင်ထဲက အိမ်ကလေးပါ ... ဒါကအစ်မအိမ်မဟုတ်ဘူး ... အစ်မမောင်နဲ့ယောင်းမရဲ့အိမ်ပါ ... အစ်မက မန္တလေးမှာနေတယ် ... မောင်လေးလင်မယားက ရန်ကုန်မှာ လက်ဖက်ခြောက်ဈေးကောင်းရတယ်ဆိုလို့ ဈေးသွားရောင်းကြတယ် — အဲဒီမှာ သူ့သားလေးဖိုးထူးကိုစောင့်ရှောက်ဖို့ ခေါ်တာနဲ့ အစ်မက ဒီမှာခဏလာနေပေးရတာ"

"အဲဒီဖိုးထူးက အခုဘယ်မှာလဲ"

"ဖိုးထူးပျောက်နေတယ်ကွဲ့"





"ဟင် ဘယ်လိုဖြစ်တာလဲ"

"ဖြစ်ပုံက ဒီလိုကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖာတ်လမ်းက ဖိုးထူးလေး ဘောလုံးတစ်လုံးကောက်ရလာရာမှစသည်။ ဖိုးထူးသည် အသက်ဆယ်နှစ်ခန့်ကလေးတစ်ယောက်ဖြစ်သည်။ တစ်နေ့တောတောထဲတွင် ကလေးတို့သဘာဝလျှောက်သွားနေရင်း ခြုံပုတ်များကြားတွင်ရောက်နေသော သားရေဘောလုံးလေးတစ်လုံးကို တွေ့သဖြင့် ဝမ်းသာအားရ ကောက်ယူကာအိမ်သို့ပြန်လာခဲ့သည်။ အိမ်မှာသူ့အမေနှင့်အဖေတော့မရှိ၊ မန္တလေးမှ လာနေပေးသော သူ့ဒေါ်ကြီး ဒေါ်မြသက်ရှိသည်။

"ကြီးကြီးရေ သား ဘောလုံးတစ်လုံး တောထဲကကောက်တွေ့လာတယ်"

"အေး အေး ကောင်းတယ် သားဆော့ရတာပေါ့"





ထိုနေ့မှစပြီး သူတို့အိမ်နဘေးတွင် ချွတ်ခနဲ ချွတ်ခနဲ လှုပ်ရှားခြေသံမကြာခဏကြားရသည်။ တစ်ခါတစ်ရံ ကလေးတစ်ယောက်သည် သူတို့အိမ်မလှမ်းမကမ်းတွင်ရပ်ကာ သူတို့အိမ်ဘက်သို့ကြည့်နေတတ်သည်။

ညဘက်အိပ်နေစဉ် အိပ်မက်ထဲ၌

"ငါ့ဟာပြန်ပေး" ဆိုသော စကားသံများကိုလည်း ကြားလာရသည်။ သူက ဤဒေသမှမဟုတ်၍ အသိအကျွမ်းလည်း များများစားစားမရှိ၍ ဘယ်သူ့ကိုမှ သည်အကြောင်းတွေပြောမပြဖြစ်။ တစ်ခါတစ်ရံ အိမ်အနီးတစ်ဝိုက်၌ မိန်းမတစ်ယောက်ကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေတာတွေ့ရတတ်သည်။ တစ်ခါတစ်ရံ မိန်းမအနီးတွင် ကလေးတစ်ယောက်ပါသည်။ မသင်္ကာသဖြင့် အနားကို သွားကြည့်လိုက်လျှင် အမြဲတမ်းပျောက်ကွယ်သွားလေ့ရှိသည်။

ထိုသို့သုံးရက်ခန့် သူတို့အိမ်နားတစ်ဝိုက်တွင် သရဲခြောက်သလိုလို ဘာလိုလို စိတ်မသိုးမသန့်ဖြစ်နေရ၏။ ညဘက်တွင် အိပ်ခန်းထဲသို့ လူတစ်ယောက်ရောက်နေသလို ခံစားရပြီး လန့်နိုးလာတတ်သည်။ အိမ်ထဲမှာထားသောပစ္စည်းများသည် နံနက်ရောက်သောအခါ ခြေရာလက်ရာပျက်နေတတ်သည်။ မောင်ဖိုးထူးကတော့ ကလေးမို့ကြောက်ရလန့်ရမှန်းမသိ။ သူကတော့ ဘုရားကိုကသာ အချိန်ပြည့် ရှစ်ခိုးကာ တထိတ်ထိတ်ဖြင့် နေနေရ၏။

တစ်ညတွင် သူသည် အိပ်ခန်းအတွင်းမှ အသံတစ်ခုကြား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အိပ်ယာမှနိုးလာကာ ထမထိုင်သေးဘဲ အိပ်လျက်မှ ခေါင်း မြီးခြုံကိုအသာလှပ်ကာအသံလာရာအရပ်ဆီသို့ကြည့်လိုက်ရာ အလွန်အံ့ဩထိတ်လန့်သွားသည်။ မောင်ဖိုးထူး၏ ကုတင်ဘေးတွင် ချထားသော ဘောလုံးကလေးသည် ကစားသူမရှိဘဲ ရွေ့လျားနေ ၏။

လေတိုက်ခြင်း၊ ကြွက်တိုးခြင်းကြောင့်ဆိုလျှင် ဘောလုံးသည် မြေကြီး၌ ဟိုဟိုသည်သည်လိမ့်ရုံပဲဖြစ်သည်။ ယခုတော့ တစ်ခါတစ်ရံ တွင် ဘောလုံးသည် လေထဲသို့ပင်မြောက်သွားကာ မမြင်နိုင်သော လူတစ်ဦးကစားနေသည့်နှယ် မြောက်လိုက်ကျလိုက်ဖြစ်ကာ ခြေ ထောက်နှင့် ဘောလုံးထိသံပင်ထွက်လာတော့သည်။

"ဘုတ်"

"ဘုတ်"

"ဘုတ်"

ဘာဆက်လုပ်ရမှန်းမသိဘဲ ကြည့်နေရာမှ အိမ်တွင်မွေးထား သောခွေးကြီးရန်လုံ၏ ဝူးဝူးဝါးဝါးဟောင်သံ မာန်ဖီသံကြောင့် ဘော လုံးမှာမြေကြီးပေါ်သို့ ဘုတ်ခနဲကျသွားပြီး နောက်ထပ်လှုပ်ရှားမှု မတွေ့ရတော့ချေ။

သို့သော် ထိုနေ့ညနေတွင်ပဲ ဖိုးထူးလေးသည် လက်ဖက်ခြံ မှ အိမ်သို့အပြန်တွင် ... အိမ်သို့ရောက်မလာတော့ဘဲ လမ်းခုလတ် ၌ ပျောက်ဆုံးနေတော့သည်။ ထိုသို့ ဖိုးထူးသည် အိမ်သို့ပြန်ရောက်





လာကြောင်းသိသည်နှင့် ဒေါ်မြသက်သည် အလွန်စိတ်ပူသွားကာ တတ်နိုင်သမျှ ... ကလေးသွားတတ်သောနေရာများကို လိုက်လံရှာ ဖွေပါသော်လည်း စုံစမ်း၍မရဘဲရှိနေလေသည်။ ထို့ကြောင့် ဓူမ လျှော့သေးဘဲ ဓာတ်မီးတစ်လက်ဖြင့် တောတောင်အနှံ့လိုက်လံရှာ ဖွေရာတွင် တောင်ခါးပန်းအနီးကျောက်တုံးကြီးအနီးသို့ရောက်သော အခါ အမျိုးသမီးတစ်ယောက် ဒူးထောက်ငိုကြွေးနေသည်ကိုတွေ့၍ အခြေအနေကိုသိနိုင်ရန် သစ်ပင်တစ်ပင်နောက်တွင် ပုန်းအောင်း၍ အခြေအနေကိုကြည့်နေခဲ့သည်။ (ငိုကြွေးနေသူမှာ မိုးမြတ်မြတ်မိုး ဖြစ်သည်။) လရောင်ကြယ်ရောင် မိုးတဝါးသာ နေသဖြင့် ဓာတ်မီး မထိုးသော်လည်း မထင်မရှားမြင်နေရ၏။ ထိုအမျိုးသမီးငိုကြွေးတိုင် တည်နေစဉ် နောက်ထပ်မိန်းမတစ်ယောက် အသာလေးနောက်မှ ရောက်လာကာ ထိုင်နေသောမိန်းကလေး၏ ဦးခေါင်းကိုထင်းချောင်း တစ်ချောင်းဖြင့် ရိုက်လိုက်သဖြင့် မိန်းကလေး မှာလဲကျသွား၏။ ထိုအခါမှ ဒေါ်မြသက်လည်း သတိဝင်လာကာ ...

"မလုပ်နဲ့ မလုပ်နဲ့"

ဟုအော်၍ အခင်းဖြစ်ရာသို့ ပြေးသွား၏။ လက်ထဲမှ ဓာတ် မီးဖြင့်လည်း ထိုးကြည့်လိုက်ရာ လဲကျနေသော မိန်းမအနီးတွင် ထင်းချောင်းကိုကိုင်၍ရပ်နေသော ဆံပင်စုတ်ဖွားမျက်စိနီနီအဝတ် အစားစုတ်စုတ်ပြတ်ပြတ်နှင့် မိန်းမကြီးတစ်ယောက်ကိုအနီးကပ်မြင် ရလေသည်။ ဒေါ်မြသက်သည် ထိုမိန်းမ၏မျက်နှာကိုမြင်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြင်ဖူးပါသည်ဟု အောက်မေ့နေရာမှ လွန်ခဲ့သောခြောက်လ ... ကတွေ့ဖူးသော မိန်းမတစ်ယောက်ကို မှတ်မိသတိရသွားသည် ...

"ဟဲ့ ... နှင်မစိန်း မဟုတ်လား ... မန္တလေးဆေးရုံက ... ထွက်ပြေးသွားတဲ့ မစိန်းမဟုတ်ဘူးလား"

ဟုမေးလိုက်သည်နှင့် ထင်းချောင်းကိုင်၍ ရပ်နေသောမိန်း ... သည် တစ်ကိုယ်လုံးတုန်သွားကာ ထင်းချောင်းကိုလွှတ်ချပြီး အမှော ... ထဲသို့ တဟုန်ထိုးထွက်ပြေးသွားတော့၏။

လဲကျနေသောမိန်းကလေးကို စစ်ဆေးကြည့်ရာ အသက်ရှ ... နေသေးကြောင်းတွေ့ရသည်။ မိန်းကလေးသည် ဖြူဖြူသွယ်သွယ ... ဖြစ်၍ မိမိကထောင်ထောင်မောင်းမောင်းအရပ်မြင့်မြင့်ဖြစ်သဖြင့် ... ပွေ့ချီရတာသိပ်ပြီး မခက်ခဲတာကတစ်ကြောင်း၊ မိမိနေသောအိမ် ... နှင့် သိပ်မဝေးတော့တာတစ်ကြောင်းကြောင့် ထိုမိန်းကလေးအား အိမ်သို့ခေါ်လာခဲ့ခြင်းဖြစ်လေသည်။

"ဒါဆို အခေါ်က ကျွန်မကိုရိုက်လိုက်တဲ့ မိန်းမကိုသိတာပေါ့"

"သိတယ်ကွဲ့ ... သိပုံက ဒီလို အခေါ် မန္တလေးမှာနေတုန်းက အိမ်နီးချင်းမိတ်ဆွေတစ်ယောက်က စိတ်ရောဂါဖြစ်လာတာနဲ့ မန္တလေးစိတ်ရောဂါကုဆေးရုံကို လူနာမေးရောက်ခဲ့တယ် ... အဲဒီမှာ လူနာသစ်မိန်းမတစ်ယောက်ရောက်လာတယ် ... အဲဒီအမျိုးသမီးနာမည်က မစိန်းတဲ့ နာမည်က ခေါ်ရလွယ်လို့မှတ်မိနေတာ အဲဒီမိန်းမကသူ့ရော သူ့သားလေးရော ... ရထားတိုက်ခံရတာကနေ ကလေးကပွဲချင်းပြီးဆုံးသွားတဲ့အပြင် သူ့ခေါင်းမှာ ဒဏ်ရာရတော့ သာမန်အချိန်မှာကောင်းပေမယ့် တစ်ချက်တစ်ချက်စိတ်ဖောက်လာတတ်တယ် ... သူ့မှာ ဦးခေါင်းဒဏ်ရာကလည်း ရှင်းရှင်းမပျောက်သေးတော့ ... တစ်ရက်ပဲ မေးမြန်းစစ်ဆေးပြီး နောက်နေ့မှာပြန်ချိန်း





နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆေးရုံကြီးကိုပြန်လွှဲပေးလိုက်တယ် ... ဆေးရုံမှာ ကောင်းကောင်းရက်နဲ့ ကုသနေရင်းကတစ်ရက်မှာ ဆေးရုံက တိတ်တိတ်လေး ထွက်ပြေးသွားတယ်လို့ ကြားရတာပါပဲ”

“ဒါဆို ဒီမိန်းမက ယဉ်ယဉ်လေး ရဲ့ ရူးနေတာပေါ့နော်”

“ဟုတ်တယ် ... တစ်ခါတလေ စိတ်ဖောက်လာရင်တော့ နည်းနည်းဆိုးတယ်”

“ဒါဆို အစ်မ ... တူလေးကိုရော ... ကျွန်မသူငယ်ချင်းရဲ့ ညီမလေးနဲ့ ထွန်းထွန်းဆိုတဲ့ကောင်လေးကိုရော သူဖမ်းခေါ်သွားတာပဲဖြစ်မယ် ဘာပဲဖြစ်ဖြစ် ... အခုချက်ခြင်းလိုက်မယ်ဆိုရင် မီနိုင်သေးတယ် ... ကျွန်မတို့ သွားကြရအောင် သူစိတ်ဖောက်လာရင် ကလေးတွေမှာ အန္တရာယ်ရှိနိုင်တယ် ဒါမှမဟုတ် ဖွမ်ပြောကောင်း မဆိုကောင်း ကလေးတွေကို သူသတ်ပစ်လိုက်ပြီလား မသိဘူးနော်”

ဟု မိုးမြတ်မြတ်မိုးက စိတ်မကောင်းစွာပြောလျှင် ... အဒေါ်ကြီးက ...

“ဒီလောက် ဆိုးဆိုးဝါးဝါးလည်းဖြစ်ချင်မှဖြစ်မှာပါ ဘာပဲဖြစ်ဖြစ် အချိန်မီလိုက်နိုင်ရင်တော့ ကောင်းတာပေါ့ ဒါထက် ဘယ်ကိုလိုက်ကြရင်ကောင်းမလဲ ကျွန်မကလမ်းမသိဘူး”

“ကျွန်မသိတယ် ... ဥမင်လိုဏ်ခေါင်းကြီးထဲမှာ ရှိလိမ့်မယ်ထင်တယ်”





ဖွဲ့မြင့်မိုရ်နှင့် သက်ထားခင်သည် လိုဏ်ခေါင်းကြီးရှိရာ တောင်ကုန်းဘက်ကို မှန်းဆ၍ ဆိုင်ကယ်ကိုမောင်းလာခဲ့ရာ မှောင်ကြီးမည်းကြီး၌ တောတောင်ထဲတွင်သွားရခြင်းဖြစ်၍ မျက်စေ့လည်ကာ မဖြစ်စဘူးတဝဲလည်လည်ဖြစ်နေသေးသည်။ သစ်ပင်များမှာလည်း လေမတိုက်ဘဲ ယိမ်းထိုးလှုပ်ရှားနေကြသည်။

“ဘာဖြစ်တာလဲ မသိဘူး”

ဟု သက်ထားခင်က စိုးရွံ့စွာပြောသည်။

“တောချောက်တာ ထင်တယ်”

“ဟုတ်မယ် ဒီနေရာက မြန်မြန်သွားကြရအောင်”

ထိုနေရာမှ သူတို့အမြန်ထွက်လာကြ၏။ သို့သော် ဆိုင်ကယ်မှာ ဘာဖြစ်သွားသည်မသိ လီဗာတင်သော်လည်းအရှိန်နှင့်မပြေး



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ခပ်ဖြည်းဖြည်းသာသွားတော့သည်။

"ဘာဖြစ်တာလဲ ကိုဖွဲ့မြင့်မိုရ်"

"ဂီယာညပ်သွားတယ်ထင်တယ်"

ထိုသို့ဖြည်းဖြည်းမောင်းလာရာ ညောင်ပင်ကြီးတစ်ပင်အောက်သို့အရောက်တွင် ဖွဲ့မြင့်မိုရ်ကို တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သလိုဖြစ်သွားပြီး လူရောဆိုင်ကယ်ရော မှောက်သွားတော့သည်။ သက်ထားခင်နှင့် ဖွဲ့သည် လမ်းဘေးသဲမြေနီပေါ်သို့ တစ်စောင်းလဲကျသွားကြသည်။ ရုတ်တရက် ဆိုင်ကယ်မှာလဲကျသွားခြင်းဖြစ်၍ အရှိန်ကြောင့် မြေကြီးနှင့်ရိုက်မိကာ နာသွားခြင်းမှတပါး အကြီးအကျယ်အနာတရဖြစ်ခြင်းကား မရှိပေ။

ဖွဲ့က သူ့ဘေးတွင် ခွေခွေလေးလဲကျနေသော သက်ထားခင်လက်ကိုဆွဲကာ ထူလိုက်သည်။

"ဘာဖြစ်သွားသေးလဲ သက်ထား"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး ... ကိုဖွဲ့ရော"

"ကျွန်တော်လည်း ဘာမှမဖြစ်ဘူး ... တကယ်ထဲမှာ ... တစ်ယောက်ယောက်က နင်ဘတ်ကိုဆောင့်တွန်းလိုက်သလိုပဲ"

"ကျွန်မတို့ လိုဏ်ခေါင်းကိုသွားကြည့်မှာကို မလိုလားတဲ့ ဝိညာဉ်ကနှောင့်ယှက်နေတာဖြစ်ရမယ် ... ကျွန်မမှာ ပရိတ်ကြိုးပါတယ် ... မကောင်းဆိုးဝါးတွေ ပရိတ်တန်ခိုးကြောင့် ဘာမှအနှောက်အယှက်မပေးနိုင်ဘူးလို့ထင်တယ် ... ရော့ကိုဖွဲ့မြင့်မိုရ် ... ပရိတ်ကြိုးတစ်ကုံးဆွဲထားလိုက် ကျွန်မမှာအပိုပါတယ်"





ဆိုင်ကယ်ကိုစစ်ဆေးကြည့်သောအခါ ဘာယ်လိုမှစက်နိုး၍မရတော့ပေ။

"ကဲ ... ဒီမှာပဲ ဆိုင်ကယ်ကိုထားခဲ့ပြီး မနက်ကျမှ လာယူတာပေါ့ ... လိုဏ်ခေါင်းနားကိုရောက်ကာလည်းနီးနေပြီပဲ ခြေလျင်ပဲလျှောက်ကြရအောင်"

ဤသို့ဖြင့် ဖွဲ့မြင့်မိုရ်နှင့် သက်ထားခင်သည် မှောင်ကြီးမည်းကြီး၌ ဓာတ်မီးအလင်းရောင်ကိုအားကိုးကာ တရွေ့ရွေ့ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။

ထိုအချိန်၌ မိုးမြတ်မြတ်မိုးနှင့် ဒေါ်မြသက်သည်လည်း တောတောင်လျှိုမြောင်ကိုဖြတ်ကာ ဓာတ်မီးကိုယ်စီဖြင့် လျှောက်လာခဲ့ကြ၏။ ဒေါ်မြသက်တို့အိမ်မှ အိမ်စောင့်ခွေးကြီးရန်လုံလည်း အစွယ်ဖွေးဖွေး လည်ဆံမွေးဖွားဖွားဖြင့် သူတို့နှင့်အတူလိုက်လာ၍ တစ်မျိုးအားတက်ရသည်။

တစ်နေရာသို့ရောက်သောအခါ ခွေးသည် ရှေ့ဆက်မသွားဘဲ ခြာလပတ်ယမ်းကာ အနံ့ခံနေ၏။ ထိုနေရာမှာ ညောင်ပင်ကြီးတစ်ပင်နားတွင်ဖြစ်သည်။ ခွေးသည်တစ်ချက်နှစ်ချက်ဟောင်လိုက်ပြီး သူတို့ရှိရာသို့ ပြန်ပြေးလာ၏။ ခွေးဟောင်သံကြောင့် သစ်ပင်ထက်တွင် အိပ်တန်းတက်နေသော ငှက်တို့လန့်ပြီး ထပျံပြေးကြသည်။

ခွေးသည် ရှေ့သို့တက်လိုက်နောက်သို့ပြန်ပြေးလာလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လှူးလာခေါက်တုန့်ဖြစ်နေသည်။ သူတို့လည်း ခြေလှမ်းသွက်သွက် လှမ်း၍ ရှေ့သို့သွားကြည့်သောအခါ ညောင်မုတ်ဆိတ်ပင်ကြီးအလွန် တွင် သဲထဲ၌ ဒေါက်ထောက်၍အကျအနထောင်ထားသော ဆိုင်ကယ် တစ်စီးကို တအံ့တဩတွေ့လိုက်ရ၏။

"ဟဲ့ … မော်တော်ဆိုင်ကယ်ကြီးပါလား တောထဲမှာ ညကြီး မင်းကြီး ဘယ်သူ့ဟာပါလိမ့်"

"ကျွန်မလည်း မသိဘူးအစ်မ … ဘယ်ကနေဘယ်လို ဒီကို ရောက်လာပါလိမ့် … ဆန်းတော့ဆန်းတယ် လာလိုက်ကြည့်ရ အောင်"





ဖွဲ့နှင့်သက်ထားခင်သည် လိုဏ်ဂူဝတွင်ရပ်လိုက်ကြ၏။ လိုဏ် ခေါင်းသည် မည်းမှောင်တိတ်ဆိတ်နေလေသည်။ ယနေ့ညတော့ ကာလရှည်ကြာဖြစ်ပေါ်လာသော စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များ၏ ပုစ္ဆာကို မရအရရှာဖွေရတော့မည်ဟု သူတို့စိတ်၌ နိုင်မာစွာစိတ်ပိုင်း ဖြတ်ထားလိုက်ကြသည်။ ညသည်ကား လေတဝူးဝူးတိုက်ကာ အေး စိမ့်လာ၏။

လိုဏ်ခေါင်းဝ၌ရပ်လိုက်သည်နှင့် ကလေးငိုသံသဲ့သဲ့ကို စတင် ကြားရသည်။ သူတို့နှစ်ယောက်တစ်ယောက်မျက်နှာကို တစ် ယောက်ကြည့်လိုက်ကြသည်။ ထို့နောက် သတိကြီးစွာထားကာ လိုဏ်ခေါင်းထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့မိ၏။ ခြေတစ်လှမ်းချလိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း သူတို့ခြေသံသည် လိုဏ်ခေါင်းအနှံ့ပဲ့တင်ရိုက်ကာ သူတို့ထံသို့ ပြန်လာ၏။ ဓာတ်မီးအလင်းရောင်ကြောင့် ဖြစ်ပေါ်လာသောအရိပ် များသည် လိုဏ်ခေါင်းအတွင်းရှည်မျောမျောသဏ္ဍာန်များ ဖြစ်နေကြ ၏။

ကြွက်များကလှစ်ခနဲ လှစ်ခနဲ ဖြတ်ပြေးသွားကြသည်။ လိုဏ် ခေါင်းအလည်ပိုင်းလောက်သို့ရောက်သောအခါ ရုတ်တရက် အပုပ် နံ့သည် ထောင်းခနဲထလာ၏။ ဤသို့ ပုပ်စော်နံခြင်းသည် ရုတ်တရက် ပေါ်လာခြင်းဖြစ်၍ သွေးရိုးသားရိုးကားဟုတ်ဟန်မတူချေ။ ဤည သည် ထူးခြားသောညဖြစ်သည်။ လိုဏ်ဂူအဆုံးဘက်ဆီမှ ဝုန်းခနဲ ဝှမ်းခနဲပစ္စည်းတစ်ခု မီးရထားသံလမ်းပေါ်သို့ လွှတ်ချလိုက်သံလိုလို အသံတစ်ခုကိုကြားရ၏။ သူတို့သည် ပရိတ်ကြိုးများကိုယ်စီလည်ပင်း၌ စွပ်ထားသဖြင့် သရဲသည် ကိုယ်ထိလက်ရောက်နှောင့်ယှက်၍ မရတော့ဘဲ အသံပေး၍နေသလောဟု တွေးမိသည်။ ဆယ့်ငါးမိနစ် ခန့်ကြာလျှင် လိုဏ်ခေါင်း၏တစ်ဖက်အစွန်းသို့ရောက်သွား၏။

ဘာမှထူးခြားတာမတွေ့သဖြင့် မကျေနပ်နိုင်။ လိုဏ်ခေါင်း ၏ လျှို့ဝှက်ချက်မှာဘာဖြစ်သလဲ။ ကလေးတွေဘယ်ရောက်နေသ လဲ။ သရဲသားအမိဘယ်ရောက်သွားပြီလဲ။ အတွေးတို့ရှုပ်ထွေးကာ လိုဏ်ခေါင်းထဲသို့တစ်ခေါက်ပြန်ဝင်လာခဲ့၏။ လိုဏ်ခေါင်းအလည်သို့ ရောက်သောအခါ အပုပ်နံ့ရပြန်သည်။ ဒီတစ်ခါတော့ ရှောင်ထွက်မ လာခဲ့တော့ဘဲ အပုပ်နံ့ပေးနေသောနေရာကို ဇွဲစေ့စပ်စပ်ရှာဖွေ





သည်။ ပတ်ဝန်းကျင်ကို သေသေချာချာသွားကြည့်သော်လည်း ဘာ မှထူးခြားတာမတွေ့ရ။ လိုဏ်ခေါင်းဝ၌ လူတစ်ယောက်ဖြတ်ပြေး သလို ရိပ်ခနဲမြင်လိုက်ရ၏။ ထိုအရိပ်ကို အာရုံဖြတ်လိုက်ပြီး ကြည့် လက်စ ဂူအလယ်ပိုင်းကိုသတိထားပြီး စစ်ဆေးကြည့်သည်။

မြေပြင်

ဖလီဖားတုံးများ

ရထားသံလမ်း

မျက်နှာကျက်

အုတ်နံရံ

ဘာမှ မသင်္ကာစရာမရှိ။ ကြာတော့ မျက်စိညောင်းကာ လူ ကမောလာသည်။ ထို့ကြောင့် အုတ်ခဲများကို အင်္ဂတေဖြင့် အချော မကိုင်ဘဲ ဒီအတိုင်းကာထားသော လိုဏ်ခေါင်းနံရံကိုကျောမှီလိုက် ပြီး အမောဖြေလိုက်သည်။ ထိုသို့ကျောမှီလိုက်သည်နှင့် တပြိုင်နက် သက်ထားခင်ကျောဖက်မှ တစ်စုံတစ်ခုသည် လှုပ်ရှားသွားပြီး လူမှာ လည်း သိမ့်ခနဲလှုပ်သွား၏။

ကပျာကယာနောက်သို့ ပြန်လှည့်ကြည့်လိုက်တော့ သူကျော မှီထားသောနံရံသည် ဆုံလည်တံခါးတစ်ခုလိုလည်၍ ပွင့်သွားသည် ကို ရင်သပ်ရှုမောထူးဆန်းစွာ တွေ့မြင်ရလေသည်။ လိုဏ်ခေါင်းထဲ တွင် လျှို့ဝှက်တံခါးရှိမှန်းမသိသော ဖွဲ့မြင့်မိုရ်လည်းပွင့်သွားသော တံခါးကို တအံ့တသြကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်သွားသောဆုံလည်အုတ်တံခါးမှ သက်ထားခင်အတွင်းဘက်သို့ ဝင်သွားလိုက်သည်။

"သက်ထား ... သတိထား"

ဟု ဖွဲ့ကလှမ်း၍ သတိပေးသည်။ ဝင်ပေါက်၌တွေ့ရသည်မှာ အောက်ဖက်သို့ဆင်းသော အုတ်လှေကားထစ်များဖြစ်သည်။ လှေကားထစ်များဆုံးလျှင် အခန်းတစ်ခုကိုတွေ့ရပြီး ထိုအခန်းတွင် ပိတ်မထားသော တံခါးတစ်ပေါက်ရှိသည်။ ကျယ်ဝန်းသော မြေအောက်ခန်းကြီးတစ်ခုကိုတွေ့ရသဖြင့် သူတို့အံ့သြမိသည်။ အလင်းရောင်နှင့်လေဝင်လေထွက်ရရန်လည်း တောင်နံရံကိုဖောက်ထွင်း၍ အပေါက်ကလေးများဖောက်ကာ စနစ်တကျစီမံထားသည်။

အမှန်စင်စစ် ဗြိတိသျှတို့ ဤရထားလမ်းနှင့်လိုဏ်ခေါင်းကြီးကို (၁၈၉၇) ခုနှစ်တွင် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဗြိတိသျှတို့မှာ အုပ်ချုပ်သူ လူတန်းစားများဖြစ်နေကြသော်လည်း နောင်တစ်ချိန်၌ စစ်ရှုံး၍ ၎င်းတို့မြန်မာပြည်မှ ထွက်ခွာခဲ့ရလျှင် အခက်အခဲကြုံလာသော အရာရှိများ ပုန်းခိုနိုင်ရန် လျှို့ဝှက်ပုန်းခိုကျင်းများကို နေရာအနှံ့ထည့်သွင်းတည်ဆောက်ကာ ထိုကိစ္စကို အရာရှိကြီးများမှ တစ်ပါး အထူးလျှို့ဝှက်ထားခဲ့ကြဟန်တူလေသည်။ ဂျပန်ခေတ်အတွင်းမှာပင် ဤလျှို့ဝှက်ခန်းကို အင်္ဂလိပ်စစ်ဗိုလ်များ စစ်ပြေးရာ၌ အသုံးပြုကောင်းအသုံးပြုခဲ့ပေလိမ့်မည်။ သို့သော် ဗြိတိသျှတို့ နေမဝင်အင်ပါယာဟာ ပြိုကွဲပြီး မြန်မာပြည်မှ အပြီးအပိုင်





ဆုတ်ခွာရသောအခါ ဤမြေအောက်ခန်း၏လျှို့ဝှက်ချက်မှာ ၎င်းတို့နှင့်အတူပျောက်ကွယ်ခဲ့ရခြင်းဖြစ်သည်။

လှေကားထစ်များမှာ အိုမင်းဆွေးမြေ့လုပြီဖြစ်သဖြင့် တစ်ထစ်ခြင်း သတိထားကာဆင်းရ၏။ မြေအောက်ခန်းသို့ရောက်သောအခါ တံခါးတစ်ခုကိုထပ်တွေ့ရ၏။ အတွင်းခန်းတစ်ခုရှိသေးသည့်သဘောဖြစ်သည်။

အတွင်းခန်းထဲသို့ ဓာတ်မီးဖြင့်ကြည့်လိုက်သောအခါ ကြမ်းပေါ်တွင် ကွေးကွေးကလေးအိပ်နေကြသော ကလေးသုံးယောက်ကို တွေ့သဖြင့် ထခုန်မတတ် ဝမ်းသာသွား၏။

"ညီမလေး ... ညီမလေး ... သဲစုကျော်"

သူ့ခေါ်သံကြောင့်အိပ်နေသော ကလေးများခေါင်းထောင်ကြည့်ပြီး ကြောင်တောင်တောင်နှင့် ငေးကြည့်နေ၏။ ထိုအခါမှ သက်ထားခင်က လက်နှိပ်ဓာတ်မီးကိုပိတ်လိုက်ပြီး သူ့မျက်နှာကို မြင်သာအောင် ဓာတ်မီးရောင်ဖြင့် ပြလျက် ...

"ညီမလေး ... မမလေ ... မမ" ဟုပြောလိုက်၏။ ထိုအခါမှ သဲစုကျော်သည် သူ့အစ်မကို ဝမ်းသာအားရပြေးဖက်၍

"မမရေ... ဟိုမိန်းမကြီးလာတော့မယ် ဒီကနေ မြန်မြန်ပြေးရအောင်" ဟု ဆိုလိုက်၏။

"လာပါစေကွယ် ... သူကတစ်ယောက်တည်း တို့ကအများပဲ ဘာလို့ကြောက်ရမှာလဲ" ဟု သူ့ညီမနှင့်အခြားကလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်သိမ့်လိုက်၏။

"အဲဒီမိန်းမကြီးဆိုတာ ဘယ်သူလဲ သရဲလား ညီမလေး"

"သရဲမဟုတ်ဘူး မမရဲ့ သူကြည့်ရတာ ရူးနေတယ်နဲ့တူပါတယ် သမီးတို့ကိုလည်း သူ့ရဲ့သားသမီးတွေတဲ့ သူနဲ့အတူတူနေရမယ်တဲ့ ... ထွက်ပြေးရင် သတ်ပစ်မယ်လို့လည်း ပြောတယ် ... ထွက်ပြေးချင်ပေမယ့် တံခါးမဖွင့်တတ်တော့ ပြေးပေါက်ကိုမတွေ့ဘူး"

"ဟုတ်တယ်ဒေါ်လေးရဲ့ ဒီမိန်းမကြီးက အရူးကြီးဗျ ... တစ်ခါတစ်လေကျ တစ်ယောက်တည်းစကားတွေပြောနေတယ် ... သူ့သားနဲ့ စကားပြောနေတာ နင်တို့အသာနေကြလို့လည်း ပြောသေးတယ်၊ သူ့သားကတော့ သရဲဖြစ်နေတယ်ထင်တယ်"

ဟု ထွန်းထွန်းလေးက ဝင်ရှင်းပြ၏။

"သမီးတို့သားတို့ကို ထမင်းရော ကျွေးရဲ့လား ... ရေရော သောက်ရရဲ့လား"

"ကျွေးတယ် ... ဘယ်ကဘယ်လိုယူလာတာလဲ မသိဘူး ... ထမင်းကျန် ဟင်းကျန်တွေတော့ စားရပါတယ် ... ရေလည်းသောက်ရတယ် ... ဟိုမှာရေအိုးတစ်လုံး ထားပေးတယ်"

"အင်း တော်ပါသေးရဲ့ ကလေးတွေကို ဘာမှမလုပ်လို့ ကေန္တီအရူးမက သူ့ကလေးသေသွားတာနဲ့ ကလေးရူးရူးနေတာဖြစ်မှာပဲ ကဲ လာ အားလုံးသွားကြစို့"





ကလေးများလက်ကိုဆွဲ၍ သူတို့အခန်းထဲမှ ထွက်လာကြသည်။

လှေကားပေါ်မှ ခြေဖော့၍တက်စဉ် မည်းမည်းသဏ္ဌာန်တစ်ခုသည် ဖြုန်းခနဲ သက်ထားခင်ကိုယ်ပေါ်သို့ မှောင်ရိပ်ထဲမှ ခုန်အုပ်လိုက် သည်။

အမှတ်တမဲ့မို့ သက်ထားခင်သည် လှေကားပေါ်မှ အောက်သို့လိမ့်သွား၏။ အပေါ်မှခုန်ချသော အရှိန်ကြောင့် အိုမင်းဟောင်းနွမ်းနေသော အုတ်လှေကားများ အချို့တဝက်ပြိုကျသွားပြီး အောက်သို့ပြုတ်ကျသွား၏။ သက်ထားခင်လက်ထဲမှ ဓာတ်မီးမှာလည်း လွတ်ကျသွားသဖြင့် မြင်ကွင်းမှာ မသဲကွဲဘဲရှိသည်။ သူ့ထံသို့ ချည်းကပ်လာသောမည်းမည်းသဏ္ဌာန်အရာဝတ္ထုတစ်ခုကို ဝိုးတဝါး တွေ့ရ၏။

ကလေးများကို ဖွဲမြင့်မိုရ်က လှေကားအပေါ်ဘက်သို့ ဆွဲတင်ပေးနေသဖြင့် သူ့ကိုမကူအားပေ။

ထိုမည်းမည်းသဏ္ဌာန်အရာဝတ္ထုက သက်ထားခင်ရှိရာသို့ တရကြမ်းပြေးဝင်လာပြန်သည်။ ရှောင်၍မရဘဲ သူတို့နှစ်ယောက် လုံးထွေးသွားသည်။ တစ်ယောက်နှင့်တစ်ယောက်လုံးထွေးနေရင်းမှ သူ့ကိုတိုက်ခိုက်နေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း သတိထားမိလာ၏။

တစ်ယောက်ကိုတစ်ယောက်ဆုပ်ကိုင်၍ တွန်းထိုးနေကြရာမှ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲတွင်ဖြစ်၍ သက်ထားခင်လဲကျသွားသည်။ ထိုအခါ ထိုမိန်းမသည် သက်ထားခင်၏ ကိုယ်ပေါ်တွင်ခွ၍ ရပ်ကာတစ်စုံတစ်ခုဖြင့် ရိုက်ရန်လက်ကို မြှောက်လိုက်၏။

ထိုစဉ် ဓာတ်မီးအလင်းရောင်တစ်ခုသည် ထိုအမျိုးသမီး၏ မျက်နှာပေါ်သို့ လင်းထိန်စွာ ကျလာ၏။ ထို့နောက်

"ခွပ်"

"အင့်"

ဆိုသောအသံများကို ဆက်တိုက်ကြားရပြီး သက်ထားခင်တို့ ရန်မူနေသော အမျိုးသမီးသည် ကြမ်းပေါ်သို့ ဝုန်းခနဲလဲကျသွား၏။ ဓာတ်မီးရောင်ကြောင့် အခန်းထဲမှာပို၍ ထင်သာမြင်သာရှိလာသည်။

လဲကျနေသော အမျိုးသမီးဘေးတွင် မိုးမြတ်မြတ်မိုးသည် သူ့ညာဘက်လက်ကို ဘယ်လက်ဖြင့်အုပ်ကိုင်၍

"အားလားလား နာလိုက်တာ"

ဟုအော်နေ၏။ သက်ထားခင်ကို ရန်မူနေသူအား မိုးမြတ်မြတ်မိုးက လက်သီးစာကျွေးလိုက်ခြင်းဖြစ်သည်။

မိုးမြတ်မြတ်မိုးနှင့်အတူပါလာသော ဒေါ်မြသက်သည် လဲကျနေသော အမျိုးသမီးမျက်နှာကို ဓာတ်မီးဖြင့်ထိုးကြည့်ကာ

"ငါထင်တဲ့အတိုင်းပဲ ... သူဟာ မစိန်းပဲဟဲ့" ဟု ပြောလိုက်၏။

"အသက်ရှောရှိသေးရဲ့လား"





"ရှိပါတယ် အချိုက်ကိုအထိုးခံလိုက်ရလို့ မေ့သွားတာပါ"

မကြာမီ မြေအောက်ခန်းထဲမှ သူတို့ထွက်နိုင်ခဲ့သည်။ လိုဏ်ခေါင်းထဲသို့ရောက်သောအခါ ရွာမှလိုက်လာသော လူကြီးများနှင့် စာရေးကြီးကိုလှချိုကိုတွေ့ရ၏။

"ငါ မင်းတို့ကို စိတ်မချလို့ လိုက်လာတာကွ မင်းကတော့ကွာ တကယ့်ကောင်ပဲ မရဏလိုဏ်ခေါင်းရဲ့ လျှို့ဝှက်ချက်ကိုဖော်လိုက်ပြီကိုးကွ"

"ကျွန်တော်ဖော်တာမဟုတ်ပါဘူး ... သက်ထားခင်ကြောင့်ပါ"

တာဝန်ရှိသူများသည် သတိရလာပြီဖြစ်သော မစိန်းဆိုသည့် အမျိုးသမီးကို ရဲစခန်းသို့အပ်နှံရန်ခေါ်ဆောင်သွား၏။ စိတ်မနှံ့ကြောင်း ဖော်ထုတ်တွေ့ရှိပါက ရဲစခန်းမှတဆင့် ရန်ကုန်စိတ်ရောဂါကု ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးပေလိမ့်မည်။ မိဘများကား သူတို့ကလေးများနှင့်ပြန်တွေ့ရသဖြင့် အလွန်ဝမ်းမြောက်နေတော့သည်။

"ဒီမြေအောက်ခန်းတံခါးကို အရူးမ မစိန်းကဘယ်လိုလုပ်တွေ့ခဲ့ပါလိမ့်"

"သူလည်း ကျွန်မလိုပဲ မတော်တဆတွေ့ခဲ့တာထင်ပါတယ်" ဟု သက်ထားခင်က ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# နိဂုံး

ရွှေမိုးသောင်း တာလေ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး သုံးရက်ကြာသော နေ့တွင်ဖြစ်သည်။

ကျောက်မဲပြည့်သူ့ဆေးရုံကြီး၏ အထွေထွေရောဂါကုသ ဆောင်ထဲတွင် ဆရာဝန်ကြီးသည် အမျိုးသမီးလူနာတစ်ယောက် အား စမ်းသပ်စစ်ဆေးနေ၏။

"သက်သာလာပါပြီ … ဒေါ်ဖွားခင် ဆေးရုံကဆင်းမယ်ဆိုရင် ဒီနေ့ပဲ ဆင်းလို့ရပါပြီ"

ဟု မှတ်ချက်ပေးသဖြင့် အခန်းထဲတွင်ရှိနေသော လူများ အားလုံးအားရရွှင်လန်းသွားကြ၏။ သက်ထားခင်နှင့် သဲစုကျော် သည် သူတို့မိခင်ကို ဖက်ထားလိုက်ပြီး

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့သားအမိသုံးယောက် ဘယ်တော့မှ မခွဲဘဲအိမ်မှာ အတူတူနေကြရတော့မယ်နော် သမီးပျော်လိုက်တာ" ဟု ပြောလိုက်၏။

"အမေလည်း သမီးတို့နဲ့အတူအိမ်ပြန်ရမယ်ဆိုတော့ ပျော်တာပေါ့ကွယ် ... ဪ ... ဒါနဲ့ သူကဘယ်သူလဲကွဲ့"

ဟု အနားတွင်ရပ်နေသော လူနာမေးလိုက်လာသည့် ဇွဲမြင့်မိုရ်ကို ဒေါ်ဖွားခင်ကမေးလိုက်သည်။

"သူက ကိုဇွဲမြင့်မိုရ်တဲ့ မီးရထားဌာနက ဝန်ထမ်းတစ်ယောက်ပဲ ... ညီမလေးပျောက်သွားတုန်းက လိုက်ရှာပေးပြီး အစအဆုံးလိုက်ပြီးကူညီတာ သူနဲ့မိုးမြတ်မြတ်မိုးပေါ့"

"အေးပါ မောင်ရင်ရယ် အဒေါ်မရှိတုန်း ခုလိုစောင့်ရှောက်တာ ကျေးဇူးတင်ပါတယ်"

ထိုအခါ ဇွဲမြင့်မိုရ်သည် ဆရာမလေး သက်ထားခင်အနားသို့ကပ်၍

"သက်ထား ဟိုကိစ္စပြောလိုက်တော့လေ"

ဟု သတိပေးလိုက်လျှင် သက်ထားခင်က ဇွဲမြင့်မိုရ်ကို မနာအောင် တံတောင်နှင့်တွတ်လိုက်၏။

"အမေ့ကို ပြောစရာရှိတယ် ... သိတင်းကျွတ်ရင် ကိုဇွဲမြင့်မိုရ်က သမီးကို မိဘသားဖသားပီပီတောင်းရမ်းလက်ထပ်ချင်တယ်တဲ့ အဲဒါ အမေ့ သဘောထားကိုသိပါရစေ"





ဇွဲမြင့်မိုရ်က တထိတ်ထိတ်ဖြင့် အဖွားကြီးစကားကိုစောင့်စားရ၏။

"သမီး သင့်လျော်မယ်ထင်လို့ ရွေးချယ်တဲ့လူကို အမေ ကန့်ကွက်ဖို့ မရှိပါဘူးကွယ်"

ဇွဲမြင့်မိုရ် မျက်နှာမှာ ဝမ်းသာမှုဖြင့် ဝင်းထိန်သွားသည်။

"ပြန်ကြရအောင် ကိုယ်လည်းမနက်ဖြန်ကျ ဘူတာနဲ့လိုက်ခေါင်းထဲမှာ သံဃာတော်တွေပင့်ပြီး ပရိတ်ရွတ်ဖို့စီစဉ်ရဦးမယ်"

အိမ်ပြန်ရန် ပစ္စည်းများသိမ်းနေကြစဉ် ကားလေးတစ်စီးသည် ဆေးရုံထဲသို့ အပြင်းမောင်းဝင်လာ၏။ ကားပေါ်ခုန်ဆင်းလာသူမှာ လက်မှတ်ရောင်းစာရေးကြီးကိုလှချိုဖြစ်သည်။ ကိုလှချိုက ဆေးရုံပေါ်သို့ အမောတကောပြေးဝင်လာပြီး

"မင်းသိပြီးပြီလား ဇွဲမြင့်မိုရ် ... အရူးမ မစိန်းကို ကားနဲ့ မန္တလေးစိတ်ရောဂါဆေးရုံကြီးကိုပို့တာ လမ်းမှာကားမှောက်လို့ လူတွေဒဏ်ရာရသွားကြတယ်ကွ"

"မစိန်ရော သေသွားသေးလား ..."

"သူ့ကိုရှာမတွေ့ဘူး အချို့က အလောင်းချောက်ထဲကျသွားလို့မတွေ့တော့တာလို့ပြောကြတာပဲ ငါကတော့ ဒီလိုမထင်ဘူး"

"ကိုလှချိုက ဘယ်လိုထင်လို့လဲ"

"ငါထင်တာတော့ မစိန်းဒီတစ်ခါလည်း ထွက်ပြေးသွားပြီပြီ ထင်တယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ..."

ဟူသော အာမေဋိတ်သံကြီးသည် သက်ထားခင်၊ ဇွဲမြင့်မိုရ်နှင့် သဲစုကျော်တို့ထံမှ တညီတညွတ်တည်းကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ကျန်းမာချမ်းသာကြပါစေ ...

**နေမင်းရောင်ခြည်**



BURMESE CLASSIC .com


'မင်းနဲ့ငါနဲ့ကြားမှာ
တွေဝေခြင်းတွေခြားလို့
ခပ်ဝါးဝါးတွေ့နေနိုင်တဲ့ သံယောဇဉ်ဆိုတာ
ဘယ်မှာလာကယ်နိုင်တော့လို့လဲ ...'
(အချစ်ကိုမျက်နှာမူ၍ ...)

တချို့က အချစ်ကို ရေးတယ်
တချို့က ဘဝကို ရေးတယ်
နှလုံးသားထဲက လျှံကျလာတဲ့ ရင်ခုန်သံသွေးတွေဟာ
မင်အဖြစ်ကိုပြောင်းပြီး ဒီဝတ္ထုတွေကို ရေးခဲ့ပါတယ်။

# သရဖူ

လုံး ချင်း အချစ် ဝတ္ထု သစ် များ

နွေမိုးဆောင်းစာပေမှ ထွက်ပါတော့မည်။


www.burmeseclassic.com